50 SHADES OF FEDERALISM

Hanns Seidel Foundation

Myanmar Office

SHADES OF FEDERALISM

ဖက်ဒရယ်စနစ် အသွင်များ

Volume 2

Divide to rule? Federal Innovation (and its lack) in South Asia
ပိုင်းခြားအုပ်ချုပ်ခြင်းလော ။
တောင်အာရှအတွင်း ဖက်ဒရယ်စနစ်အား ဆန်းသစ်ခြင်း
(နှင့် ယင်းသို့ ဆန်းသစ်မှု မရှိခြင်း)

Nigeria: A Federation in Search of Federalism
နိုင်ဂျီးရီးယား · ဖက်ဒရယ်စနစ်အား ရှာဖွေဆဲ ဖက်ဒရေးရှင်းတစ်ခု

Is Spain a Federal Country?
စပိန်နိုင်ငံသည် ဖက်ဒရယ်နိုင်ငံတစ်ခု ဖြစ်သလော

Belgium: The Short Story of a Long History of (In)Stability
ဘယ်လ်ဂျီယံ · နိုင်ငံရေး(မ)တည်ငြိမ်မှု သမိုင်းကြောင်းရှည်တစ်ခု၏ အနှစ်ချုပ်

A Federation like no other: The Case of Bosnia and Herzegovina
တစ်မူထူးခြားသည့် ဖက်ဒရေးရှင်းတစ်ခု · ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနား၏ ဖြစ်စဉ်

SHADES OF FEDERALISM

ဖက်ဒရယ်စနစ် အသွင်များ

Volume 2

Divide to rule? Federal Innovation (and its lack) in South Asia
ပိုင်းခြားအုပ်ချုပ်ခြင်းလော ။
တောင်အာရှအတွင်း ဖက်ဒရယ်စနစ်အား ဆန်းသစ်ခြင်း
(နှင့် ယင်းသို့ ဆန်းသစ်မှု မရှိခြင်း)

Nigeria: A Federation in Search of Federalism
နိုင်ဂျီးရီးယား - ဖက်ဒရယ်စနစ်အား ရှာဖွေဆဲ ဖက်ဒရေးရှင်းတစ်ခု

Is Spain a Federal Country?
စပိန်နိုင်ငံသည် ဖက်ဒရယ်နိုင်ငံတစ်ခု ဖြစ်သလော

Belgium: The Short Story of a Long History of (In)Stability
ဘယ်လ်ဂျီယံ - နိုင်ငံရေး(မ)တည်ငြိမ်မှု သမိုင်းကြောင်းရှည်တစ်ခု၏ အနှစ်ချုပ်

A Federation like no other: The Case of Bosnia and Herzegovina
တစ်မူထူးခြားသည့် ဖက်ဒရေးရှင်းတစ်ခု- ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနား၏ ဖြစ်စဉ်

ISBN	978-99971-0-510-3
Publisher	© 2018, 50 Shades of Federalism Dr. Soeren Keil Canterbury Christ Church University, Politics and IR North Holmes Road, Canterbury, CT1 1QU, United Kingdom © 2018, Hanns Seidel Foundation Myanmar Office Unit 7, Inya Lake Hotel 37 Kaba Aye Pagoda Road, Yangon Republic of the Union of Myanmar Tel.: +95 1 66 72 25 Email: myanmar@hss.de Online: https://southeastasia.hss.de/myanmar
Chairwoman	Prof. Ursula Männle, Minister of State (ret.)
Chief Executive Officer	Dr. Peter Witterauf
Responsible for Publication	Dr. Soeren Keil, Achim Munz
Authors	Katharine Adeney, Dele Babalola, Ferran Requejo, Min Reuchamps, Aleksandra Zdeb
Translator	Aung Kyaw Phyo, Aung Soe Min
Layout & Cover Artwork	Shaine Phay
Special Acknowledgement	Paul Anderson, the manager of 50 Shades of Federalism The late Professor Michael Burgess, who made a great support to this project Dr. David Bates, the Director of Politics and IR at Canterbury Christ Church University, who has supported this project Canterbury Christ Church University, that has provided QR funding to establish 50 Shades of Federalism Achim Munz, Aung Soe Min, Leander Ketelhodt, Paula Steinhaeuser

All rights, including the right of reproduction, dissemination and translation, reserved. No part of this publication may be reproduced in any form (including photocopying, recording, or otherwise) without the written permission of the Hanns Seidel Foundation or processed using electronic systems, copied or distributed. The copyright for this publication lies with the Hanns Seidel Foundation. The contributors by named authors do not necessarily reflect the opinion of the publisher.

Contents

Introduction 2

1. Divide to rule? 9

Federal Innovation (and its lack) in South Asia

Katharine Adeney

ပိုင်းခြားအုပ်ချုပ်ခြင်းလော။

တောင်အာရှအတွင်း ဖက်ဒရယ်စနစ်အား ဆန်းသစ်ခြင်း (နှင့် ယင်းသို့ ဆန်းသစ်မှု မရှိခြင်း)

2. Nigeria: A Federation in Search of Federalism 27

Dele Babalola

နိုင်ဂျီးရီးယား - ဖက်ဒရယ်စနစ်အား ရှာဖွေဆဲ ဖက်ဒရေးရှင်းတစ်ခု

3. Is Spain a Federal Country? 45

Ferran Requejo

စပိန်နိုင်ငံသည် ဖက်ဒရယ်နိုင်ငံတစ်ခု ဖြစ်သလော

4. Belgium: The Short Story of a Long History of (In)Stability 59

Min Reuchamps

ဘယ်လ်ဂျီယံ - နိုင်ငံရေး(မ)တည်ငြိမ်မှု သမိုင်းကြောင်းရှည်တစ်ခု၏ အနှစ်ချုပ်

5. A Federation like no other: The Case of Bosnia and Herzegovina 75

Aleksandra Zde

တစ်မူထူးခြားသည့် ဖက်ဒရေးရှင်းတစ်ခု - ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနား၏ ဖြစ်စဉ်

Introduction for "Shades of Federalism" Volume 2

This is the second volume of 50 Shades of Federalism, published by the Hanns Seidel Foundation Myanmar Office in collaboration with Canterbury Christ Church University, where the 50 Shades of Federalism project is based.

In contrast to Volume 1, which focused on the theory of federalism, and many theoretical and methodological elements of this rather complex political idea, Volume 2 focuses on a number of country case studies. As will be seen, each of these cases is different, experimenting with their own version of federalism, their own challenges, and their own historical experiences. This is an important lesson for the federal debate in Myanmar. There is no such thing as a perfect model of federalism. The American system, as the oldest federal system in the world is often mentioned as an ideal-type system, but this has been put into question when taking into account the current insolvency crisis in California, the ongoing debates about the death penalty, and of course the election of Donald Trump as President. Likewise, Switzerland is often listed as an example to follow. Yet, its liberal political system only introduced voting rights for women in 1971, the last canton introduced voting rights for women in 1991. Both countries have overall mastered the challenges of diversity, of combining liberal democracy with a degree of flexibility and respect for others by implementing federalism successfully. They have done so, because the federal institutions in these countries match their needs and have been reformed according to their historical development. We can learn from these countries (and the ones discussed in this volume), but we cannot copy them. Myanmar federalism needs to address the problems and challenges of Myanmar, not the ones in the USA or Switzerland.

In the first paper, Katherine Adeney discusses the use of ethnofederalism in India and Pakistan. She argues that both countries started a similar development after the end of British colonialism, yet India has managed the federal system much better and has remained democratic since independence, while Pakistan has struggled to implement a functional federal democracy. Her conclusion is that India has been better at managing competing versions of ethnic rights and claims for recognition through a relatively flexible federal system.

In the second contribution, Dele Babalola looks at the case of Nigeria. The country has been in search for a functional federal system ever since becoming independent in 1960. Babalola argues that competing ethnic groups, a lack of commitment to federal values, economic interests, and the intervening military

ဖက်ဒရယ်စနစ် အသွင်များ - အတွဲ (၂) - မိတ်ဆက်

ဤစာအုပ်သည် 'ဖက်ဒရယ်စနစ် အသွင် ၅၀' စီမံကိန်းကိုအခြေခံ၍ ဟန်းဆိုင်ဒယ်ဖောင်ဒေးရှင်း၏ မြန်မာနိုင်ငံရုံးနှင့် ယူကေနိုင်ငံ Canterbury Christ Church တက္ကသိုလ်တို့ ပူးပေါင်းစီစဉ်သည့် ဖက်ဒရယ်စနစ်အသွင်များ ဒုတိယတွဲ ဖြစ်ပါသည်။

စာအုပ်၏ ပထမတွဲတွင် ဖက်ဒရယ်စနစ်၏ အယူအဆများ၊ ရှုပ်ထွေးလှသော နိုင်ငံရေးအတွေးအခေါ်၏ သဘောတရား ရေးနှင့် နည်းစနစ်ပိုင်းဆိုင်ရာများကို အဓိက ဦးစားပေးဖော်ပြခဲ့သော်ငြား ဒုတိယတွဲတွင်မူ နိုင်ငံများအား လေ့လာချက်များကို အဓိကထည့်သွင်းထားပါသည်။ တစ်နိုင်ငံချင်းစီ၏ အခြေအနေသည် အခြားနိုင်ငံများနှင့် ခြားနားကြောင်း ဆောင်းပါးများတွင် ဖတ်ရှုရမည်ဖြစ်ပြီး အသီးသီးသည် ယင်းတို့၏ ကိုယ်ပိုင်ဖက်ဒရယ်မူအားကျင့်သုံးကြလျက် စိန်ခေါ်မှုများ၊ သမိုင်းကြောင်းဆိုင်ရာအတွေ့အကြုံများကလည်း မတူညီကြောင်းတွေ့ရမည်ဖြစ်ပါသည်။ ၎င်းသည် မြန်မာနိုင်ငံတွင် ဖက်ဒရယ်စနစ်အကြောင်းဆွေးနွေးကြရာတွင် အရေးပါသော သင်ခန်းစာတစ်ရပ်ဖြစ်ပါသည်။ ဖက်ဒရယ်စနစ်တွင် ပြီးပြည့်စုံသော ပုံစံတစ်ခုအဖြစ် မည်သည့်ပုံစံကိုမျှ မသတ်မှတ်နိုင်ပါ။ ကမ္ဘာပေါ်တွင် သက်တမ်းအရင့်ဆုံး ဖက်ဒရယ်စနစ်ဖြစ်သော အမေရိကန်ပုံစံကို စံပြုထိုက်သောပုံစံအဖြစ် ရံဖန်ရံခါ ဖော်ညွှန်းလေ့ရှိကြသော်လည်း လက်ရှိကယ်လီဖိုးနီးယားပြည်နယ်တွင် ရင်ဆိုင်နေရသည့် ငွေရေးကြေးရေးပြဿနာများ၊ သေဒဏ်ချမှတ်ခြင်းဆိုင်ရာဆွေးနွေးနေမှုများ၊ ဒေါ်နယ်ထရမ့်အား သမ္မတအဖြစ်ရွေးကောက်မှုများ စသည်တို့ကို ထည့်သွင်းစဉ်းစားကြည့်သောအခါ စံပုံစံအဖြစ်သတ်မှတ်ကြခြင်းအတွက် မေးခွန်းထုတ်ရဖွယ်ရှိပါသည်။ ထိုနည်းတူစွာ ဆွစ်ဇာလန်ပုံစံအားလည်း လိုက်နာကျင့်သုံးဖွယ်ရာပုံစံတစ်ခုအဖြစ် ဥပမာပေးလေ့ရှိကြပါသည်။ သို့ရာတွင် ယင်း၏ လစ်ဘရယ်နိုင်ငံရေးစနစ်သည် အမျိုးသမီးများမဲပေးခွင့်ကို ၁၉၇၁ ခုနှစ် မှသာ စတင်မိတ်ဆက်ကျင့်သုံးခဲ့ပါသည်။ အမျိုးသမီးများမဲပေးခွင့်ကို နောက်ဆုံးမှ ကျင့်သုံးသည့် ပြည်နယ်သည် ၁၉၉၁ ခုနှစ်မှသာ စတင်ကျင့်သုံးခဲ့ပါသည်။ ထို နှစ်နိုင်ငံလုံးသည် စုံလင်ကွဲပြားမှုများဆိုင်ရာ စိန်ခေါ်ချက်များ၊ လစ်ဘရယ်ဒီမိုကရေစီနှင့် အတိုင်းအတာတစ်ခုအထိ ပြုလွယ်ပြင်လွယ်ရှိမှုအားပေါင်းစပ်ပေးခြင်းဆိုင်ရာ စိန်ခေါ်မှုများနှင့် အခြားသူများအပေါ် လေးစားမှုများ စသည်တို့ကို ဖက်ဒရယ်စနစ်အား အောင်မြင်စွာကျင့်သုံးခြင်းဖြင့် ထိန်းကွပ်နိုင်ခဲ့ကြပြီး ဖြစ်ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်နိုင်ခဲ့ကြခြင်းမှာ ယင်းနိုင်ငံများရှိ ဖက်ဒရယ်အင်စတီကျူးရှင်းများသည် နိုင်ငံ၏ လိုအပ်ချက်နှင့် ကိုက်ညီမှုရှိပြီး သမိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုနှင့်အညီ ပြုပြင်ပြောင်းလဲထားခြင်းကြောင့်ဖြစ်ပါသည်။ ထိုနိုင်ငံများထဲမှ၊ ထို့ပြင် ဤစာအုပ်အတွင်း ဆွေးနွေးဖော်ညွှန်းထားသော နိုင်ငံများထဲမှ ကျွန်ုပ်တို့ လေ့လာသင်ယူနိုင်ပါသည်။ သို့သော် ၎င်းတို့အား ပုံတူကူး၍ မဖြစ်နိုင်ပါ။ မြန်မာ့ဖက်ဒရယ်စနစ်သည် မြန်မာ့ပြဿနာနှင့် စိန်ခေါ်မှုများကို ဖြေရှင်းရန် လိုအပ်မည်သာဖြစ်ပြီး အမေရိကန်ပြည်ထောင်စုနှင့် ဆွစ်ဇာလန်တို့၏ ပြဿနာများကို ဖြေရှင်းရန်မဟုတ်ပါ။

ပထမဆုံးစာတမ်းတွင် အိန္ဒိယနှင့် ပါကစ္စတန်တို့၏ လူမျိုးစုအခြေခံဖက်ဒရယ်စနစ်အကြောင်းကို Katherine Adeney က ဆွေးနွေးထားပါသည်။ ဗြိတိသျှကိုလိုနီစနစ်အဆုံးသတ်သွားပြီးနောက် နှစ်နိုင်ငံစလုံးသည် တူညီသောဖွံ့ဖြိုးရေးကို စတင်ခဲ့ကြသော်လည်း အိန္ဒိယသည် လွတ်လပ်ရေးရချိန်မှစ၍ ဒီမိုကရေစီကိုထိန်းသိမ်းထားနိုင်ပြီး ပိုကောင်းသော ဖက်ဒရယ်စနစ်ကို ကျင့်သုံးနိုင်ကြောင်း၊ ပါကစ္စတန်မှာမူ အလုပ်ဖြစ်သည့် ဖက်ဒရယ်ဒီမိုကရေစီကိုကျင့်သုံးရာတွင် ရုန်းကန်နေရကြောင်း ဆောင်းပါးရှင်က တင်ပြထားပါသည်။ အိန္ဒိယသည် မူကွဲမျိုးစုံဖြစ်နေသော တိုင်းရင်းသားအခွင့်အရေးများနှင့် အသိအမှတ်ပြုရန်တောင်းဆိုမှုများကို အတော်အသင့် ပြုလွယ်ပြင်လွယ်ရှိသော ဖက်ဒရယ်စနစ်အား ကျင့်သုံးခြင်းဖြင့် ပိုမိုထိန်းကွပ်နိုင်ကြောင်း နိဂုံးချုပ်တင်ပြထားပါသည်။

ဒုတိယစာတမ်းတွင် Dele Babalola က နိုင်ဂျီးရီးယားနိုင်ငံအကြောင်းကို တင်ပြဆွေးနွေးထားပါသည်။ နိုင်ဂျီးရီးယားသည် လွတ်လပ်ရေးရခဲ့သည့် ၁၉၆၀ မှ စတင်ကာ အလုပ်ဖြစ်လောက်သည့် ဖက်ဒရယ်စနစ်ကို စူးစမ်းရှာဖွေနေပါသည်။ Babalola ကမူ ယှဉ်ပြိုင်နေကြသည့် တိုင်းရင်းသားလူမျိုးစုများ၊ ဖက်ဒရယ်တန်ဖိုးများအား လိုက်နာစောင့်ထိန်းရန် ပျက်ကွက်မှုများ၊ စီးပွားရေးအကျိုးအမြတ်နှင့် စစ်တပ်၏ ဝင်ရောက်စွက်ဖက်မှု စသည်တို့သည် နိုင်ဂျီးရီးယားအတွက်

have all prevented Nigeria from developing a stable and functioning federal state. He argues that there remains a lack of understanding of what federalism is and how it works in the country, and that its elites are still in search for the right federal system.

The third contribution, written by Ferran Requejo, focuses on Spain and summarises existing debates on Spanish federalism. It argues that while Spain has some features of a federal state, it does not fulfil the requirements of a federation, because it gives sovereignty only to the Spanish state and the Spanish nation. In light of more recent developments in Catalonia, and its quest for recognition, Requejo's paper demonstrates how Spain has provided some elements of accommodation for minorities, but that these instruments have been limited and short of the requests of minority groups such as the Catalans.

Paper four looks at the complex case of Belgium, a federation of three regions, three communities (they are different from the regions), three official languages, two main groups, and a lot of conflict. Min Reuchamps paints a picture of a federal state that has evolved and developed over nearly 100 years, and is still evolving, trying to find new answers to ongoing questions about the relationship between the two big language communities to each other and to the common state of Belgium.

Finally, the fifth contribution, written by Aleksandra Zdeb, looks at Bosnia and Herzegovina, one of the most complex federal countries in the world. Its post-war federal system has combined ethnic federalism with consociational power-sharing, and has resulted in a system in which the three main groups (Bosniaks, Serbs and Croats) have to work together. Yet, Zdeb demonstrates that this need for cooperation has not been matched by the willingness of political elites to work together and has often resulted in political stalemate.

All of these contributions highlight how federalism has been used as a tool to manage diversity, overcome conflict, provide peaceful and cooperative behaviour amongst antagonistic groups, and ensure democratic decision-making. In some countries, it has been more successful (India for example) than in others (Bosnia). Some countries have stayed together despite many challenges (Belgium), while in others federalism has been undermined by military coups (Pakistan and Nigeria). What all of these countries have in common is a continued search for the right institutions, the best design of the federal system, and the most

တည်ငြိမ်ပြီး ဖွံ့ဖြိုးသည့် ဖက်ဒရယ်နိုင်ငံဖြစ်ပေါ်လာမည့်အရေးမှ အဟန့်အတားဖြစ်နေကြောင်း တင်ပြထားပါသည်။ ဖက်ဒရယ်စနစ်၏ဆိုလိုရင်းနှင့် တိုင်းပြည်အတွက် မည်သို့အကျိုးဖြစ်ထွန်းနိုင်ပုံကို နားမလည်နိုင်ကြသေးကြောင်းလည်း တင်ပြထားပြီး ခေါင်းဆောင်များက သင့်တော်သည့် ဖက်ဒရယ်စနစ်တစ်ခုအားရှာဖွေနေဆဲဖြစ်ကြောင်း သုံးသပ်တင်ပြထားပါသည်။

Ferran Requeio ၏ လက်ရာဖြစ်သည့် တတိယစာတမ်းသည် စပိန်နိုင်ငံအားအလေးထားတင်ပြထား၍ နိုင်ငံတွင်းလတ်တလောဆွေးနွေးနေကြသည့် ဖက်ဒရယ်ဆိုင်ရာကိစ္စရပ်များအား အနှစ်ချုပ်တင်ပြထားပါသည်။ စပိန်နိုင်ငံတွင် ဖက်ဒရယ်နိုင်ငံတစ်ခု၏ ဝိသေသလက္ခဏာအချို့ရှိသော်လည်း ဖက်ဒရေးရှင်းတစ်ခုဖြစ်နိုင်ရန် လိုအပ်ချက်များပြည့်စုံခြင်းမရှိကြောင်း၊ အကြောင်းရင်းမှာ စပိန်အစိုးရနှင့် စပိန်လူမျိုးများအတွက်သာ အချုပ်အခြာအာဏာကို ပေးအပ်ထားသောကြောင့်ဖြစ်ကြောင်း စာတမ်းတွင် သုံးသပ်ဆွေးနွေးတင်ပြထားပါသည်။ ကာတာလိုနီးယားတွင် မကြာသေးမီက စသောဖြစ်ပေါ်ပြောင်းလဲမှုများနှင့် အသိအမှတ်ပြုမှုအတွက် ကြိုးပမ်းအားထုတ်မှုများကြောင့်စပိန်နိုင်ငံသည် လူနည်းစုများအတွက် သီးခြားအစီအမံချို့အား ဖြည့်ဆည်းပေးမှုကို စာတမ်းတွင် ဖော်ပြထားပြီး၊ ထိုအစီအမံများသည် ကာတလန်ကဲ့သို့သော လူနည်းစုများ၏ တောင်းဆိုမှုများအတွက် လုံလောက်မှုမရှိဘဲ အကန့်အသတ်နှင့်သာ ရှိနေသေးကြောင်းလည်း ဆွေးနွေးထားပါသည်။

စတုတ္ထစာတမ်းတွင် ဘယ်လ်ဂျီယံ၏ စုံလင်မှုပြား၊ နားလည်ရခက်သော အခြေအနေကို တင်ပြထားပါသည်။ ဘယ်လ်ဂျီယံသည် ဒေသ သုံးခု၊ လူမှုအသိုင်းအဝိုင်း သုံးခု (ဒေသနှင့်မတူ)၊ ရုံးသုံးဘာသာစကား သုံးခု၊ အဓိက အစုအဖွဲ့ နှစ်ခုနှင့် ပဋိပက္ခများပြားသော နိုင်ငံဖြစ်ပါသည်။ နှစ်ပေါင်းတစ်ရာခန့်အတွင်း အဆင့်ဆင့်ဖြစ်ပေါ်ပြောင်းလဲလာသည့် ဖက်ဒရယ်နိုင်ငံတစ်ခုအကြောင်း Min Reuchamps က ပုံဖော်ပြထားပါသည်။ နိုင်ငံသည် ယခုအချိန်ထိလည်း ပြောင်းလဲဖြစ်ထွန်းနေဆဲဖြစ်၍ အဓိကဘာသာစကားဆိုင်ရာ အစုအဖွဲ့ နှစ်ခုအကြား အချင်းချင်းဆက်ဆံရေးနှင့် ဘယ်လ်ဂျီယံနိုင်ငံဟူသည့် ဘုံနိုင်ငံတော်နှင့် ထိုအစုနှစ်ခု၏ ဆက်နွယ်မှုဆိုင်ရာ မေးခွန်းပေါင်းများစွာအတွက် အဖြေအသစ်များ ရှာဖွေရန် ကြိုးစားနေဆဲလည်းဖြစ်ပါသည်။

နောက်ဆုံးဖြစ်သည့် ပဉ္စမစာတမ်းတွင် ကမ္ဘာပေါ်ရှိ ဖက်ဒရယ်နိုင်ငံများအနက် နားလည်ရအခက်ဆုံးဖြစ်သည့် Bosnia and Herzegovina နိုင်ငံအကြောင်းကို Aleksandra Zdeb က တင်ပြဆွေးနွေးထားပါသည်။ စစ်ပွဲအလွန်တွင်တည်ထောင်ခဲ့သော ၎င်း၏ ဖက်ဒရယ်စနစ်တွင် လူမျိုးစုအခြေပြုဖက်ဒရယ်စနစ်နှင့် ညှိနှိုင်းသဘောတူညီထားသော အာဏာခွဲဝေခြင်းကို ပေါင်းစပ်ထားပါသည်။ အကျိုးဆက်အားဖြင့် စနစ်တစ်ခုအတွင်းတွင် အဓိကအစုအဖွဲ့ သုံးခုဖြစ်သော ဘော့စနီးယက်များ၊ ဆာ့ဘ်များနှင့် ခရိုအက်များတို့ အတူတကွ စုစည်းလုပ်ကိုင်ဆောင်ရွက်ကြရပါသည်။ သို့ရာတွင် ထိုကဲ့သို့ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ခြင်းသည် နိုင်ငံရေးခေါင်းဆောင်များ၏ ဆန္ဒနှင့် ကိုက်ညီခြင်းမရှိဘဲ ရံဖန်ရံခါတွင် နိုင်ငံရေးအရ လိပ်ခဲတည်းလည်းအခြေအနေမျိုးကို ပေါ်ပေါက်လာစေခဲ့ကြောင်းကို Zdeb က ဖော်ပြထားပါသည်။

စုံလင်ကွဲပြားမှုများကို စနစ်တကျ စီမံထိန်းသိမ်းရန်၊ ပဋိပက္ခများအား ကျော်လွှားရန်၊ ဆန့်ကျင်ဘက်အစုအဖွဲများကြားငြိမ်းချမ်း၍ အပြုသဘောပူးပေါင်းနိုင်သည့် အလေ့အထများကို အထောက်အကူပြုရန်နှင့် ဒီမိုကရေစီနည်းကျ ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့ကို သေချာခိုင်မာစေရန် ဖက်ဒရယ်စနစ်အား နည်းလမ်းတစ်ရပ်အဖြစ် သုံးစွဲကြကြောင်း ဖော်ပြထားသော စာတမ်းအားလုံးက မီးမောင်းထိုးပြသထားပါသည်။ အချို့နိုင်ငံများ (ဥပမာ - အိန္ဒိယ) သည် အခြားနိုင်ငံများ (ဥပမာ - ဘော့စနီးယား) ထက် ပိုမိုအောင်မြင်ကြောင်းတွေ့ရမည်ဖြစ်ပါသည်။ အချို့နိုင်ငံများတွင် စိန်ခေါ်မှုများစွာရှိနေသော်လည်း အတူတကွ ပေါင်းစည်းနေနိုင်ကြကြောင်း ဘယ်လ်ဂျီယံတွင် တွေ့ရနိုင်ပြီး ပါကစ္စတန်နှင့် နိုင်ဂျီးရီးယားကဲ့သို့သော နိုင်ငံများတွင် စစ်တပ်အာဏာသိမ်းယူမှုများက ဖက်ဒရယ်စနစ်ကို အားနည်းယုတ်လျော့ပျက်စီးစေပါသည်။ နိုင်ငံအားလုံးတွင် တူညီသောအချက်မှာ ဖက်ဒရယ်စနစ်၏ အကောင်းဆုံးပုံစံများ (သို့မဟုတ်) သင့်လျော်မည့် အင်စတီကျူးရှင်းများကို အဆက်မပြတ်စူးစမ်းနေခြင်းနှင့် ရှေ့ဆက်နိုင်မည့် အသင့်တော်ဆုံးနည်းလမ်းများကို ရှာဖွေနေခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံမှာကဲ့သို့ပင် ယင်းနိုင်ငံများတွင်လည်း ဆက်လက်စူးစမ်းရှာဖွေနေဆဲဖြစ်ပါသည်။ ဖက်ဒရယ်စနစ်ဆိုသည်ကား

appropriate way forward. That search is continuing in all of these countries, as it is continuing in Myanmar. Federalism is not about finding the right answer once, it is about finding what works, and making sure this can b adjusted over time. It is about compromise and cooperation, the willingness to change and adapt, and most importantly, it is about mutual respect and the commitment to peaceful conflict resolution.

Soeren Keil, Canterbury Christ Church University and
Academic Lead of 50 Shades of Federalism
Achim Munz, Resident Representative, Hanns Seidel Foundation - Myanmar

အဖြေမှန်တစ်ခုကို ချက်ခြင်းရှာဖွေခြင်းမဟုတ်ဘဲ အလုပ်ဖြစ်သည့် နည်းလမ်းကို ရှာဖွေခြင်းသာဖြစ်ပါသည်။ ထို့ပြင် ယင်းအခြေအနေအား အချိန်နှင့်အမျှ ပြုလွယ်ပြင်လွယ်ဖြစ်စေရန်လည်းလိုအပ်ပါသည်။ ဖက်ဒရယ်သည် ညှိနှိုင်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲလိုခြင်း၊ အရေးအကြီးဆုံးမှာ အပြန်အလှန်လေးစားမှုနှင့် ပဋိပက္ခများကို ငြိမ်းချမ်းစွာဖြေရှင်းရန် ဆန္ဒဖြင့် အားထုတ်မှုတို့ပင်ဖြစ်ပါသည်။

Soeren Keil - တွဲဖက်ပါမောက္ခ၊ Canterbury Christ Church တက္ကသိုလ်၊
50 Shades of Federalism စီမံကိန်း၏ ပညာရပ်ဆိုင်ရာ ဦးဆောင်သူ။

Achim Munz - ဌာနေကိုယ်စားလှယ်၊ Hanns Seidel Foundation - Myanmar

1. Divide to rule?
ပိုင်းခြားအုပ်ချုပ်ခြင်းလော။

Federal Innovation (and its lack) in South Asia

တောင်အာရှအတွင်း ဖက်ဒရယ်စနစ်အား ဆန်းသစ်ခြင်း (နှင့် ယင်းသို့ ဆန်းသစ်မှု မရှိခြင်း)

Katharine Adeney

Katharine Adeney is Professor of Politics at the University of Nottingham and Director of the Institute of Asia and Pacific Studies. She is currently the co-editor of Government and Opposition (CUP). She has published extensively on South Asian federalism and ethnic conflict and is the author of Federalism and Ethnic Conflict Regulation in India and Pakistan (Palgrave 2007). She has also published in Asian Survey, Commonwealth and Comparative Politics, the Brown Journal of World Affairs, Democratization, Electoral Studies, Ethnopolitics, Government and Opposition, India Review, Political Studies, Politics, Publius, and Representation.

Katharine Adeney

Katharine Adeney သည် နော်တင်ဟမ်တက္ကသိုလ် (University of Nottingham) ရှိ နိုင်ငံရေးဆိုင်ရာပါမောက္ခတစ်ဦးဖြစ်ပြီး အာရှပစိဖိတ်ဒေသလေ့လာရေး အင်စတီကျု (Institute of Asia and Pacific Studies) ၏ ညွှန်ကြားရေးမှူးလည်း ဖြစ်ပါသည်။ သူသည် လက်ရှိတွင် 'အစိုးရနှင့်အတိုက်အခံ' အမည်ဖြင့် ကိန်းဗရစ်တက္ကသိုလ်မှ ထုတ်ဝေသည့် ဂျာနယ်၏ ပူးတွဲအယ်ဒီတာတစ်ဦးအဖြစ် ဆောင်ရွက်လျက်ရှိသည်။ သူသည် တောင်အာရှ ဒေသရှိ ဖက်ဒရယ်စနစ်နှင့်လူမျိုးစုဆိုင်ရာ ပဋိပက္ခများအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် ရေးသားထုတ်ဝေခဲ့ဖူးကာ အိန္ဒိယနှင့်ပါကစ္စတန်တို့ရှိ ဖက်ဒရယ်စနစ်နှင့် လူမျိုးစုဆိုင်ရာ ပဋိပက္ခများအားထိန်းညှိခြင်းစာအုပ်၏ စာရေးသူလည်း ဖြစ်ပါသည် (Palgrave ၂၀၀၇)။ ထို့ပြင် Asian Survey, Commonwealth and Comparative Politics, the Brown Journal of World Affairs, Democratization, Electoral Studies, Ethnopolitics, Government and Opposition, India Review, Political Studies, Publius နှင့် Representation တို့တွင်လည်း စာတမ်းများ ရေးသားခဲ့သည်။

Abstract

Ethnofederalism is too readily dismissed as a solution for accommodating territorially concentrated minorities within a state. This contribution demonstrates that although there are real concerns when these groups are not included within central decision making institutions or have their autonomy threatened by the centre, territorial autonomy for these groups increases rather than decreases their affinity with the central state. It is therefore a solution that should not be dismissed out of hand, although care needs to be taken when groups are intermixed and non-territorial autonomy may be necessary in addition.

အနှစ်ချုပ်

နိုင်ငံတစ်နိုင်ငံအတွင်း၌ နယ်မြေဒေသအလိုက် စုဝေးနေသည့် လူနည်းစုအုပ်စုများနှင့် လိုက်လျောညီထွေမှုရှိစေရေးအတွက် ဆောင်ရွက်နိုင်သည့်နည်းလမ်းများ စဉ်းစားရာတွင် လူမျိုးစုအခြေခံဖက်ဒရယ်စနစ်နည်းလမ်းအား လွယ်လင့်တကူပင် ပစ်ပယ်တတ်ကြသည်။ ဗဟိုအဆင့်ဆုံးဖြတ်ချက်များချမှတ်သည့် အင်စတီကျူးရှင်းများအတွင်း လူနည်းစုအုပ်စုများအား ပါဝင်ခွင့်မပေးသည့်အခါ သို့မဟုတ် ယင်းတို့၏ နယ်မြေဒေသအလိုက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်အပေါ် ဗဟိုမှထိပါးလာသည့်အခါများတွင် အမှန်တကယ် စိုးရိမ်ပူပန်ဖွယ်ကိစ္စရပ်များ ပေါ်ပေါက်လာတတ်သော်လည်း အဆိုပါအုပ်စုများအား နယ်မြေဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးခြင်းသည် ယင်းတို့နှင့် ဗဟိုအစိုးရတို့၏အကြား နီးစပ်မှုကို လျော့သွားစေခြင်းမရှိဘဲ ပိုမိုတိုးလာစေကြောင်းကို ဤစာတမ်းတွင် ဖော်ပြထားပါသည်။ ထို့ကြောင့် လူမျိုးစုအခြေခံဖက်ဒရယ်စနစ်သည် လက်လွတ်မခံသင့်သည့် ဖြေရှင်းမှုနည်းလမ်းတစ်ရပ်ဖြစ်သည်။ သို့ရာတွင် အုပ်စုများအကြားအချင်းချင်း ရောနှောနေသည့်အခါတွင် ပိုမိုဂရုစိုက်ဆောင်ရွက်ရန် လိုအပ်ပြီး နယ်မြေဒေသအလိုက် မဟုတ်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကိုပါ ထပ်မံပေးအပ်ရန် လိုအပ်ကောင်းလိုအပ်နိုင်သည်။

Introduction

Most of what we now know as South Asia has always been governed through the concession of territorial autonomy. This was as true under the British Raj as it was under the Mughals. The area was too religiously, linguistically and territorially diverse for any other solution to have been adopted. In the formal constitutional negotiations in the early twentieth century, federalism was formally adopted as part of the Government of India Acts of 1919 and 1935. Federalism was adopted after independence in the successor states of India and Pakistan, although not without contestation, particularly concerning the boundaries of the federal units, the language(s) that the federation would operate in, the provinces' representation in governing institutions as well as the powers that they would receive.

This short contribution focuses on the boundaries of the federal units, of the creation of what is known in the federal literature as 'ethnofederalism' when the boundaries of at least one of the units of the federation corresponds to those of the group within it (Hale 2004, 167). The boundaries of the units of both India and Pakistan at independence bore little correspondence to the various groups that lived within those units. Before independence, demands had been made for the redrawing of provincial boundaries around group identities. This had been achieved in some cases, such as Sindh and Orissa, but many decisions were deferred until after independence.

Federal Solutions after Independence

After independence however, both India and Pakistan's new leaders were reticent to undermine national unity through recognising 'subnational' identities. This was partially the result of the violence of partition, but both Nehru and Jinnah had favoured a centralised state before independence. Nehru favoured the model of centralised planning, while in Pakistan, the recognition of regionally concentrated language groups potentially undermined the unity of the Muslim homeland. Both leaders were worried that ethnofederalism would lead to the weakening of the centre, and potentially, the Balkanisation of their states. They shared this in common with other critics of 'ethnofederal' solutions (see Anderson 2014 for a discussion of these).

Despite their leaders' common concerns, India and Pakistan diverged in their constitutional solutions for their diversity. India, after initially recognising the rights of its multilingual provinces to choose their own languages, allowed for the territorial reorganisation of the country into more homogeneous units.

နိဒါန်း

ယနေ့ခေတ်တွင် ကျွန်ုပ်တို့အနေဖြင့် တောင်အာရှဟု သိထားကြသည့် ဒေသကြီး၏ တစ်ခုလုံးနီးပါးကို ခေတ်အဆက်ဆက်၌ နယ်မြေဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်များပေးကာ အုပ်ချုပ်ခဲ့ကြသည်။ ငြိတိသျှများ အုပ်ချုပ်ခဲ့စဉ်ကလည်း ထိုကဲ့သို့ပင်ဖြစ်သလို မဂိုများ အုပ်ချုပ်ခဲ့စဉ်ကလည်း ထိုနည်းအတိုင်းပင် အုပ်ချုပ်ခဲ့ကြသည်။ အဆိုပါ ဒေသသည် ဘာသာရေး၊ ဘာသာစကားနှင့် နယ်မြေဒေသတို့အားဖြင့် အလွန်ပင် စုံလင်ကွဲပြားနေသောကြောင့် အခြားမည်သည့်အုပ်ချုပ်ရေးပုံစံကိုမျှ ကျင့်သုံး၍ မရနိုင်ပေ။ ၂၀ ရာစု အစောပိုင်းရှိ တရားဝင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများအတွင်း ဖက်ဒရယ်စနစ်ကို အိန္ဒိယအစိုးရအက်ဥပဒေ ၁၉၁၉ နှင့် ၁၉၃၅ တို့အတွင်း တရားဝင် ထည့်သွင်းကျင့်သုံးခဲ့သည်။ အိန္ဒိယနှင့် ပါကစ္စတန်တို့အဖြစ် ခွဲထွက်လာသည့်နိုင်ငံများတွင် လွတ်လပ်ရေးရပြီးနောက် အထူးသဖြင့် ဖက်ဒရယ်ယူနစ်များ၏ နယ်နိမိတ်၊ ဖက်ဒရေးရှင်းတွင် အသုံးပြုမည့် ဘာသာစကား(များ)၊ အုပ်ချုပ်ရေးအင်စတီကျူးရှင်းများအတွင်း နယ်မြေများ၏ ကိုယ်စားပြုမှုနှင့်တကွ အဆိုပါနယ်မြေများ ရရှိမည့် လုပ်ပိုင်ခွင့်အာဏာများနှင့် စပ်လျဉ်း၍ ဖက်ဒရယ်စနစ်အား ကျင့်သုံးခဲ့သည်။ သို့ရာတွင် ယင်းသို့ ကျင့်သုံးခဲ့ရာတွင် အငြင်းပွားမှု မရှိမဟုတ်၊ ရှိခဲ့သည်။

ဤစာတမ်းငယ်အတွင်း ဖက်ဒရေးရှင်း၏ ယူနစ်များအနက် အနည်းဆုံးအနေဖြင့် ယူနစ်တစ်ခု၏ နယ်နိမိတ်သည် အဆိုပါယူနစ်အတွင်းရှိ အုပ်စု၏ နယ်နိမိတ်နှင့်တူညီနေပါက ဖက်ဒရယ်စာတမ်းများအတွင်း 'လူမျိုးစုအခြေခံ ဖက်ဒရယ်စနစ်'ဟု ခေါ်ဝေါ်ကြသည့်စနစ်ကို စတင်အသုံးပြုရန်နှင့်စပ်လျဉ်း၍ ဖက်ဒရယ်ယူနစ်များ၏ နယ်နိမိတ်များအကြောင်းကို အာရုံစူးစိုက်ဆွေးနွေးထားသည် (Hale ၂၀၀၄၊ ၁၆၇)။ လွတ်လပ်ရေးရရှိချိန်တွင် အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံလုံးရှိ ယူနစ်များ၏ နယ်နိမိတ်များသည် ယင်းယူနစ်အတွင်းရှိ အုပ်စုအမျိုးမျိုးတို့ နယ်နိမိတ်များနှင့် တူညီမှု မရှိလှပေ။ လွတ်လပ်ရေးမရရှိမီကာလတွင် နယ်မြေများ၏ နယ်နိမိတ်များအား လူမျိုးစုအုပ်စုများ၏ ကိုယ်ပိုင်လက္ခဏာရပ်များကို အခြေခံကာ ပြန်လည်ပြင်ဆင်ရေးဆွဲရန် တောင်းဆိုမှုများ ရှိခဲ့ကြသည်။ အဆိုပါ တောင်းဆိုချက်သည် ဆင်းဒ်နှင့် အိုရစ်ဆာတို့တွင်ကဲ့သို့သော ဖြစ်စဉ်အချို့တွင် အောင်မြင်ခဲ့သည်။ သို့ရာတွင် ဆုံးဖြတ်ချက်များစွာအား လွတ်လပ်ရေးရပြီးချိန်နောက်ပိုင်းတွင်သာ ဖော်ဆောင်ရန် ရွှေ့ဆိုင်းခဲ့သည်။

လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ဖက်ဒရယ် ကျင့်သုံးမှုနည်းလမ်းများ

လွတ်လပ်ရေးရရှိပြီးနောက်တွင်မူ အိန္ဒိယနှင့် ပါကစ္စတန်တို့၏ ခေါင်းဆောင်သစ်များသည် 'ဒေသဆိုင်ရာ' ကိုယ်ပိုင်လက္ခဏာများကို အသိအမှတ်ပြုခြင်းမှတစ်ဆင့် အမျိုးသားစည်းလုံး ညီညွတ်မှုကို ထိခိုက်ပျက်ပြားစေမည့် ပြောဆိုမှုများ မပြုလုပ်ကြပေ။ ယင်းသို့ဖြစ်ရခြင်း၏ အကြောင်းအရင်းတွင် ခွဲထွက်ခြင်းကြောင့် မတည်ငြိမ်မှု ဖြစ်ပေါ်လာခြင်း ရလဒ်များကြောင့်လည်း တစ်စိတ်တစ်ပိုင်းပါဝင်ပြီး နေရူးနှင့် ဂျင်းနားတို့နှစ်ဦးစလုံးကလည်း လွတ်လပ်ရေးမရရှိမီက ဗဟိုချုပ်ကိုင်ထားသည့် နိုင်ငံကို လိုလားကြသည်။ နေရူးက စီမံကိန်းများရေးဆွဲရာတွင် ဗဟိုမှ ချုပ်ကိုင်ထားသည့် ပုံစံကို လိုလားခဲ့ပြီး ပါကစ္စတန်တွင်မူ ဒေသအလိုက် စုစည်းနေသည့် ဘာသာစကား အုပ်စုများအား အသိအမှတ်ပြုခြင်းကြောင့် မွတ်စလင်မ်နိုင်ငံ၏ ညီညွတ်မှုကို ပျက်ပြားစေမည့် အလားအလာများ ပေါ်ပေါက်ခဲ့သည်။ ခေါင်းဆောင်နှစ်ဦးစလုံးက လူမျိုးစု အခြေခံဖက်ဒရယ်စနစ်ကြောင့် ဗဟိုတွင် အားနည်းလာကာ ယင်းတို့၏ နိုင်ငံများ အစိတ်စိတ်အမွှာမွှာ ပြိုကွဲသွားမည်ကို စိုးရိမ် ပူပန်ခဲ့ကြသည်။ ၄င်းတို့သည်လည်း 'လူမျိုးစုဖက်ဒရယ်' ကျင့်သုံးမှုနည်းလမ်းများအပေါ် အခြားသော ဝေဖန်သူများနည်းတူ ယင်းသို့ ယူဆခဲ့ကြသည် (အဆိုပါ ကိစ္စရပ်များအပေါ် ဆွေးနွေးချက်အား သိရှိလိုပါက Anderson ၂၀၁၄ ကို ကြည့်ရှုပါ)။

အိန္ဒိယနှင့် ပါကစ္စတန်တို့၏ ခေါင်းဆောင်များတွင် တူညီသည့် စိုးရိမ်ပူပန်မှုများရှိကြသော်လည်း မတူကွဲပြားမှုများကို အခြေခံဥပဒေအရ ကိုင်တွယ်ဖြေရှင်းကြရာတွင်မူ ယင်းနိုင်ငံများ၏ ဖြေရှင်းပုံများသည် ကွဲပြားကြသည်။ အိန္ဒိယနိုင်ငံသည် ပထမဦးစွာ ယင်း၏ ဘာသာစကားမျိုးစုံအသုံးပြုသည့် ပြည်နယ်များအားဒင်းတို့စိတ်တိုင်းကျ ဘာသာစကားများ ရွေးချယ်ခွင့်ကို အသိအမှတ်ပြုခဲ့ကာ နိုင်ငံအား တစ်သားတည်းကျသည့် ယူနစ်များအဖြစ် နယ်မြေဒေသအလိုက်

The central Congress leadership did so under protest, after elements within the Congress Party vociferously protested against their leaders' failure to countenance the redrawing of the political map. The internal borders of India were redrawn in 1956 along de facto linguistic lines, although the States Reorganisation Commission recommended a balanced approach between language, economic viability and administrative convenience. This process of 'right sizing' (Callaghy, O'Leary et al. 2001), has continued, in India with other tranches of reorganisations in the 1960s, 1970s and 2000s. Most of the later reorganisations were undertaken along non-linguistic lines, for example the tribal recognition of the 1970s or the caste or development narrative of the states created in the 2000s (Tillin 2013). The process continues, with the creation of the 29th state of the Union – Telangana – in 2014. It is unlikely to be the last.

In Pakistan, a state with a much weaker political leadership after partition, the protracted constitutional negotiations finally (in 1956) came up with a federal formula that reorganised the territorial boundaries of the country. The internal reorganisation was in a different manner to that of India however, and merged all the units and princely states of the western wing of Pakistan into one province: West Pakistan. The so-called One Unit Plan was a device to counterbalance the demographic dominance of its Eastern wing: renamed East Pakistan. Both provinces received equal weighting in the National Assembly, despite the majority of the population (55 percent) of Pakistan residing in the eastern wing. This constitutional arrangement only lasted two years, with martial law declared by Ayub Khan in 1958. In 1970, his successor, Yahya Khan nullified the One Unit Plan resulting in the restoration of the three western provinces (albeit with their boundaries altered to include the princely states), and the creation of a new one, Baluchistan). The restoration of democracy in Pakistan precipitated its breakup, after the leaders of the western wing refused to recognise the democratic mandate of the politicians of the eastern wing. After the secession of Bangladesh in 1971, although the constitution of Pakistan was rewritten, the opportunity was not taken to reorganise the political map and Pakistan's federation continued with only four provinces. In 2009 the area of Gilgit Baltistan was given semi-provincial status but has yet to be fully integrated as a fifth province of Pakistan, with representation in the National Assembly.

ပြန်လည်ဖွဲ့စည်းခဲ့သည်။ နိုင်ငံရေးဆိုင်ရာ မြေပုံကို ပြန်လည်ရေးဆွဲရာတွင် ခေါင်းဆောင်များ သဘော မတူနိုင်ခဲ့ကြခြင်းအပေါ် ကွန်ဂရက်ပါတီဝင်များကအပြင်းအထန်ဆန့်ကျင်ခဲ့ကြပြီးနောက် ပါတီ၏ ဗဟိုခေါင်းဆောင်ပိုင်းမှ ယင်းကိစ္စကို စိတ်မပါဘဲ ဖော်ဆောင်ခဲ့ခြင်းဖြစ်သည်။ ပြည်နယ်များ ပြန်လည်ဖွဲ့စည်းရေးကော်မရှင်က ဘာသာစကား၊ စီးပွားရေးဖြစ်ထွန်းနိုင်မှု အလားအလာနှင့် အုပ်ချုပ်ရေးအရ သက်သာလွယ်ကူစေရေးတို့အကြားတွင် ဟန်ချက်ညီမျှသည့် ချဉ်းကပ်မှုတစ်ခုကို ဖော်ဆောင်ရန် အကြံပြုခဲ့သော်လည်း ၁၉၅၆ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ ပြည်တွင်းနယ်နိမိတ်များအား နိုင်ငံတော် ဘာသာစကားဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ပြင်ဆင်ရေးဆွဲခဲ့သည်။ အဆိုပါ 'သင့်လျော်သည့် အရွယ်အစားသတ်မှတ်ရေး' လုပ်ငန်းစဉ်အား အိန္ဒိယနိုင်ငံတွင် ၁၉၆၀ ပြည့်နှစ်များ၊ ၁၉၇၀ ပြည့်နှစ်များ နှင့် ၂၀၀၀ ပြည့်နှစ်များအတွင်း အခြားသော အပိုင်းများအလိုက် ပြန်လည် သတ်မှတ်ဖွဲ့စည်းမှုများဖြင့် ဆက်လက်လုပ်ဆောင်ခဲ့သည် (Callaghy, O'Leary နှင့် အခြားသော ပုဂ္ဂိုလ်များ၊ ၂၀၀၁)။ နောက်ပိုင်း ပြန်လည်ပြင်ဆင်သတ်မှတ်မှု အများစုအား ဘာသာစကားနှင့် မသက်ဆိုင်သော သတ်မှတ်ချက်များ၊ ဥပမာအားဖြင့် ၁၉၇၀ ပြည့်နှစ်များအတွင်း လူမျိုးစုဆိုင်ရာ အသိအမှတ်ပြုခြင်းများ သို့မဟုတ် ဇာတ်များ သို့မဟုတ် ၂၀၀၀ ပြည့်နှစ်တွင် သတ်မှတ်ခဲ့သည့် ဖွံ့ဖြိုးရေး ကြေညာချက်များနှင့်အညီ ဖော်ဆောင်ခဲ့သည် (Tillin ၂၀၁၃)။ အဆိုပါ ပြန်လည် ဖွဲ့စည်းရေးလုပ်ငန်းစဉ်ကို ၂၀၁၄ ခုနှစ်တွင် နိုင်ငံ၏ ၂၉ ခုမြောက် ပြည်နယ်ဖြစ်သော တီလန်ဂါနာပြည်နယ် တည်ထောင်ခြင်းဖြင့် ဆက်လက်လုပ်ဆောင်ခဲ့သည်။ ယင်းသည် နောက်ဆုံးသော ပြန်လည်ဖွဲ့စည်းမှုဖြစ်ဟန်မတူပေ။

ခွဲထွက်ပြီးနောက် နိုင်ငံရေးခေါင်းဆောင်မှုပိုင်းတွင် များစွာ ပိုမိုအားနည်းသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သော ပါကစ္စတန်နိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများကို ကာလ ကြာမြင့်စွာ ဆောင်ရွက်ပြီးနောက်ဆုံးတွင် (၁၉၅၆ ခုနှစ်တွင်) နိုင်ငံ၏ နယ်မြေဒေသဆိုင်ရာ နယ်နိမိတ်များကို ပြန်လည်သတ်မှတ်သည့် ဖက်ဒရယ်နည်းလမ်းတစ်ရပ် ရရှိလာခဲ့သည်။ သို့သော် ပြည်တွင်း နယ်နိမိတ်များ ပြန်လည်သတ်မှတ်ရာတွင် အိန္ဒိယနိုင်ငံကဲ့သို့မဟုတ်ဘဲ ပါကစ္စတန်နိုင်ငံ အနောက်ခြမ်းရှိ ယူနစ်များအားလုံးနှင့် ဗြိတိသျှအုပ်စိုးစဉ်က သတ်မှတ်ထားခဲ့သည့် ပြည်နယ်များကို တစ်စုတည်းပေါင်းစပ်ကာ အနောက်ပါကစ္စတန်ဟူသော ပြည်နယ်တစ်ခုတည်းအဖြစ်သို့ ဖွဲ့စည်းသတ်မှတ်ခဲ့သည်။ ယူနစ်တစ်ခုတည်း ထားရှိသည့် အစီအစဉ်သည် အရှေ့ပါကစ္စတန်ဟု ပြန်လည်အမည်ပေးခဲ့သည့် နိုင်ငံ၏ အရှေ့ခြမ်း၏ လူဦးရေအချိုးအစား လွှမ်းမိုးနေမှုကို ပြန်လည် ဟန်ချက်ညီစေရန် ကိရိယာတစ်ခုဖြစ်သည်။ ပါကစ္စတန်၏ လူဦးရေအများစု (၅၅%) သည် အရှေ့ဘက်ခြမ်းတွင် နေထိုင်ကြသော်လည်း ပြည်နယ်နှစ်ခုသည် အမျိုးသားပါလီမန်အတွင်း တန်းတူ လုပ်ပိုင်ခွင့်ရရှိသည်။၁၉၅၈ ခုနှစ်တွင် Ayub Khan ၏ စစ်အုပ်ချုပ်ရေးဥပဒေကို ကြေညာခဲ့ခြင်းနှင့်အတူ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအစီအမံသည် နှစ်နှစ်သာ ကြာမြင့်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် Ayub Khan ၏ နေရာကို ဆက်ခံသူဖြစ်သည့် Yahya Khan က ယူနစ်တစ်ခုတည်းထားရှိသည့် အစီအစဉ်ကို ဖျက်သိမ်းခဲ့သောကြောင့် (ဗြိတိသျှအုပ်စိုးစဉ်က သတ်မှတ်ခဲ့သည့် ပြည်နယ်များ ထည့်သွင်းရန်အတွက် နယ်နိမိတ်များ ပြောင်းလဲထားသော်လည်း) အနောက်ပိုင်း ပြည်နယ် ၃ ခု အဖြစ် ပြန်လည်သတ်မှတ်ထားရှိခဲ့ပြီး ပြည်နယ်သစ်တစ်ခုဖြစ်သော ဘလူချီစတန် ပြည်နယ်ကိုတည်ထောင်ခဲ့သည်။ အနောက်ဘက်ခြမ်းမှ ခေါင်းဆောင်များက အရှေ့ဘက်ခြမ်းရှိ နိုင်ငံရေးသမားများ၏ ဒီမိုကရေစီ ဆိုင်ရာ လုပ်ပိုင်ခွင့်အပေါ် အသိအမှတ်ပြုရန် ငြင်းဆန်ပြီးသည့်နောက်ပိုင်းတွင် ပါကစ္စတန်နိုင်ငံတွင် ဒီမိုကရေစီ ပြန်လည်ဖော်ဆောင်မှုကြောင့် ကွဲပြားမှုကိုတည်ငြိမ်သွားစေခဲ့သည်။ ၁၉၇၁ ခုနှစ်၌ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခွဲထွက်ပြီးနောက်ပိုင်းတွင် ပါကစ္စတန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြန်လည်ပြင်ဆင်ခဲ့သော်လည်း နိုင်ငံရေးဆိုင်ရာမြေပုံကို အခွင့်အရေး ရခိုက်တွင် ပြန်လည်သတ်မှတ်ခြင်း မပြုခဲ့ဘဲ ပါကစ္စတန်၏ ဖက်ဒရေးရှင်းသည် ပြည်နယ် ၄ ခုဖြင့်သာ ရှေ့ဆက်ခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် Gilgit Baltistan ဒေသအား တစ်စိတ်တစ်ပိုင်းပြည်နယ်အဆင့် သတ်မှတ်ခဲ့သည်။ သို့ရာတွင် အမျိုးသားပါလီမန် အတွင်း ကိုယ်စားပြု ပါဝင်ခွင့်ပေးကာ ပါကစ္စတန်၏ပဉ္စမမြောက် ပြည်နယ်တစ်ခုအဖြစ် အပြည့်အဝ သတ်မှတ်ထည့်သွင်းခြင်း မပြုရသေးပေ။

India

The legacies of the original decisions were profound. In the case of India its willingness to continually reorganise its internal boundaries accommodated many groups and enhanced the representativeness of the Indian state. It has also accommodated other demands for linguistic recognition. Thus, not only were provinces (then states) allowed to choose the language(s) that they operated in, the Indian state retained English as an official language in addition to that of Hindi. This was essential, as many of the states in the south and the northeast of the country did not speak Hindi (spoken by only 30 to 40 percent of the population) and resented the assumption that it was the 'national' language of the country. This accommodative framework, far from leading to the Balkanisation of India, ensured that multiple identities were encouraged to develop. Evidence for this can be found by reading Moreno surveys on the allegiance of Indians living in different areas of India to their national or regional identity, or a combination of both. Although there are differences between regions, with the South and the East more likely to report feeling 'regional' than those in the North or West, there is a clear majority in all regions for feeling either more national than regional or equally national and regional. The inclusion of Indians from all over India in core central institutions, including that of the cabinet has also promoted this unity (Jayal 2006).

National versus Regional Identity in India

	Only national	More national	Equally national and regional	More regional and less national	Only regional	No Opinion
North	41	7	20	5	10	17
East	26	19	15	13	17	10
North-East	20	7	32	9	15	17
West	42	7	27	5	10	10
South	23	22	15	20	13	7
India	32	12	21	10	12	13

Data taken from the State of Democracy in South Asia Survey (2008).

အိန္ဒိယနိုင်ငံ

မူလဆုံးဖြတ်ချက်များ၏ အမွေများသည် အလွန်သိမ်မွေ့နက်နဲသည်။ အိန္ဒိယနိုင်ငံ၏ ဖြစ်စဉ်တွင် ပြည်တွင်းနယ်နိမိတ်များအား စဉ်ဆက်မပြတ် ပြန်လည်သတ်မှတ်ရန် လိုလိုလားလားရှိခြင်းကြောင့် များစွာသောအုပ်စုများနှင့် လိုက်လျောညီထွေဖြစ်စေနိုင်ခဲ့ပြီး အိန္ဒိယနိုင်ငံတွင်းကိုယ်စားပြုပါဝင်မှုကို ပိုမိုတိုးတက်ကောင်းမွန်စေခဲ့သည်။ ယင်းသည် ဘာသာစကားဆိုင်ရာအသိအမှတ်ပြုရေးအတွက် အခြားသော တောင်းဆိုချက်များနှင့်လည်း ကိုက်ညီခဲ့သည်။ ထို့ကြောင့် ပြည်နယ်များအား ယင်းတို့အသုံးပြုမည့် ဘာသာစကား(များ)ကို ရွေးချယ်ခွင့်ပေးထားရုံမျှ မကဘဲ အိန္ဒိယနိုင်ငံတွင် ဟိန္ဒီ ဘာသာစကားအပြင် အင်္ဂလိပ်ဘာသာစကားကိုလည်း ရုံးသုံးဘာသာစကားအဖြစ်ပါ ဆက်လက်ထားရှိခဲ့သည်။ အိန္ဒိယနိုင်ငံ၏ တောင်ပိုင်း နှင့် အရှေ့မြောက်ပိုင်းရှိ ပြည်နယ်များစွာတွင် (လူဦးရေ၏ ၃၀ မှ ၄၀ ရာခိုင်နှုန်းအထိသာ ပြောဆိုသည့်) ဟိန္ဒီဘာသာစကားကို ပြောဆိုခြင်းမရှိဘဲ ယင်းအား 'နိုင်ငံတော်' ဘာသာစကားအဖြစ် သတ်မှတ်ယူဆချက်ကို ဆန့်ကျင်ကြသောကြောင့် အထက်ပါအတိုင်းသတ်မှတ်ထားရှိခြင်းသည် အလွန်အရေးကြီးပါသည်။ ဤသို့လိုက်လျောညီထွေဖြစ်သည့် မူဘောင်သည် အိန္ဒိယနိုင်ငံအား အစိတ်စိတ်အမြွာမြွာမှာ ပြိုကွဲခြင်းမှ ကင်းဝေးစေပြီး ကိုယ်ပိုင်လက္ခဏာအမျိုးမျိုးကိုလည်း ဖွံ့ဖြိုးတိုးတက်လာစေရန် အားပေးကြောင်း သေချာစေသည်။ ယင်းကို အိန္ဒိယနိုင်ငံ၏ ဒေသအမျိုးမျိုးတွင် နေထိုင်သည့် အိန္ဒိယလူမျိုးများအား ယင်းတို့အနေဖြင့် နိုင်ငံသား သို့မဟုတ် နယ်သား ကိုယ်ပိုင်လက္ခဏာ သို့မဟုတ် နှစ်ခုစလုံး မည်သို့ ရှိကြောင်း ကောက်ယူထားသည့် Moreno စစ်တမ်းများတွင် အထောက်အထားဖြင့် တွေ့မြင်နိုင်သည်။ တောင်ပိုင်းနှင့် အရှေ့ပိုင်းဒေသတို့တွင် နေထိုင်သူများသည် မြောက်ပိုင်း သို့မဟုတ် အနောက်ပိုင်းတို့တွင် နေထိုင်သူများထက် 'နယ်သား' အဖြစ် ခံစားမိကြောင်း ပိုမိုဖော်ပြနိုင်ခြေရှိပြီး ဒေသများအကြားတွင် စစ်တမ်းကောက်ယူမှုရလဒ်များ ကွဲပြားမှုရှိသော်လည်း ဒေသအားလုံးတွင် လူအများစုသည် နယ်သား ဟူသည်ထက် နိုင်ငံသားအဖြစ် ပိုမို၍ ခံစားမိကြောင်း သို့မဟုတ် နှစ်ခုစလုံး ညီတူမျှတူ ခံစားမိကြောင်း ရှင်းလင်းစွာပင် တွေ့မြင်နိုင်သည်။ အစိုးရအဖွဲ့အပါအဝင် အဓိက ဗဟိုအင်စတီကျူးရှင်းများအတွင်း အိန္ဒိယနိုင်ငံတစ်ဝန်းရှိ အိန္ဒိယလူမျိုးများ ပါဝင်စေခြင်းသည်လည်း အဆိုပါ ညီညွတ်မှုကို ပိုမိုမြှင့်တင်အားပေးသည် (Jayal ၂၀၀၆)။

အိန္ဒိယနိုင်ငံရှိ နိုင်ငံသားကိုယ်ပိုင်လက္ခဏာနှင့် နယ်သားဆိုင်ရာ ကိုယ်ပိုင်လက္ခဏာနှိုင်းယှဉ်မှု

	နိုင်ငံသားသာ ဖြစ်သည်ဟု ခံယူ	နိုင်ငံသားဟု ပိုမိုခံယူ	နိုင်ငံသား နှင့် နယ်သား ဖြစ်သည်ဟု ညီတူညီမျှ ခံယူ	နယ်သားဟု ပိုမိုခံယူပြီး နိုင်ငံသားဟု ခံယူမှု အားနည်း	နယ်သားသာ ဖြစ်သည်ဟု ခံယူ	မည်သို့မျှ မထင်မြင်
မြောက်ပိုင်း	၄၁	၇	၂၀	၅	၁၀	၁၇
အရှေ့ပိုင်း	၂၆	၁၉	၁၅	၁၃	၁၇	၁၀
အရှေ့မြောက်ပိုင်း	၂၀	၇	၃၂	၉	၁၅	၁၇
အနောက်ပိုင်း	၄၂	၇	၂၇	၅	၁၀	၁၀
တောင်ပိုင်း	၂၃	၂၂	၁၅	၂၀	၁၃	၇
အိန္ဒိယ	၃၂	၁၂	၂၁	၁၀	၁၂	၁၃

တောင်အာရှ ဒီမိုကရေစီပြည်နယ်များစစ်တမ်း (၂၀၀၈ ခုနှစ်) မှ အချက်အလက်များ ရယူထားခြင်းဖြစ်သည်။

Of course, there are areas of India, particularly in its non-Hindu peripheries, where it has only managed to maintain its territorial integrity through the use of extreme force. There are several reasons for this. First, although India reorganised its units along ostensibly linguistic lines, almost half of the states of India retained significant heterogeneity. In those cases the locally dominant group felt threatened – as witnessed in Assam, Nagaland and Punjab – often leading to the violent targeting of minorities within the units. Second, where democracy or effective autonomy has been undermined, as in the case of Punjab, Jammu and Kashmir and most of the North-eastern states where state governments have been regularly dismissed, tensions with the centre have increased (Adeney 2007). It is notable that in Kashmir, where electoral manipulation was commonplace, insurgency did not develop until the late 1980s, after the rigging of the 1987 election. The securitisation of the response from the centre through the use of mechanisms such as the Armed Forces Special Powers Act also increased conflict. Although ten people lost their lives at the hands of police bullets in the Patidar protests in 2015 in Gujarat, the situation is incomparable to the use of pellet guns in Kashmir in 2016 (Adeney 2017). Within six months 100 people were estimated to have been killed and 6000 injured. Therefore, violent conflict cannot be divorced from the fact that these states have seen their effective autonomy being reduced.

Pakistan

In contrast, the unwillingness to make compromises over language alienated many groups from the Pakistani state. This included Bengalis whose language was not recognised as State Language on par with Urdu until 1954. It was only belatedly accorded this recognition as a quid pro quo for giving up its demand for a majority of seats (to which they were entitled on the basis of their demographic majority) in the National Assembly. Language policy also alienated other groups within Pakistan, notably Sindhis. It was only after the constitutional redrafting in 1973 that provinces in Pakistan were able to choose to operate in a language other than Urdu. This alienation was compounded by exclusion from the core institutions of the state. Bengalis, Sindhis and Balochis all suffered from underrepresentation in institutions such as the army and the bureaucracy (Adeney 2009). In addition, their provinces suffered from a lack of investment, or, in the case of East Pakistan, under-development, as the resources of the East were extracted to finance the development of the West, particularly that of Punjab province.

အိန္ဒိယနိုင်ငံတွင် အထူးသဖြင့် ဟိန္ဒူဘာသာ မကိုးကွယ်သည့် အစွန်အဖျားဒေသများတွင် နယ်မြေဒေသ ပေါင်းစည်းမှုအား အင်အားအပြင်းအထန်သုံးကာ ထိန်းသိမ်းထားရသည့် နယ်ပယ်များလည်း ရှိပါသည်။ ယင်းအတွက် အကြောင်းအရင်း အတော်များများရှိသည်။ ပထမဦးစွာ အိန္ဒိယနိုင်ငံတွင် ယူနစ်များအား သိသာမြင်သာသည့် ဘာသာစကားဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ပြန်လည်ဖွဲ့စည်းထားသော်လည်း နိုင်ငံ၏ ပြည်နယ်ထက်ဝက်ခန့်နီးပါးတွင် သိသိသာသာ ကွဲပြားစုံလင်မှု ရှိနေဆဲဖြစ်သည်။ ယင်းသို့သောဖြစ်စဉ်များတွင် ဒေသအတွင်း လူများစုအုပ်စုများအတွက် ခြိမ်းခြောက်မှုသဖွယ် ခံစားရပြီး အာသံ၊ နာဂဒေသ နှင့် ပန်ဂျပ်ပြည်နယ်တို့တွင် တွေ့မြင်ရသည့်အတိုင်း ယူနစ်များအတွင်းရှိ လူနည်းစုများအား ဦးတည်သည့် အကြမ်းဖက်မှုများ ပေါ်ပေါက်လာစေတတ်သည်။ ဒုတိယအချက်အနေဖြင့် ပန်ဂျပ်၊ ဂျမ်မူးနှင့် ကက်ရှ်မီးယားဒေသတို့တွင် ကဲ့သို့သော ဒီမိုကရေစီ သို့မဟုတ် ထိရောက်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပျက်ပြားနေသည့် ဒေသများ နှင့် ပြည်နယ်အစိုးရများ ပုံမှန်လစ်ဟာနေလေ့ရှိသည့် အရှေ့မြောက်ပိုင်းပြည်နယ်များတွင် ဗဟိုနှင့်အကြားတင်းမာမှုများ မြင့်တက်လာခဲ့သည် (Adeney ၂၀၀၇)။ ရွေးကောက်ပွဲတွင် ကြိုးကိုင်ခြယ်လှယ်မှုများ ပုံမှန်ဖြစ်ပွားနေကြဖြစ်သည့် ကက်ရှ်မီးယားဒေသတွင် ၁၉၈၇ ခုနှစ် ရွေးကောက်ပွဲလိမ်ညာမှုနောက်ပိုင်း၊ ၁၉၈၀ နှောင်းပိုင်းများမတိုင်မီအထိ ဆူပူသောင်းကျန်းမှုများ ကြီးထွားမလာခဲ့သေးကြောင်း ဂရုပြုနိုင်သည်။ လုံခြုံရေးအရတုံ့ပြန်မှုလုပ်ဆောင်ရာတွင် လက်နက်ကိုင်တပ်ဖွဲ့များ၏ အထူးအာဏာများ အက်ဥပဒေကဲ့သို့သော ယန္တရားများကို ဗဟိုမှ အသုံးပြုခဲ့ခြင်းသည်လည်း ပဋိပက္ခကို ပိုမိုမြင့်တက်စေခဲ့သည်။ ၂၀၁၅ ခုနှစ်၌ ဂူဂျာရတ်ပြည်နယ်တွင် Patidar ဆန္ဒပြမှုများအတွင်း ရဲများ၏ ကျည်ဆန်ကြောင့် ပြည်သူဆယ်ဦး အသက်ဆုံးရှုံးခဲ့ရသော်လည်း အဆိုပါ အခြေအနေသည် ၂၀၁၆ ခုနှစ်၌ ကက်ရှ်မီးယားပြည်နယ်အတွင်း လေသေနတ်များ အသုံးပြုခဲ့မှုနှင့် မနှိုင်းယှဉ်သာပေ (Adeney ၂၀၁၇)။ ၆ လ အတွင်း ခန့်မှန်းခြေ လူ ၁၀၀ ဦး သေဆုံးခဲ့ပြီး ၆၀၀၀ ခန့် ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ ထို့ကြောင့် အကြမ်းဖက်ပဋိပက္ခဖြစ်ပွားမှုများသည် အဆိုပါ ပြည်နယ်များအတွင်း ထိရောက်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် လျော့ချခံရခြင်းများနှင့် ဒွန်တွဲနေပါသည်။

ပါကစ္စတန်

အခြားတစ်ဖက်တွင်မူ ဘာသာစကားနှင့်စပ်လျဉ်း၍ ညှိနှိုင်းမှု ပြုလုပ်လိုသည့် ဆန္ဒမရှိခြင်းကြောင့် ပါကစ္စတန်နိုင်ငံအတွင်းရှိ အုပ်စုများစွာအကြားတွင် သဘောထားကွဲလွဲမှုများ ပေါ်ပေါက်ခဲ့သည်။ ယင်းသို့ သဘောထားကွဲလွဲမှုများတွင် ၁၉၅၄ ခုနှစ်မတိုင်မီထိ ဘင်္ဂလီဘာသာစကားအား အူရဒူဘာသာစကားနှင့် တန်းတူ နိုင်ငံတော်ဘာသာအဖြစ် အသိအမှတ်မပြုခြင်းလည်း ပါဝင်ခဲ့သည်။ ယင်းကို အမျိုးသားပါလီမန်အတွင်း (လူဦးရေအချိုးအစား အများစုရှိခြင်းကို အခြေခံကာ သတ်မှတ်ပေးအပ်ထားသည့်) ဘင်္ဂလီလူမျိုးများ၏ နေရာအများစုကို ဖယ်ပေးခဲ့ရကာ ခန့်မှန်းထားသည်ထက်နောက်ကျပြီး အပေးအယူသဘောဖြင့်သာ အသိအမှတ်ပြုပေးခဲ့သည်။ ဘာသာစကားမူဝါဒသည် ပါကစ္စတန်နိုင်ငံအတွင်းရှိ အခြားသော အုပ်စုများ၊ အထူးသဖြင့် ဆင်ဒီလူမျိုးများကိုလည်း သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်စေခဲ့သည်။ ၁၉၇၃ ခုနှစ်အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းပြန်လည်ရေးဆွဲပြီးနောက်ပိုင်းမှသာ ပါကစ္စတန်နိုင်ငံ၏ ပြည်နယ်များတွင် အူရဒူအပြင် အခြားဘာသာစကားများကို အသုံးပြုနိုင်စေရန် ရွေးချယ်ခွင့်ရှိခဲ့သည်။ ယင်းသို့ သဘောထားကွဲလွဲမှုတွင် အစိုးရ၏ အဓိကအင်စတီကျူးရှင်းများအတွင်း ပါဝင်ခွင့်မှ ဖယ်ကြဉ်ထားခြင်းကလည်း ပိုမိုဆိုးရွားစေခဲ့သည်။ ဘင်္ဂလီများ၊ ဆင်ဒီများနှင့် ဘလူချီများအားလုံးသည် စစ်တပ်နှင့် အစိုးရတို့ကဲ့သို့သော အင်စတီကျူးရှင်းများအတွင်း ကိုယ်စားပြုမှုနိမ့်ကျခြင်းကို ခံစားကြရသည် (Adeney ၂၀၀၉)။ ထို့ပြင် ယင်းတို့၏ ပြည်နယ်များ၊ အထူးသဖြင့် ပန်ဂျပ်ပြည်နယ်သည် ရင်းနှီးမြှုပ်နှံမှုမရှိခြင်းကို ခံစားကြရပြီး အရှေ့ပါကစ္စတန်၏ ဖြစ်စဉ်တွင် အရှေ့မှ သယံဇာတများအား ထုတ်ယူကာ အနောက်ဘက်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးပံ့ပိုးသောကြောင့် ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျနေသည်။

National versus Regional Identity in Pakistan

	Only national	More national	Equally national & regional	More regional & less national	Only regional	No opinion
Urdu	60	8	9	4	16	3
Hindko	51	19	7	9	11	3
Punjabi	47	17	12	4	15	5
Pushto	33	16	17	5	22	7
Seraiki	32	10	13	10	29	6
Sindhi	23	11	8	9	36	14
Balochi	18	18	16	3	17	28
Pakistan	40	14	12	6	20	8

Data taken from the State of Democracy in South Asia Survey (2008).

The refusal to redraw provincial boundaries ensured that Pakistan's federation exited with a very low number of provinces. This has not only exacerbated conflict between provinces (e.g. the tension between East and West Pakistan) but also meant that the larger provinces in terms of population – East Pakistan before its secession in 1971 and Punjab after 1971 – threatened the other provinces by their demographic majority. In the case of the Punjab, its domination was compounded by the over representation of Punjabis (or sections of Punjabis) in the core institutions of state such as the army and the bureaucracy. As Henry Hale has argued, 'ethnofederal states are more likely to collapse when they contain a core ethnic region – a single federal region that enjoys dramatic superiority in population' (2004, 166). Given that many of the units of the western wing were linguistically heterogeneous, the basis for a reorganisation of provinces along linguistic lines exists – although it must be conceded that parties supporting particular reorganisations (such as those agitating for a Seraiki province (out of Punjab) or a Hindko speaking province (out of Khyber Pakhtunkhwa)) do not receive much electoral support. In addition, any reorganisation of provinces would have to face up to the thorny issue of the city of Karachi, and demands for it to be separated from the province of Sindh, which would be explosive.

ပါကစ္စတန်နိုင်ငံရှိ နိုင်ငံသားနှင့် နယ်သားဆိုင်ရာ ကိုယ်ပိုင်လက္ခဏာ

	နိုင်ငံသားသာ ဖြစ်သည်ဟု ခံယူ	နိုင်ငံသားဟု ပိုမိုခံယူ	နိုင်ငံသား နှင့် နယ်သား တစ်ဝက်စီ ဖြစ်သည်ဟု ခံယူ	နယ်သားဟု ပိုမိုခံယူပြီး နိုင်ငံသားဟု ခံယူမှု အားနည်း	နယ်သားသာ ဖြစ်သည်ဟု ခံယူ	မည်သို့မျှ မထင်မြင်
အူရဒူ	၆၀	၈	၉	၄	၁၆	၃
Hindko	၅၁	၁၉	၇	၉	၁၁	၃
ပန်ချာဗီ	၄၇	၁၇	၁၂	၄	၁၅	၅
Pushto	၃၃	၁၆	၁၇	၅	၂၂	၇
Seraiki	၃၂	၁၀	၁၃	၁၀	၂၉	၆
ဆင်ဒီ	၂၃	၁၁	၈	၉	၃၆	၁၄
ဘလူချီ	၁၈	၁၈	၁၆	၃	၁၇	၂၈
ပါကစ္စတန်	၄၀	၁၄	၁၂	၆	၂၀	၈

တောင်အာရှ ဒီမိုကရေစီပြည်နယ်များ စစ်တမ်း (၂၀၀၈ ခုနှစ်) မှ အချက်အလက်များ ရယူထားခြင်းဖြစ်သည်။

ပါကစ္စတန်ဖက်ဒရေးရှင်းတွင် ပြည်နယ်များ၏ နယ်နိမိတ်များကို ပြန်လည်ရေးဆွဲရန် ငြင်းဆိုခဲ့သောကြောင့် ပြည်နယ်အရေအတွက် အလွန်နည်းပါးစွာ ရှိပါသည်။ ယင်းသည် ပြည်နယ်များအကြားရှိ ပဋိပက္ခများ (ဥပမာ- အရှေ့နှင့် အနောက်ပါကစ္စတန်တို့ကြားရှိ တင်းမာမှုများ) ကို ပိုမိုဆိုးရွားစေခဲ့ရုံသာမကဘဲ လူဦးရေအားဖြင့် ပိုမိုပမာဏများပြားသည့် ပြည်နယ်များ - ၁၉၇၁ ခုနှစ် ခွဲထွက်မှု မပြုရသေးမီ အရှေ့ပါကစ္စတန် နှင့် ၁၉၇၁ ခုနှစ် နောက်ပိုင်း ပန်ဂျပ်ပြည်နယ် - သည် ယင်းတို့၏ လူဦးရေအချိုးအစား များပြားမှုကြောင့် ကျန်ပြည်နယ်များအပေါ် ခြိမ်းခြောက်မှုသဖွယ် ဖြစ်လာစေပါသည်။ ပန်ဂျပ်ပြည်နယ်၏ ဖြစ်စဉ်တွင် နိုင်ငံတော်၏ အဓိကအင်စတီကျူးရှင်းများဖြစ်သော စစ်တပ်နှင့် အစိုးရတို့အတွင်း ပန်ချာဗီများ (ပန်ချာဗီလူမျိုးစုများ) အလွန်အကျွံကိုယ်စားပြုပါဝင်နေခြင်းကြောင့် ယင်း၏ လွှမ်းမိုးမှုသည် ပိုမို၍ပင် တိုးပွားလာခဲ့သည်။ Henry Hale က 'လူမျိုးစုဖက်ဒရယ်ပြည်နယ်များတွင် အဓိက လူမျိုးစုဒေသကြီးတစ်ခု - လူဦးရေအားဖြင့် သိသိသာသာ အမြင့်မားဆုံးဖြစ်နေသည့် ဖက်ဒရယ်ဒေသကြီးတစ်ခု - ပါဝင်ပါက ပြိုကွဲရန် အလားအလာ ပိုမိုမြင့်မားသည်' ဟု ဆိုခဲ့သည် (၂၀၀၄၊ ၁၆၆)။ အနောက်ဘက်ခြမ်းရှိ ယူနစ်များစွာသည် ဘာသာစကားအားဖြင့် ကွဲပြားလျက်ရှိသောကြောင့် ပြည်နယ်များအား ဘာသာစကားဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ပြန်လည်ဖွဲ့စည်းရန် အခြေခံအကြောင်းတစ်ခု တည်ရှိပါသည်။ သို့သော် ((ပန်ဂျပ်ပြည်နယ်မှ) Seraiki ပြည်နယ်သို့ သို့မဟုတ် (Khyber Pakhtunkhwa မှ) Hindko ဘာသာစကားပြောဆိုသည့် ပြည်နယ်အဖြစ် ပြန်လည်ဖွဲ့စည်းမှုကို ကန့်ကွက်သူများကဲ့သို့) အချို့သော ပြန်လည်ဖွဲ့စည်းမှု ပုံစံများအား ထောက်ခံသည့် ပါတီများသည် ရွေးကောက်ပွဲတွင် ထောက်ခံမှုများစွာမရရှိကြောင်းကိုမူ ဝန်ခံရပေမည်။ ထို့ပြင် ပြည်နယ်များအား မည်သို့ ပြန်လည်ဖွဲ့စည်းစေကာမူ ကရာချီမြို့၏ အငြင်းပွားဖွယ်ပြဿနာနှင့် ယင်းအား ဆင်းဒ် ပြည်နယ်မှ ခွဲထုတ်ရန် တောင်းဆိုမှုများကို ရင်ဆိုင်ရမည်ဖြစ်ပြီး ယင်းသို့လုပ်ဆောင်သည့် ကိစ္စသည်လည်း ထိခိုက်လွယ်နိုင်သည်။

Lessons for Other Federations

Federal (re)design continues apace in the region and elsewhere. In the South Asia region, federal discussions continue in Myanmar and Nepal. The case of India demonstrates that demands for "ethnic" provinces, such as in the Seraiki region of Pakistan and in the Madhesi regions of Nepal are likely to increase rather than decrease affinity with the central state. It also prescribes that these territories should be made as homogeneous as possible. The states of India that have continued to experience violent conflict after territorial reorganisation along 'ethnic' lines have been those in which sizeable pockets of diversity remain e.g. Nagaland and Assam. Where such diversity remains, non-territorial power sharing is necessary in addition to territorial models (Bhattacharyya, Suan Hausing et al. 2017).

However, this comes with a caveat: such autonomy should be part of a wider accommodation of groups within central power structures. Access to central power is important and Pakistan's failure to include all of its provinces within central power structures has undermined the affinity of many of its groups to the states. In states such as neighbouring Myanmar and Nepal it is important not to pursue a majoritarian-led democratisation. A truly representative democratisation is vital for federations to accommodate territorially concentrated groups successfully.

.

အခြား ဖက်ဒရေးရှင်းများအတွက် သင်ခန်းစာများ

ဖက်ဒရယ်ပုံစံ(ပြန်လည်)ရေးဆွဲခြင်းများကို ဒေသတွင်းနှင့် ကျန်နေရာများတွင် လျင်မြန်စွာ လုပ်ဆောင်လျက်ရှိကြသည်။ တောင်အာရှဒေသတွင် ဖက်ဒရယ်ဆွေးနွေးပွဲများသည် မြန်မာနှင့် နီပေါနိုင်ငံတို့တွင် လုပ်ဆောင်နေကြဆဲဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ ဖြစ်စဉ်အရ ပါကစ္စတန်၏ Seraiki ဒေသ နှင့် နီပေါ၏ Madhesi ဒေသတို့တွင်ကဲ့သို့သော 'လူမျိုးစု' ပြည်နယ်များ တောင်းဆိုခြင်းများသည် ဗဟိုအစိုးရနှင့် နီးစပ်မှုအား လျော့မသွားစေဘဲ ပိုမိုတိုးတက်လာစေနိုင်ဖွယ်ရှိသည်။ ယင်းဖြစ်စဉ်အရ နယ်မြေဒေသများအား တတ်နိုင်သလောက် တစ်သားတည်း ဖြစ်နေစေရန် ဖော်ဆောင်သင့်ကြောင်း တွေ့မြင်ရသည်။ 'လူမျိုးစု' သတ်မှတ်ချက်များနှင့်အညီ နယ်မြေဒေသဆိုင်ရာ ပြန်လည်ဖွဲ့စည်းမှု နောက်ပိုင်းတွင် အကြမ်းဖက်ပဋိပက္ခများ ဆက်လက် တွေ့ကြုံနေရသည့် အိန္ဒိယရှိ ပြည်နယ်များ ဥပမာ -နာဂဒေသနှင့် အာသံတို့သည် မတူကွဲပြားမှု သိသိသာသာ ကျန်ရှိနေသေးသည့် ဒေသများဖြစ်သည်။ ယင်းသို့ မတူကွဲပြားမှု ဆက်လက်ရှိနေသေးသည့်အခါတွင် နယ်မြေဒေသဆိုင်ရာ အာဏာခွဲဝေမှုပုံစံများအပြင် နယ်မြေဒေသအလိုက် မဟုတ်သည့် အာဏာခွဲဝေမှုပုံစံများကိုလည်း ကျင့်သုံးရန် လိုအပ်သည် (Bhattacharyya, Suan Hausing နှင့် အခြားပုဂ္ဂိုလ်များ ၂၀၁၇)။

မည်သို့ပင်ဆိုစေကာမူ ဤသို့ လုပ်ဆောင်ရာတွင် ကြိုတင်ဂရုပြုရမည့်အချက်ရှိသည် - ယင်းသို့သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်သည် ဗဟိုအာဏာပိုင်အဖွဲ့အစည်းများအတွင်း အုပ်စုများ၏ ပိုမိုကျယ်ပြန့်သည့် ညှိနှိုင်းမှု၏ အစိတ်အပိုင်းဖြစ်ရမည်ဖြစ်သည်။ ဗဟိုလုပ်ပိုင်ခွင့်အာဏာ အသုံးချခွင့်သည် အရေးကြီးပြီး ပါကစ္စတန်နိုင်ငံအနေဖြင့် ယင်း၏ ပြည်နယ်များအားလုံးကို ဗဟိုအာဏာပိုင်အဖွဲ့အစည်းများအတွင်း ထည့်သွင်းရန်ပျက်ကွက်ခြင်းကြောင့် ယင်း၏ အုပ်စုများနှင့် အစိုးရများအကြား နီးစပ်မှုကို ထိခိုက်စေခဲ့သည်။ အိမ်နီးချင်း မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့ကဲ့သို့သော နိုင်ငံများတွင် ဒီမိုကရေစီဖော်ဆောင်ရာတွင် လူများစု ဦးဆောင်သည့် ပုံစံဖြင့် မဖော်ဆောင်ရန် အရေးကြီးပါသည်။ ဖက်ဒရေးရှင်းများအနေဖြင့် နယ်မြေဒေသအားဖြင့် စုစည်းနေသည့် အုပ်စုများနှင့် အောင်မြင်စွာ လိုက်လျောညီထွေ ဆောင်ရွက်နိုင်ရေးအတွက် စစ်မှန်သည့် ကိုယ်စားပြု ဒီမိုကရေစီဖော်ဆောင်ရန် အလွန်အရေးကြီးပါသည်။

Further Reading

Adeney, K. (2007). *Federalism and ethnic conflict regulation in India and Pakistan. Basingstoke, Palgrave Macmillan,: xviii, 238 p.*

Adeney, K. (2017). *"Does ethnofederalism explain the success of Indian federalism?" India Review 16(1): 125-148.*

Anderson,L.(2014). *"Ethnofederalism: The Worst Form of Institutional Arrangement...?" International Security 39(1): 165-204.*

Jayal, N. (2006). *Representing India: Ethnic Diversity and the Governance of Public Institutions, Palgrave Macmillan.*

Tillin, L. (2013). *Remapping India: new states and their political origins. London, Hurst.*

Bibliography

Adeney, K. (2007). *Federalism and ethnic conflict regulation in India and Pakistan. Basingstoke, Palgrave Macmillan,: xviii, 238 p.*

Adeney, K. (2009). *"The limitations of non-consociational federalism – the example of Pakistan." Ethnopolitics 8(1): 87-106.*

Adeney, K. (2017). *"Does ethnofederalism explain the success of Indian federalism?" India Review 16(1): 125-148.*

Anderson, L. (2014). *"Ethnofederalism: The Worst Form of Institutional Arrangement...?" International Security 39(1): 165-204.*

Bhattacharyya, H., et al. (2017). *"Indian federalism at the crossroads: Limits of the territorial management of ethnic conflict." India Review 16(1): 149-178.*

Callaghy, T. M., et al. (2001). *Rightsizing the state: the politics of moving borders. New York, Oxford University Press.*

Hale, H. (2004). *"Divided We Stand: Institutional Sources of Ethnofederal State Survival and Collapse." World Politics 56(2): 165-193.*

Jayal, N. (2006). *Representing India: Ethnic Diversity and the Governance of Public Institutions, Palgrave Macmillan.*

SDSA (2008). *State of Democracy in South Asia. New Delhi, Oxford University Press.*

Tillin, L. (2013). Remapping India: new states and their political origins. London, Hurst.

2. Nigeria: A Federation in Search of Federalism

နိုင်ဂျီးရီးယား - ဖက်ဒရယ်စနစ်အား ရှာဖွေဆဲ ဖက်ဒရေးရှင်းတစ်ခု

Dele Babalola

Dele Babalola teaches at the Department of International Relations and Diplomacy, Baze University, Abuja, Nigeria. He holds a PhD in politics and government from the University of Kent and also obtained an MPhil in West African politics from the University of Birmingham (United Kingdom). He further holds an MSc in research methods in the social sciences from London South Bank University (United Kingdom), and a BSc in political science from Ahmadu Bello University (Nigeria). His research areas focus on federalism, political economy, ethnicity, and terrorism in Nigeria.

Dele Babalola

Dele Babalola သည် နိုင်ဂျီးရီးယားနိုင်ငံ အဘူဂျာမြို့ဘေ့ဇ်တက္ကသိုလ်ရှိ နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေးရာဌာနတွင် သင်ကြားပို့ချနေသူဖြစ်သည်။ သူသည် ကန့်တက္ကသိုလ်မှ နိုင်ငံရေးနှင့်အစိုးရဆိုင်ရာ PhD ဘွဲ့ရရှိထားပြီး ဘာမင်ဂမ်တက္ကသိုလ် (ယူနိုက်တက်ကင်းဒမ်း)မှ အနောက်အာဖရိကနိုင်ငံရေးဆိုင်ရာ MPhil ဘွဲ့လည်း ရရှိထားသူဖြစ်သည်။ ထို့ပြင် သူသည် London South Bank တက္ကသိုလ် (ယူနိုက်တက်ကင်းဒမ်း) မှ လူမှုရေးသိပ္ပံ သုတေသနနည်းစနစ်များဆိုင်ရာ MSc ဘွဲ့လည်း ရရှိထားကာ Ahmadu Bello တက္ကသိုလ် (နိုင်ဂျီးရီးယား) မှ နိုင်ငံရေးသိပ္ပံဆိုင်ရာ BSc ဘွဲ့လည်းရရှိထားသည်။ သူ၏ သုတေသနနယ်ပယ်များသည် ဖက်ဒရယ်စနစ်၊ နိုင်ငံရေး ဘောဂဗေဒ၊ လူမျိုးစုအရေးနှင့် နိုင်ဂျီးရီးယားနိုင်ငံရှိ အကြမ်းဖက်ဝါဒတို့တွင် အာရုံစူးစိုက်သည်။

Abstract

This article argues that the Nigerian federation epitomises an incomplete federal arrangement. The feelings of marginalisation, which had been suppressed during the military era are fully expressed by ethno-regional groups in the post-military era and these feelings finds expression in the potent agitation for a more functional federal system. The Nigerian political elites have at different times attempted to grapple with the imperfections inherent in the country's federal system by putting in place a range of distributive and structural mechanisms but the increasing agitation for "true federalism" indicates that the governmental system is defective and in serious need of some bold political reform.

အနှစ်ချုပ်

ဤစာတမ်းတွင် နိုင်ဂျီးရီးယားဖက်ဒရေးရှင်းအား လိုအပ်ချက်များရှိနေသည့် ဖက်ဒရယ်အစီအစဉ်တစ်ခု၏ အကောင်းဆုံး သာဓကတစ်ရပ်အဖြစ် ဖော်ပြထားသည်။ ဒေသတွင်းလူမျိုးအခြေခံအုပ်စုများသည် စစ်တပ်အုပ်ချုပ်ခဲ့စဉ် ကာလအတွင်း ချုပ်တည်းထားခဲ့ရသော ဖယ်ကြဉ်ခံထားရသည်ဟူသည့် ခံစားချက်များကို စစ်တပ်အုပ်ချုပ်မှုလွန်မြောက်ပြီး ကာလတွင် အပြည့်အဝ ထုတ်ဖော်ပြသလာကြသည်။ ယင်းသို့ ထုတ်ဖော်ပြသကြရာတွင် ပိုမို အလုပ်ဖြစ်သည့် ဖက်ဒရယ်စနစ်တစ်ခုကို လိုလားကြောင်း ပြင်းပြသည့်ဆန္ဒများကို တွေ့မြင်ရသည်။ နိုင်ဂျီးရီးယားနိုင်ငံရှိ နိုင်ငံရေးထိပ်သီးခေါင်းဆောင်များသည် ခွဲတမ်းချထားပေးသည့် ဖွဲ့စည်းပုံဆိုင်ရာစနစ် အမျိုးမျိုးကို ဖော်ဆောင်ခြင်းဖြင့် တိုင်းပြည်၏ ဖက်ဒရယ်စနစ်အတွင်းရှိ အပြစ်အနာအဆာများကို ရင်ဆိုင်ဖြေရှင်းရန်အတွက် ခေတ်ကာလအမျိုးမျိုးတွင် ကြိုးပမ်းခဲ့ကြဖူးသည်။ သို့ရာတွင် 'စစ်မှန်သည့် ဖက်ဒရယ်စနစ်' ဖော်ဆောင်ရေး လှုပ်ရှားမှုများ တိုးပွားလာခြင်းသည် အစိုးရစနစ်တွင် ချို့ယွင်းချက်များရှိနေပြီး နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ သိသိသာသာ လုပ်ဆောင်ရန် အရေးတကြီးလိုအပ်နေကြောင်းကို ဖော်ပြနေပေသည်။

Introduction

The increasing agitation for a functional federal system or what is referred to as 'true federalism' in the Nigerian parlance, after the democratic transition that culminated in civil rule in 1999 is an indication that all is not well with the existing practice of federalism in Nigeria. The apparent defects in the federal system, no doubt, provide the basis for this agitation. Nigeria is a federation operating a federal constitution but in practice the country works as a unitary state, a fallout of the centralising tendencies that have come to characterise the governmental system. However, there seems to be a consensus, especially in the southern part of the country that the operation of federalism in Nigeria does not conform to the fundamental principles of federalism. As Wheare (1963: 20) argues, 'a country may have a federal constitution, but in practice it may work that constitution in such a way that its government is not federal'. Also, as Erk (2004: 3) suggests, 'the presence of a federation should not blind us to the absence of federalism'. In other words, there may be a federation without federalism. The Nigerian model is argued to be a reflection of such an incomplete federal arrangement.

This article seeks to depict Nigeria as a federation without federalism. It further seeks to examine the quest of the Nigerian people for an authentic federal system. The starting point, therefore, is to make a conceptual clarification between federalism and federation. This helps to avoid the danger of misapplication and also put the article in a proper theoretical perspective.

Federalism and Federation: Conceptual Clarifications

Federalism, like most Social Science concepts, has no standard definition as it 'may mean all things to all men' (Duchacek, 1970: 189). However, the difficulty in defining this concept has not stopped earlier writers from bequeathing to us some valuable definitions. Federalism has been defined variously as a political philosophy and an ideological position (King, 1982: 75); a 'political principle' involving 'the constitutional diffusion of power' between the central and the constituent governments to achieve 'self-rule and shared rule' (Elazar, 1987: 5–6); and a 'value concept' that informs federation (Burgess, 1993: 3).

Federalism may mean different things to different people, but what appears to be constant about this political system is the intrinsic principle that distinguishes it from other systems. This principle, which Wheare (1963: 10) called the federal principle, has been defined as the 'method of dividing powers so

နိဒါန်း

၁၉၉၉ ခုနှစ်အတွင်းအရပ်ဘက်အုပ်ချုပ်မှုမှ ပေါ်ပေါက်လာခဲ့သည့် ဒီမိုကရေစီ အကူးအပြောင်းနောက်ပိုင်းတွင် ကောင်းစွာလည်ပတ်နိုင်သည့် ဖက်ဒရယ်စနစ်တစ်ခု သို့မဟုတ် နိုင်ကျိုးရီးယား အသုံးအနှုန်းဖြင့်ဆိုရသော် 'စစ်မှန်သည့် ဖက်ဒရယ်စနစ်' တစ်ခု ပေါ်ပေါက်လာရေး လှုပ်ရှားမှုများ တိုးပွားလာခြင်းက နိုင်ကျိုးရီးယားနိုင်ငံတွင် လက်ရှိကျင့်သုံးနေသော ဖက်ဒရယ်စနစ်သည် အလုံးစုံအခြေအနေကောင်းမွန်ခြင်းမရှိဟုညွှန်ပြနေသည်။ ဖက်ဒရယ်စနစ်အတွင်းရှိ သိသာသည့် ချို့ယွင်းချက်များသည် အဆိုပါထကြွလှုပ်ရှားမှုများ၏ အရင်းခံဖြစ်ကြောင်း သံသယဖြစ်ဖွယ်မရှိပေ။ နိုင်ကျိုးရီးယားသည် ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုဖြင့် လည်ပတ်နေသည့် ဖက်ဒရေးရှင်းတစ်ခုဖြစ်သည်။ လက်တွေ့တွင်မူ ဗဟိုချုပ်ကိုင်မှုဘက်သို့ အလေးသာနေသည့် အစိုးရစနစ်၏ လက္ခဏာရပ်များကြောင့် နိုင်ကျိုးရီးယားနိုင်ငံသည် တစ်ပြည်ထောင်နိုင်ငံတစ်ခုသဖွယ် လည်ပတ်နေသည်။ နိုင်ကျိုးရီးယားနိုင်ငံရှိ ဖက်ဒရယ်စနစ်လည်ပတ်ပုံသည် ဖက်ဒရယ်စနစ်၏ အခြေခံမူများနှင့် ညီညွတ်ခြင်းမရှိကြောင်း အများက၊ အထူးသဖြင့် နိုင်ငံ၏တောင်ဘက် အစိတ်အပိုင်းများက တညီတညွတ်တည်းရှုမြင်ကြသည်။ Wheare (၁၉၆၃ - ၂၀) က 'တိုင်းပြည်တစ်ပြည်တွင် ဖက်ဒရယ် အခြေခံဥပဒေတစ်ရပ်ရှိနေသော်လည်း လက်တွေ့တွင် ယင်းအခြေခံဥပဒေကိုပင် အသုံးပြုကာ အဆိုပါတိုင်းပြည်၏ အစိုးရအား ဖက်ဒရယ်မဟုတ်သည့် အစိုးရတစ်ရပ် ဖြစ်စေနိုင်သည်။' ဟု ဆိုထားသည်။ ထို့ပြင် Erk (၂၀၀၄ - ၃) ကလည်း 'ဖက်ဒရေးရှင်းတစ်ခုရှိနေရုံမျှဖြင့် ဖက်ဒရယ်စနစ်တစ်ရပ် ရှိနေသည်ဟူ၍ မျက်စိမှိတ်ယူဆရန် မသင့်။' ဟု ဆိုထားပါသည်။ တစ်နည်းအားဖြင့် ဆိုရသော် ဖက်ဒရယ်စနစ်မရှိသော ဖက်ဒရေးရှင်းတစ်ခုဟူ၍ ရှိနေနိုင်သည်။ နိုင်ကျိုးရီးယားနိုင်ငံ၏ ပုံစံသည် ယင်းကဲ့သို့သော ချို့ယွင်းချက်များရှိနေသည့် ဖက်ဒရယ်အစီအစဉ်တစ်ခု၏ သာဓကတစ်ရပ်ဖြစ်ကြောင်း ဆိုထားပါသည်။

ဤစာတမ်းတွင် နိုင်ကျိုးရီးယားနိုင်ငံအား ဖက်ဒရယ်စနစ်မရှိသည့် ဖက်ဒရေးရှင်းတစ်ခုအဖြစ် တင်ပြထားပါသည်။ ဤစာတမ်းအတွင်း နိုင်ကျိုးရီးယား ပြည်သူများ၏ စစ်မှန်သော ဖက်ဒရယ်စနစ်တစ်ခု ပေါ်ပေါက်ရေးကြိုးပမ်းချက်များကိုလည်း ထပ်မံ၍ စိစစ်သုံးသပ်ထားပါသည်။ ထို့ကြောင့် ကနဦးအနေဖြင့် ဖက်ဒရယ်စနစ် နှင့် ဖက်ဒရေးရှင်းတို့ကြားရှိ အယူအဆကို ရှင်းလင်းစွာ နားလည်သဘောပေါက်ရန် အရေးကြီးသည်။ ယင်းကဲ့သို့နားလည်သဘောပေါက်ခြင်းအားဖြင့် လွဲမှားစွာ အသုံးပြုသည့် အန္တရာယ်ကို ရှောင်ရှားနိုင်ရန် အထောက်အကူပြုပြီး စာတမ်းကိုလည်း သင့်လျော်သည့် သီအိုရီပိုင်းဆိုင်ရာ ရှုထောင့်အတွင်း ရှိနေစေပါသည်။

ဖက်ဒရယ်စနစ် နှင့် ဖက်ဒရေးရှင်း - အယူအဆပိုင်းဆိုင်ရာ ရှင်းလင်းချက်များ

လူမှုရေးသိပ္ပံအယူအဆ အများစုကဲ့သို့ပင် ဖက်ဒရယ်စနစ်သည်လည်း 'လူတိုင်းအတွက် အဓိပ္ပာယ် အမျိုးမျိုးထွက်နိုင်သောကြောင့်' ဖက်ဒရယ်စနစ်တွင် စံအဓိပ္ပာယ်ဖွင့်ဆိုချက်ဟူ၍မရှိပါ (Duchacek, ၁၉၇၀ - ၁၈၉)။ သို့တိုင် အဆိုပါ အယူအဆအား အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အခက်အခဲများ ရှိနေသော်လည်း ရှေးစာဆိုများက တန်ဖိုးရှိသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်အချို့ကို ကျွန်ုပ်တို့အတွက် အမွေအဖြစ်ချန်ထားခဲ့ပါသည်။ ဖက်ဒရယ်စနစ်အပေါ် နိုင်ငံရေးအယူအဆတစ်ရပ်အဖြစ် သာမကဘဲ ခံယူချက်ဆိုင်ရာ ရပ်တည်မှုတစ်ခုအဖြစ်ပါ အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုခဲ့ကြသည် (King, ၁၉၈၂ - ၇၅)၊ ဖက်ဒရယ်စနစ် သည် 'ကိုယ်ပိုင်အုပ်ချုပ်မှု နှင့် မျှဝေအုပ်ချုပ်မှု' တို့ကို ဖော်ဆောင်နိုင်စေရန် ဗဟိုအစိုးရ နှင့်ပြည်နယ်/ယူနစ် အစိုးရများအကြား 'ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာခွဲဝေခြင်း' ပါဝင်သည့် 'နိုင်ငံရေး အခြေခံသဘောတရား' တစ်ရပ်ဖြစ်သည် (Elazar, ၁၉၈၇- ၅-၆)၊ ဖက်ဒရယ်စနစ်သည် ဖက်ဒရေးရှင်း၏ အနှစ်သာရဖြစ်သည့် 'ခံယူချက် အယူအဆ' တစ်ရပ်ဖြစ်သည် (Burgess, ၁၉၉၃ - ၃)။

ဖက်ဒရယ်စနစ်သည် လူအမျိုးမျိုးအတွက် အဓိပ္ပာယ်အမျိုးမျိုးထွက်နိုင်သော်လည်း အပြောင်းအလဲ မရှိသည်မှာ အဆိုပါ နိုင်ငံရေးစနစ်အား အခြားသောစနစ်များနှင့် ကွဲပြားစေသည့် ပင်ကိုမူလ အခြေခံသဘောတရားပင်ဖြစ်သည်။ ယင်းအခြေခံသဘောတရားကို Wheare (၁၉၆၃- ၁၀) က ဖက်ဒရယ်အခြေခံသဘောတရားဟုခေါ်ပြီး 'နယ်ပယ်အဝန်း

that the general and regional governments are each, within a sphere, co-ordinate and independent'. What is meant by 'independent' here is that each tier of government has its own independent functions and neither has supreme authority over the other. However, this view poses a problem of applicability because some measures of interdependence and cooperation are necessary for the successful operation of any given federal system. Therefore, federalism refers to a system of government in which powers are shared between the central (federal) government and the federating/constituent/component units (or states as used in Nigeria).

Federation, on the other hand, is a state in which both the central government and the constituent governments 'rule over the same territory and people and each has the authority to make some decisions independently of the other' (Riker, 1964: 5). Also, as King (1982: 77) posits, a federation is a sovereign state in which the central government incorporates governments of regional units into its decision-making procedure on some constitutionally entrenched basis. Thus federation is a state with two or more tiers of government in which there is a constitutional division of power between the central government which is in charge of the whole territory and the constituent units. Given these definitions, therefore, Nigeria is a federation. An average citizen in Nigeria is subjected to at least two main levels of authority: that of the state and the country, but does the federation practice federalism?

The country's constitution entrenches a clear division of competences between the federal government and the 36 states that make up the federation. There are basically two legislative lists – the exclusive and concurrent lists. Functions not specified in these two are assigned to the state governments as residual functions, and as we know, 'whoever has the residue, neither general nor regional government is subordinate to the other' (Wheare, 1963: 12). With this constitutional arrangement, it is not difficult to see the dominance of the federal government or put differently, the subordination of the states to the centre.

Federalism in Nigeria

Nigeria, a previously unitary state, became a federation in 1954. Nigeria's founding fathers desired a federal political framework, believing that federal states have the structural capacity to accommodate diversity. Besides this desire, there was also the presence of certain socio-economic conditions (Babalola, 2013; Suberu, 2001). Although Riker (1964) had earlier argued against the relevance of these conditions, Babalola (2013) has convincingly argued that Riker's rejection of social and economic conditions in the creation of the Nigerian Federation is unsustainable. The presence of these factors evidently explains why

အပိုင်းတစ်ခုအတွင်း ဗဟိုအစိုးရနှင့် ဒေသန္တရအစိုးရတစ်ခုချင်းစီအား ညှိနှိုင်းဆောင်ရွက်နိုင်စေရန် နှင့် သီးခြားလွတ်လပ်စွာ ဆောင်ရွက်နိုင်ရန် အာဏာများ ပိုင်းခြားခွဲဝေပေးသည့် နည်းလမ်း' တစ်ရပ်အဖြစ် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ဤနေရာတွင် 'သီးခြားလွတ်လပ်မှု' ဟူသည်မှာ အစိုးရအဆင့်တစ်ရပ်ချင်းစီတွင် ယင်းတို့၏ ကိုယ်ပိုင် လုပ်ငန်း လည်ပတ်ဆောင်ရွက်ချက်များ ကိုယ်စီရှိကြပြီး မည်သည့်အစိုးရအဆင့်ကမျှ ကျန်အစိုးရများအပေါ် ချုပ်ကိုင်ထားနိုင်သည့် လုပ်ပိုင်ခွင့်အာဏာမရှိခြင်းကို ဆိုလိုသည်။ သို့ရာတွင် မည်သည့် ဖက်ဒရယ်စနစ်တွင်မဆို အောင်မြင်စွာလည်ပတ်နိုင်ရန်အတွက် အပြန်အလှန်မှီခိုမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အတိုင်းအတာတစ်ခုအထိ လိုအပ်သောကြောင့် အထက်ပါ ယူဆချက်အား လက်တွေ့အသုံးချရာတွင် ပြဿနာတစ်ရပ်ရှိနေသည်။ ထို့ကြောင့် ဖက်ဒရယ်စနစ်ဆိုသည်မှာ ဗဟို (ဖက်ဒရယ်) အစိုးရနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ/နယ်မြေ/အစိတ်အပိုင်း ယူနစ်များ (သို့မဟုတ် နိုင်ကျီးရီးယားတွင် အသုံးပြုသည့်အတိုင်း ပြည်နယ်များ) ကြားတွင် အာဏာများကို မျှဝေထားသည့် အစိုးရစနစ်တစ်ရပ်ကို ရည်ညွှန်းသည်။

အခြားတစ်ဖက်တွင် ဖက်ဒရေးရှင်းတစ်ခုဆိုသည်မှာ ဗဟိုအစိုးရ နှင့် ယူနစ် အစိုးရများမှ 'တူညီသည့် ပိုင်နက်နယ်နိမိတ်နှင့် ပြည်သူလူထုကို အုပ်ချုပ်ကာ အစိုးရတစ်ရပ်ချင်းစီတွင် အချို့သော ဆုံးဖြတ်ချက်များအား ကျန်အစိုးရတစ်ရပ်အပေါ် အမှီအခိုကင်းစွာ ချမှတ်နိုင်သည့် အာဏာများရှိသော' နိုင်ငံတစ်နိုင်ငံဖြစ်သည် (Riker, ၁၉၆၄- ၅)။ ထို့ပြင် King (၁၉၈၂- ၇၇) ၏ အဆိုအရ ဖက်ဒရေးရှင်းတစ်ခုဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ချက်အချို့ကို အခြေခံကာ ဗဟို အစိုးရ၏ ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ထုံးလုပ်နည်းအတွင်း ဒေသန္တရ ယူနစ်များ၏ အစိုးရများအား ပေါင်းစပ်ထည့်သွင်းသည့် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထို့ကြောင့် ဖက်ဒရေးရှင်းဆိုသည်မှာ နှစ်ရပ် သို့မဟုတ် ထို့ထက်ပိုသော အစိုးရ အဆင့်များရှိပြီး နယ်နိမိတ်တစ်ခုလုံးကို အုပ်ချုပ်ရသည့် ဗဟိုအစိုးရနှင့် အစိတ်အပိုင်းယူနစ်များ ကြားတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာများ ခွဲဝေထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထို့ကြောင့်အထက်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များအရ နိုင်ကျီးရီးယားနိုင်ငံသည် ဖက်ဒရေးရှင်းတစ်ခု ဖြစ်သည်။ နိုင်ကျီးရီးယားရှိ သာမန်ပြည်သူတစ်ဦးသည် အနည်းဆုံး အနေဖြင့် ပြည်နယ်အစိုးရနှင့် နိုင်ငံတော်အစိုးရဟူသော အဓိက အာဏာပိုင်အဖွဲ့အစည်းနှစ်ရပ်၏ အုပ်ချုပ်ခြင်းကို ခံရသည်။ သို့ရာတွင် အဆိုပါ ဖက်ဒရေးရှင်းတွင် ဖက်ဒရယ်စနစ်ကို ကျင့်သုံးပါသလော၊

နိုင်ကျီးရီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဖက်ဒရေးရှင်းတွင်ပါဝင်သော ဖက်ဒရယ်အစိုးရနှင့် ပြည်နယ် ၃၆ ခု၏ အစိုးရများကြားရှိ လုပ်ပိုင်ခွင့်အာဏာများကို ရှင်းလင်းစွာ ပိုင်းခြားသတ်မှတ်ဖော်ပြထားသည်။ အခြေခံအားဖြင့် အာဏာ ၂ မျိုးကို ဥပဒေပြဋ္ဌာန်းသတ်မှတ်ထားသည်။ ယင်းတို့မှာ - သီးသန့်အာဏာများနှင့်အပြိုင် (ထပ်တူပြု)အာဏာများ စာရင်းတို့ဖြစ်ကြသည်။ အဆိုပါ စာရင်းနှစ်ခုအတွင်း ပါဝင်ခြင်းမရှိသည့် အာဏာများအား ကြွင်းကျန်အာဏာများအဖြစ် ပြည်နယ်အစိုးရများထံအပ်နှင်းထားပြီး ကျွန်ုပ်တို့သိရှိထားသည့်အတိုင်း 'ကြွင်းကျန်အာဏာများကို မည်သည့် အစိုးရထံ အပ်နှင်းထားသည်ဖြစ်စေ၊ ဗဟိုအစိုးရနှင့် ဒေသန္တရအစိုးရများအနက် မည်သည့်အစိုးရကမျှ ကျန်အစိုးရ၏ လက်အောက်ခံ မဟုတ်ပေ' (Wheare, ၁၉၆၃- ၁၂)။ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစီအမံအရ ဖက်ဒရယ်အစိုးရ၏ ဩဇာလွှမ်းမိုးမှု သို့မဟုတ် တစ်နည်းဆိုရသော် ပြည်နယ်များအနေဖြင့် ဗဟိုအစိုးရ၏ လက်အောက်ခံဖြစ်နေမှုကို မြင်နိုင်ရန် မခဲယဉ်းပေ။

နိုင်ကျီးရီးယားနိုင်ငံရှိ ဖက်ဒရယ်စနစ်

ယခင်က တစ်ပြည်ထောင်နိုင်ငံဖြစ်ခဲ့သော နိုင်ကျီးရီးယားသည် ၁၉၅၄ ခုနှစ်တွင် ဖက်ဒရေးရှင်း တစ်ခု ဖြစ်လာခဲ့သည်။ နိုင်ကျီးရီးယားနိုင်ငံကို တည်ထောင်ခဲ့ကြသူများက ဖက်ဒရယ် ပြည်နယ်များ သည် မတူကွဲပြားမှုနှင့် အဆင်ပြေကိုက်ညီနိုင်သည့် ဖွဲ့စည်းပုံဆိုင်ရာ စွမ်းရည်ရှိသည်ဟု ယုံကြည်ခဲ့ကြသဖြင့် ဖက်ဒရယ်နိုင်ငံရေး မူဘောင်တစ်ခု ပေါ်ပေါက်လာစေရန် ဆန္ဒရှိခဲ့ကြသည်။ အဆိုပါဆန္ဒအပြင် နိုင်ကျီးရီးယားနိုင်ငံတွင် အချို့သော လူမှုစီးပွားရေးဆိုင်ရာ အခြေအနေများလည်း ရှိခဲ့သည် (Babalola, ၂၀၁၃၊ Suberu, ၂၀၀၁)။ အဆိုပါ အခြေအနေများ၏ ဆီလျော်မှုအပေါ် Riker (၁၉၆၄) က ဆန့်ကျင်ပြောဆိုခဲ့သော်လည်း Babalola (၂၀၁၃) ကမူ နိုင်ကျီးရီးယားဖက်ဒရေးရှင်း တည်ထောင်ရာတွင် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အခြေအနေများအပေါ် Riker ၏ ကန့်ကွက်ချက်သည် ရေရှည်တွင် အဆင်မပြေနိုင်ဟူ၍ ခိုင်လုံစွာ ထောက်ပြပြောဆိုခဲ့သည်။

the initial three-region federation that emerged in 1954 reflected the cultural, political and economic differences among the three largest ethnic groups in the country – the Hausa-Fulani, Yoruba and Igbo – which dominated the then Northern, Western and Eastern Regions respectively.

The role of the country's military in shaping the character of the Nigerian federation cannot be overemphasised. Before 1966 when the military intervened in the politics of the country through a coup d'état, the constituent units enjoyed substantial political and economic powers. However, the civil war (1967-1970) brought about a number of political and economic measures, which in turn resulted in the federal government assuming a central role, particularly in economic activities. Throughout the war years, the states were subordinated to the centre, ostensibly for the effective control of the various divisions of the military. The central government took over revenue sources previously controlled by the states, thereby contributing to a fall in the states' revenues. Thus, the concentration of economic powers at the centre resulted in the supremacy of the federal centre as well as the over-centralisation of the federal system.

The oil boom of 1973, which coincided with the era of military rule also increased the economic centrality of the federal government. With the federal government enjoying enormous revenue, particularly from oil sales, the centre became the sole distributor of oil rents, dictating which state got what share of the national oil wealth. The states, in turn, became extensions of the federal government rather than independent tiers of government. By 1999 when Nigeria returned to civilian rule, the character of its federal system had significantly changed from 'bottom-heavy', that it used to be at inception to 'top-heavy'. What exists today is a federation in which the states are fiscally dependent on the centre. This is a negation of the federal principle that enjoins independence among the governments of a federation.

The effect of excessive concentration of revenue at the centre began to manifest in 2015 when state governments started finding it increasingly difficult to balance their budgets. This problem arose when the states began to experience a drop in federal allocations, which is a result of the drop in the price of oil in the international market because public finance is mainly dependent on oil revenue. It is, therefore, not surprising that Nigerians, especially from the south, began to clamour for the practise of 'true federalism'.

The Clamour for 'True Federalism'

In Nigeria, true federalism means different things to different people. The newfound phrase could be better understood using a geo-political lens. Let us begin with the south-west, which is dominated by the Yoruba.

အဆိုပါ အကြောင်းအချက်များရှိနေခြင်းသည် ၁၉၅၄ ခုနှစ်၌ ပေါ်ပေါက်လာခဲ့သည့် ဒေသသုံးခု ပါဝင်သော ဖက်ဒရေးရှင်းတွင် နိုင်ကျိုးရီးယားနိုင်ငံအတွင်းရှိ အကြီးမားဆုံး လူမျိုးစုအုပ်စုကြီး ၃ ခု ဖြစ်ပြီး ထိုစဉ်က မြောက်ပိုင်း၊ အနောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများကို အသီးသီး ဩဇာလွှမ်းမိုးခဲ့သည့် ဟာဥစာ-ဖူလာနီ၊ ယိုရူဘာနှင့် အစဂဘိုလူမျိုးစုအုပ်စုကြီးများကြားရှိ ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ကွဲပြားခြားနားချက်များကို အဘယ့်ကြောင့် တွေ့မြင်ခဲ့ရကြောင်း ရှင်းလင်းတိကျစွာ ဖော်ပြနေသည်။

နိုင်ကျိုးရီးယား ဖက်ဒရေးရှင်း၏ လက္ခဏာအား ပုံဖော်ရာတွင် စစ်တပ်၏ အခန်းကဏ္ဍကို အထူးဖော်ပြရန်ပင် မလိုချေ။ ၁၉၆၆ ခုနှစ်မတိုင်မီ စစ်တပ်မှ အာဏာသိမ်းကာ တိုင်းပြည်၏ နိုင်ငံရေးတွင် ကြားဝင်ဆောင်ရွက်ခဲ့စဉ်က အစိတ်အပိုင်းယူနစ်များသည် နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာအာဏာများ သိသိသာသာရရှိခဲ့ကြသည်။ သို့ရာတွင် ပြည်တွင်းစစ် (၁၉၆၇-၁၉၇၀) သည် နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ အတိုင်းအတာအတော်များများကို ဆန့်ကျင်ဘက်သို့ပြောင်းလဲသွားစေခဲ့ကာ ဖက်ဒရယ်အစိုးရသည် အထူးသဖြင့် စီးပွားရေးလုပ်ငန်းများတွင် အဓိကအခန်းကဏ္ဍတစ်ခုကို ရရှိလာခဲ့သည်။ စစ်ပွဲဖြစ်နေစဉ်နှစ်များအတွင်း အပြင်ပန်းအားဖြင့် စစ်တပ်ဌာနခွဲအမျိုးမျိုးအပေါ် ထိထိရောက်ရောက်ထိန်းချုပ်နိုင်ရန် ပြည်နယ်များအား ဗဟိုအစိုးရ၏ လက်အောက်ခံအဖြစ် ထားရှိခဲ့သည်။ ဗဟိုအစိုးရသည် ယခင်က ပြည်နယ်များမှ ထိန်းချုပ်ခဲ့သည့် ဝင်ငွေအရင်းအမြစ်များအား ထိန်းချုပ်ရယူခဲ့သည့်အတွက် ပြည်နယ်များတွင် ဝင်ငွေများ လျော့ပါးကျဆင်းခဲ့သည်။ ယင်းသို့ဖြင့် စီးပွားရေးဆိုင်ရာအာဏာများ ဗဟိုတွင် စုစည်းနေခြင်းကြောင့် ဖက်ဒရယ်ဗဟိုအစိုးရသည် လုပ်ပိုင်ခွင့်အာဏာ အမြင့်ဆုံးရရှိခဲ့ရုံသာမက ဖက်ဒရယ်စနစ်တွင်လည်း ဗဟိုချုပ်ကိုင်မှုလွန်ကဲခြင်း ဖြစ်ပေါ်လာစေခဲ့သည်။

စစ်တပ်အုပ်ချုပ်စဉ်ကာလနှင့် တိုက်ဆိုင်စွာ ၁၉၇၃ ခုနှစ်အတွင်း ရေနံဈေးများ အလွန်မြင့်တက်ခဲ့ခြင်းသည်လည်း ဖက်ဒရယ်အစိုးရ၏ စီးပွားရေးဆိုင်ရာဗဟိုကျမှုကို တိုးမြင့်စေခဲ့သည်။ ဖက်ဒရယ်အစိုးရသည် အထူးသဖြင့် ရေနံရောင်းချမှုများမှ ဝင်ငွေများ အလွန်များပြားစွာရရှိခဲ့ပြီး နိုင်ငံတော်၏ ရေနံမှရရှိသော အမြတ်ငွေများ၏ မည်မျှအား မည်သည့် ပြည်နယ်ထံပေးမည်ကို တစ်ဦးတည်း ဆုံးဖြတ်သူဖြစ်လာခဲ့သည်။ ပြည်နယ်များသည် ဆက်တိုက်ဆိုသလို သီးခြားလွတ်လပ်သည့် အစိုးရများအဖြစ်မှ ဖက်ဒရယ်အစိုးရ၏ လက်တံများ ဖြစ်လာခဲ့ကြသည်။ ၁၉၉၉ ခုနှစ်၌ နိုင်ကျိုးရီးယားနိုင်ငံတွင် အရပ်သားအုပ်ချုပ်မှုပြန်လည်ရရှိခဲ့သောအခါ နိုင်ငံ၏ ဖက်ဒရယ်စနစ်သည် စတင်တည်ထောင်ခဲ့စဉ်က 'အောက်ခြေပိုင်းတွင် အလေးသာ' ခဲ့သည့် ပုံစံမှ 'အထက်ပိုင်းတွင် အလေးသာ' သည့် ပုံစံအဖြစ်သို့သိသိသာသာ ပြောင်းလဲသွားခဲ့သည်။ ယနေ့ရှိနေသည့် ဖက်ဒရေးရှင်းတွင် ပြည်နယ်များသည် ဗဟိုအစိုးရအပေါ် ငွေကြေးအရ မှီခိုနေရသည်။ ယင်းသည် ဖက်ဒရေးရှင်းတစ်ခု၏ အစိုးရများအကြား သီးခြားလွတ်လပ်မှုရှိစေရန် ရည်ရွယ်သည့် ဖက်ဒရယ်အခြေခံသဘောတရားနှင့် ဆန့်ကျင်နေသည်။

ဗဟိုတွင် ဝင်ငွေများ အလွန်အကျွံစုစည်းနေခြင်း၏ အကျိုးသက်ရောက်မှုများသည် ၂၀၁၅ ခုနှစ်တွင် စတင်ထင်ရှားစွာ ပေါ်ပေါက်လာပြီး ပြည်နယ်အစိုးရများအနေဖြင့် ယင်းတို့၏ ဘတ်ဂျက်များကို ဟန်ချက်ထိန်းထားနိုင်ရန် ပိုမိုခက်ခဲလာသည်ကို တွေ့ကြုံလာရသည်။ ပြည်သူ့ဘဏ္ဍာငွေများသည် အဓိကအားဖြင့် ရေနံမှရရှိသည့် ဝင်ငွေများကို မှီခိုနေရသောကြောင့် နိုင်ငံတကာဈေးကွက်အတွင်း ရေနံဈေး ကျဆင်းခဲ့သည့်အခါတွင် ပြည်နယ်အစိုးရများသည် ဖက်ဒရယ်အစိုးရမှ ပေးအပ်သည့် ခွဲတမ်းများ ကျဆင်းမှုကို ရင်ဆိုင်ရပြီး အဆိုပါပြဿနာ ပေါ်ပေါက်လာခဲ့သည်။ ထို့ကြောင့် အထူးသဖြင့် တောင်ပိုင်းမှ နိုင်ကျိုးရီးယားနိုင်ငံသားများအနေဖြင့် 'စစ်မှန်သည့် ဖက်ဒရယ်စနစ်' ကျင့်သုံးရေးအတွက် အပြင်းအထန် တောင်းဆိုမှုများ စတင်လုပ်ဆောင်ခဲ့ခြင်းသည် အံ့အားသင့်ဖွယ်မဟုတ်ပေ။

'စစ်မှန်သည့် ဖက်ဒရယ်စနစ်' အား အပြင်းအထန် တောင်းဆိုခြင်း

နိုင်ကျိုးရီးယားနိုင်ငံတွင် စစ်မှန်သောဖက်ဒရယ်စနစ်ဆိုသည်မှာ လူအမျိုးမျိုးအတွက် အဓိပ္ပာယ်အမျိုးမျိုးရသည်။ အသစ်တွေ့ရှိထားသည့် အသုံးအနှုန်း (စစ်မှန်သည့် ဖက်ဒရယ်စနစ်) အား ပထဝီနိုင်ငံရေးရှုထောင့်မှ ကြည့်ရှုလျှင် ပိုမိုကောင်းစွာ နားလည်သဘောပေါက်နိုင်မည်ဖြစ်သည်။ ယိုရူဘာလူမျိုးစုအများဆုံး နေထိုင်သော အနောက်တောင်ပိုင်းဒေသမှ စတင်ကြပါစို့။

The agitation for true federalism started in the south-west immediately after the annulment of the 1993 presidential election, believed to have been won by a Yoruba man. The Yoruba elite had argued that the election was annulled simply because their northern counterparts were not willing to concede political power to the south. Hence, their vigorous campaign for a 'power shift' to the south. By power shift, they meant an end to the northern elites' stranglehold on political power and, by extension, economic power. However, with a Yoruba man, Olusegun Obasanjo, emerging as the president in 1999, the clamour for power shift became moribund and was replaced with that of 'true federalism'. By true federalism, the Yoruba elite mean a federal system with a weak centre; a system in which the constituent units are independent of the centre, especially in the fiscal sphere.

The cry of marginalisation has been loud in the south-east, home to the Igbo ethnic group. The Igbo's position as regards the Nigeria's federal system is that the system is characterised by lopsidedness, particularly in the allocation of national resources. Another ground of Igbo agitation for true federalism is their perception of non-integration into mainstream politics since the end of the civil war in 1970, citing lack of federal presence in the region. This sense of lack of belonging informs the views of some pro-self-determination groups like the Movement for the Actualisation of the Sovereign State of Biafra (MASSOB) and Indigenous People of Biafra (IPOB) that the Igbo people are no longer interested in being part of Nigeria and should be allowed to secede and form an independent state of Biafra. It is, however, doubtful if the campaign for the resurgence of Biafra is popular among the elite of south-east whose political and business interests cut across the country. By true federalism, therefore, the Igbos of the south-east mean a federal practice that accommodates every ethnic group in the multinational federation.

Similarly, a sense of political and economic marginalisation forms the basis upon which the minorities in the Niger Delta (or the south-south geo-political zone), where the bulk of Nigeria's oil is located, persistently demand their own exclusive political space using the euphemism of 'resource control' and true federalism. In the Nigerian context, the term resource control means the right of a federating unit to have absolute control over the mineral resources found within its jurisdiction and make contributions to the central government to fund federal responsibilities. The perceived injustice in resource distribution is the main driving force for the struggle for resource control. The oil-producing states have repeatedly argued that Nigeria's fiscal federalism, which encourages lopsided distributive politics, has been unfair to them. For the people of the Niger Delta, therefore, resource control is a solution to marginalisation. Thus, for the people of this region, true federalism means a federal practice whereby the federating units are allowed to own and manage their resources as they desire.

အနောက်တောင်ပိုင်းဒေသရှိ စစ်မှန်သည့်ဖက်ဒရယ်အရေး လှုပ်ရှားမှုများသည် ယိုရူဘာအမျိုးသားတစ်ဦးမှ အနိုင်ရရှိခဲ့သည်ဟု ယူဆရသော ၁၉၉၃ ခုနှစ် သမ္မတ ရွေးကောက်ပွဲအား ပယ်ဖျက်လိုက်ပြီးပြီးချင်း စတင်ပေါ်ပေါက်လာခဲ့သည်။ ရွေးကောက်ပွဲအား ပယ်ဖျက်လိုက်ခြင်း သည် မြောက်ပိုင်းဒေသအနေဖြင့် တောင်ပိုင်းသို့နိုင်ငံရေးအာဏာလွှဲပြောင်းပေးရန် မလိုလားသောကြောင့်ပင်ဖြစ်သည်ဟု ယိုရူဘာခေါင်းဆောင်များက ဆိုကြသည်။ ဤသို့ဖြင့် ယင်းတို့သည် တောင်ပိုင်းသို့ 'အာဏာ လွှဲပြောင်းပေးရန်' အပြင်းအထန် လှုပ်ရှားတောင်းဆိုခဲ့ကြသည်။ အာဏာလွှဲပြောင်းပေးရန်ဆိုသည်မှာ ယင်းတို့က နိုင်ငံရေးအာဏာနှင့် တစ်ဆက်တည်းအားဖြင့် စီးပွားရေးဆိုင်ရာ အာဏာအပေါ် မြောက်ပိုင်းခေါင်းဆောင်များ၏ ချုပ်ကိုင်ထားခြင်းကို အဆုံးသတ်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ သို့ရာတွင် ၁၉၉၉ ခုနှစ်အတွင်း ယိုရူဘာအမျိုးသားတစ်ဦးဖြစ်သူ Olusegun Obasanjo သမ္မတနေရာ ရရှိလာခဲ့ပြီးနောက်တွင် အာဏာလွှဲပြောင်းပေးရန် အပြင်းအထန် တောင်းဆိုမှုသည် အရှိန်အဟုန်လျော့သွားပြီး 'စစ်မှန်သော ဖက်ဒရယ်စနစ်' ဖော်ဆောင်ရေးအား အစားထိုးတောင်းဆိုခဲ့သည်။ ယိုရူဘာခေါင်းဆောင်များ တောင်းဆိုသည့် စစ်မှန်သော ဖက်ဒရယ်စနစ်ဆိုသည်မှာ ဗဟိုအားနည်းသော ဖက်ဒရယ်စနစ်တစ်ခုဖြစ်ပြီး အစိတ်အပိုင်းယူနစ်များအနေဖြင့် အထူးသဖြင့် ငွေကြေးဆိုင်ရာနယ်ပယ်တွင် ဗဟိုအား မှီခိုမှုကင်း၍ သီးခြား လွတ်လပ်သော စနစ်တစ်ခုကို ဆိုခြင်းဖြစ်သည်။

အစ်ဂဘိုလူမျိုးစုများ၏ ဌာနေဖြစ်သော အရှေ့တောင်ပိုင်းဒေသတွင်မူ ဖယ်ကြဉ်ခံထားရခြင်းကို ဖြေရှင်းပေးရန် ကျယ်ကျယ်လောင်လောင် တောင်းဆိုခဲ့ကြသည်။ နိုင်ကျိုးရီးယားနိုင်ငံ၏ ဖက်ဒရယ်စနစ်၊ အထူးသဖြင့် သဘာဝသယံဇာတများခွဲဝေမှုသည် တစ်ဖက်စောင်းနင်းဖြစ်နေသည်ဟု အစ်ဂဘိုများက ပြောဆိုကြသည်။ စစ်မှန်သည့် ဖက်ဒရယ်စနစ်အရေးလှုပ်ရှားရာတွင် အစ်ဂဘိုများက ယင်းတို့အား ၁၉၇၀ ပြည့်နှစ် ပြည်တွင်းစစ်ပြီးဆုံးစဉ်မှ စတင်ကာ နိုင်ငံရေး ရေစီးကြောင်းအတွင်း ထည့်သွင်းခြင်းမရှိဟု ရှုမြင်ကြပြီး ယင်းတို့၏ ဒေသအတွင်း ဖက်ဒရယ် မရှိဟူ၍ ယုံကြည်ကြသည်။ ယင်းသို့သော ဖယ်ကြဉ်ထားသည်ဟူသည့် ခံစားချက်သည် အစ်ဂဘိုလူမျိုးများအနေဖြင့် နိုင်ကျိုးရီးယားနိုင်ငံ၏ အစိတ်အပိုင်းအဖြစ် ဆက်လက်ပါဝင်လိုခြင်းမရှိတော့ဘဲ ယင်းတို့အား ခွဲထွက်ခွင့်ပေးပြီး သီးခြား ဘီယာဖရာနိုင်ငံ တည်ထောင်လိုသည့် ဘီယာဖရာ အချုပ်အခြာအာဏာပိုင်နိုင်ငံ ပေါ်ပေါက်လာစေရေး လှုပ်ရှားမှု (MASSOB) နှင့် ဘီယာဖရာ ဌာနေလူမျိုးများ (IPOB) တို့ကဲ့သို့သော ကိုယ်ပိုင်ပြဋ္ဌာန်းရေးအုပ်စုများ၏ အမြင်များကို ဖော်ပြနေသည်။ သို့ရာတွင် နိုင်ငံအနှံ့ နိုင်ငံရေးနှင့် စီးပွားရေးအကျိုးစီးပွားများရှိနေသည့် အရှေ့တောင်ပိုင်းဒေသရှိ ခေါင်းဆောင်များအကြားတွင် ဘီယာဖရာနိုင်ငံ ပြန်လည်ထူထောင်ရေး လှုပ်ရှားမှုအား ထောက်ခံခြင်းရှိမရှိအပေါ် သံသယဖြစ်ဖွယ်ရှိသည်။ ထို့ကြောင့် အရှေ့တောင်ပိုင်းဒေသရှိ အစ်ဂဘိုများတောင်းဆိုသော စစ်မှန်သည့် ဖက်ဒရယ်စနစ်ဆိုသည်မှာ လူမျိုးစုပေါင်းစုံပါဝင်သော ဖက်ဒရေးရှင်းအတွင်းရှိ လူမျိုးစုတိုင်းနှင့် ကိုက်ညီသော ဖက်ဒရယ် ကျင့်သုံးမှုတစ်ရပ်ကို ဆိုလိုသည်။

ထိုနည်းတူစွာပင် နိုင်ကျိုးရီးယား၏ ရေနံအများအပြား ထွက်ရှိရာဒေသဖြစ်သော နိုင်ဂျာမြစ်ဝကျွန်းပေါ်ဒေသ (သို့မဟုတ် တောင်-တောင်ပိုင်း ပထဝီနိုင်ငံရေးဇုန်) အတွင်းရှိ လူနည်းစုအုပ်စုများသည်လည်း နိုင်ငံရေးနှင့် စီးပွားရေးအရ ဖယ်ကြဉ်ထားခြင်းခံရသည်ဟု ခံစားကြရပြီး 'သယံဇာတ ထိန်းချုပ်မှု' နှင့် စစ်မှန်သည့် ဖက်ဒရယ်စနစ်ဟူသော သိမ်မွေ့သည့် စကားလုံးများသုံး၍ ယင်းတို့အတွက် ကိုယ်ပိုင်သီးသန့်နိုင်ငံရေးဝန်းကျင်တစ်ခု ပေးအပ်ရန် အစဉ်တစိုက် တောင်းဆိုခဲ့ကြသည်။ နိုင်ကျိုးရီးယားနိုင်ငံတွင် သယံဇာတ ထိန်းချုပ်မှုဟူသည့် ဝေါဟာရသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရယူနစ်တစ်ခုအနေဖြင့် ယင်း၏ စီရင်ခွင့်နယ်နိမိတ်အတွင်းရှိ တွင်းထွက်သယံဇာတများကို အပြည့်အဝထိန်းချုပ်ခွင့်ရရှိရေးဖြစ်ပြီး ဖက်ဒရယ်အစိုးရ၏ လုပ်ငန်းတာဝန်များအတွက် လိုအပ်သော ရန်ပုံငွေအား ယူနစ်များက ပေးအပ်ထည့်ဝင်ခြင်းကို ဆိုလိုသည်။ သယံဇာတထိန်းချုပ်ခွင့်အတွက် ကြိုးပမ်းခြင်းကို အဓိကမောင်းနှင်သည့်တွန်းအားသည် သယံဇာတခွဲဝေရာတွင် မျှတမှုမရှိဟု ယူဆခြင်းကြောင့်ဖြစ်သည်။ ရေနံထုတ်လုပ်သည့် ပြည်နယ်များက နိုင်ကျိုးရီးယားနိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာ ဖက်ဒရယ်စနစ်သည် တစ်ဖက်သတ်ခွဲဝေသည့် နိုင်ငံရေးကို အားပေးပြီး ယင်းတို့အတွက် မျှတခြင်းမရှိဟု အစဉ်တစိုက် ပြောဆိုခဲ့ကြသည်။ ထို့ကြောင့် နိုင်ဂျာမြစ်ဝကျွန်းပေါ်ဒေသရှိ ပြည်သူများအတွက်မူ ဖယ်ကြဉ်ခံထားရခြင်းအတွက် ဖြေရှင်းနိုင်သည့်နည်းလမ်းသည် သယံဇာတထိန်းချုပ်ခွင့်ဖြစ်သည်။ ယင်းသို့ဖြင့် အဆိုပါဒေသအတွင်းရှိ ပြည်သူများအတွက်

Seemingly, the northern elite wants the status-quo to remain based on the belief in some quarters that the present system favours its interest. These include the federal character principle, majority representation at the federal level and quota system.

Conclusion

We have been able to demonstrate in this article that central to the agitations for true federalism in Nigeria is about struggle for access to national resources. Oil rents and their distribution have shaped the operation of Nigeria's federal system and have also contributed largely to the failure of federalism in Nigeria. Nigeria's history of revenue distribution is about each ethnic group or geo-political region seeking to maximise its share of national resources. One reason for the acrimonious revenue allocation system is that Nigeria's component units lack viable sources of revenue of their own. Also, the economic disparity that has given rise to unequal development among them is another source of contention. Therefore, any future political reform must ensure the accommodation of the country's ethnic diversity because this is one of the many ways national unity could be achieved.

As a way out of the over-centralisation of the system, the country's fiscal federalism should emphasise revenue generation rather than revenue distribution, as this would ensure fiscal viability of the states. Any future reform should be tailored towards the states generating their own revenue and those not endowed with resources should devise strategies to generate revenue from other sources. Internally-generated revenue should only complement a state's share of federally collected revenue. Moreover, with decentralisation of economic resources, the states would be in relative control of their resources and be less dependent on the centre.

A weakening of the federal centre may not be a bad idea but Nigeria needs a federal system that would ensure the relative supremacy of the central government vis-à-vis the state governments. The size of the federation, as well as its ethnic diversity and economic disparity, requires a relatively strong federal government that would be able to regulate the competition for national resources.

စစ်မှန်သည့်ဖက်ဒရယ်စနစ်ဆိုသည်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ယူနစ်များအား ယင်းတို့၏ သယံဇာတများအား ယင်းတို့စိတ်ကြိုက် ပိုင်ဆိုင်ခွင့်နှင့် စီမံခန့်ခွဲခွင့် ပေးအပ်ရေးဖြစ်သည်။

အချို့သော ပုဂ္ဂိုလ်များ၏ ယူဆချက်အရ မြောက်ပိုင်းခေါင်းဆောင်များကမူ လက်ရှိစနစ်သည် ယင်းတို့၏ အကျိုးစီးပွားအတွက် ပိုမိုကောင်းမွန်သောကြောင့် လက်ရှိအခြေအနေကို ဆက်လက် ထိန်းသိမ်းထားလိုဟန်တူသည်။ ယင်းအခြေအနေတွင် ဖက်ဒရယ်လက္ခဏာအခြေခံသဘောတရား၊ ဖက်ဒရယ်အဆင့်တွင် လူများစု ကိုယ်စားပြုပါဝင်ရေးနှင့် ခွဲတမ်းစနစ်တို့ပါဝင်သည်။

နိဂုံး

ကျွန်ုပ်တို့အနေဖြင့် ဤစာတမ်းအတွင်း နိုင်ကျိုးရီးယားနိုင်ငံရှိ စစ်မှန်သည့် ဖက်ဒရယ်စနစ်အရေး လှုပ်ရှားမှုများ၏ အဓိကအကြောင်းအရင်းသည် နိုင်ငံတော်၏ သယံဇာတများအား သုံးစွဲခွင့်၊ စီမံခွင့်ရရှိရေးဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ရေနံမှ အမြတ်ငွေများနှင့် ယင်းအမြတ်ငွေများအား ခွဲဝေခြင်းသည် နိုင်ကျိုးရီးယားနိုင်ငံ၏ ဖက်ဒရယ်စနစ်ကို ပုံဖော်ခဲ့ပြီး နိုင်ကျိုးရီးယားဖက်ဒရယ်စနစ်အောင်မြင်မှုမရှိခြင်းအပေါ် များစွာ ပါဝင်သက်ရောက်မှုရှိခဲ့သည်။ နိုင်ကျိုးရီးယားနိုင်ငံ၏ ဝင်ငွေခွဲဝေရေး သမိုင်းကြောင်းသည် နိုင်ငံတော်သယံဇာတများ ခွဲဝေရာတွင် လူမျိုးစုအုပ်စုတစ်ခု သို့မဟုတ် ပထဝီနိုင်ငံရေးဆိုင်ရာ ဒေသတစ်ခုချင်းစီအနေဖြင့် ယင်းတို့အတွက် အများဆုံးပမာဏရရှိရေး ကြိုးပမ်းသည့် အကြောင်းပင်ဖြစ်သည်။ အငြင်းပွားဖွယ် ဝင်ငွေခွဲဝေသည့် စနစ်၏ အကြောင်းအရင်းတစ်ချက်မှာ နိုင်ကျိုးရီးယားနိုင်ငံ၏ အစိတ်အပိုင်းယူနစ်များတွင် ပုံမှန်ကြီးထွားတိုးတက်နိုင်သည့် ဝင်ငွေအရင်းအမြစ်များ မရှိကြခြင်းကြောင့်ဖြစ်သည်။ ထို့ပြင် စီးပွားရေးဆိုင်ရာ မျှတမှုမရှိခြင်းသည်လည်း ယူနစ်များအကြား ဖွံ့ဖြိုးတိုးတက်မှု မညီမျှခြင်းကိုဖြစ်စေပြီး အငြင်းပွားမှုများဖြစ်စေသည့် အခြားအကြောင်းအရင်းတစ်ခုဖြစ်သည်။ ထို့ကြောင့် အနာဂတ်တွင် နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတစ်စုံတစ်ရာ ပြုလုပ်မည်ဆိုပါက နိုင်ငံ၏ လူမျိုးရေးဆိုင်ရာ မတူကွဲပြားမှုနှင့် လိုက်လျောညီထွေဖြစ်စေရန် လုပ်ဆောင်ရမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ယင်းသည် အမျိုးသားစည်းလုံးညီညွတ်ရေးကို ဖော်ဆောင်နိုင်သည့် နည်းလမ်းများတွင် တစ်ခုအပါအဝင်ဖြစ်သောကြောင့်ဖြစ်သည်။

စနစ်အတွင်း ဗဟိုချုပ်ကိုင်မှုလွန်ကဲခြင်းမှ လွန်မြောက်နိုင်စေသည့် နည်းလမ်းတစ်ခုအဖြစ် နိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာ ဖက်ဒရယ်စနစ်တွင် ဝင်ငွေခွဲဝေရေးထက် ဝင်ငွေဖော်ဆောင်ရေးကို အလေးပေးဆောင်ရွက်သင့်သည်။ သို့မှသာ ပြည်နယ်များတွင် ငွေကြေးဆိုင်ရာ ကြီးထွားတိုးတက်မှုကို သေချာစေမည်ဖြစ်သည်။ အနာဂတ်တွင် ပြုပြင်ပြောင်းလဲမှု တစ်စုံတစ်ရာ လုပ်ဆောင်မည်ဆိုပါက ပြည်နယ်များအတွက် ယင်းတို့၏ ကိုယ်ပိုင်ဝင်ငွေများ ဖော်ဆောင်ရေးအတွက် ပြင်ဆင် ဦးတည်ဆောင်ရွက်သင့်ပြီး သယံဇာတများမရရှိသည့် ပြည်နယ်များအနေဖြင့်လည်း အခြားသော အရင်းအမြစ်များမှ ဝင်ငွေများ ရရှိနိုင်မည့် ဗျူဟာများကို ကြိုးပမ်းရှာဖွေသင့်ပါသည်။ ဖက်ဒရယ်မှ ကောက်ခံရရှိသည့်ဝင်ငွေများမှ ပြည်နယ်အတွက် ချထားပေးသည့် ခွဲတမ်းကို ဖြည့်စွက်ရန်အတွက် ပြည်နယ်အတွင်းမှ ရရှိသည့် ဝင်ငွေများအား အသုံးပြုသင့်ပါသည်။ ထို့ပြင် စီးပွားရေး သယံဇာတများအား ဗဟိုချုပ်ကိုင်မှုလျော့ချခြင်းနှင့်အတူ ပြည်နယ်များသည်လည်း ယင်းတို့၏ သယံဇာတများကို အထိုက်အလျောက် ထိန်းချုပ်လာနိုင်မည်ဖြစ်ပြီး ဗဟိုအစိုးရအပေါ် မှီခိုနေရမှု လျော့နည်းသွားမည်ဖြစ်ပါသည်။

အားနည်းသည့် ဗဟိုအစိုးရတစ်ခုရှိခြင်းသည် မကောင်းသည့် အယူအဆတစ်ခု မဟုတ်သော်လည်း နိုင်ကျိုးရီးယားနိုင်ငံအတွက်မူ ဗဟိုအစိုးရတွင် ပြည်နယ်အစိုးရများထက် အထိုက်အလျောက်သာလွန်သည့် ဖက်ဒရယ်စနစ်တစ်ခု လိုအပ်ပါသည်။ ဖက်ဒရေးရှင်း၏ အရွယ်အစားနှင့်တကွ လူမျိုးစုများဆိုင်ရာ မတူကွဲပြားမှုနှင့် စီးပွားရေး မညီမျှမှုတို့ကြောင့် နိုင်ငံတော်သယံဇာတများအတွက် အားပြိုင်ကြခြင်းကို ထိန်းကျောင်းနိုင်မည့် အထိုက်အလျောက် အားကောင်းသော ဖက်ဒရယ်အစိုးရတစ်ရပ် လိုအပ်ပါသည်။

It may be concluded at this juncture that Nigerian federalism is defective and reforms are inescapable. The unending quest for true federalism, political restructuring, and self-determination within the context of the ethnically heterogeneous Nigerian federation will disappear until the political leaders reform the institutions and structures of the federal system to give a semblance of genuine federalism.

ယခုအချိန်တွင်မူ နိုင်ကျီးရီးယားနိုင်ငံ၏ဖက်ဒရယ်စနစ်တွင် ချို့ယွင်းချက်များရှိနေပြီး ပြုပြင်ပြောင်းလဲမှုများ မလွဲမရှောင်သာ လုပ်ဆောင်ရမည်ဟူ၍ ကောက်ချက်ချနိုင်ပါသည်။ နိုင်ငံရေးခေါင်းဆောင်များအနေဖြင့် စစ်မှန်သည့် ဖက်ဒရယ်စနစ်တစ်ခုကို ဖော်ဆောင်ပေးနိုင်ရန်အတွက် အင်စတီကျူးရှင်းများနှင့် ဖက်ဒရယ်စနစ်၏ ဖွဲ့စည်းပုံများကို ပြုပြင်ပြောင်းလဲပြီးသည့်အခါတွင် လူမျိုးစုများအားဖြင့် ကျယ်ပြန့်စွာကွဲပြားနေသည့် နိုင်ကျီးရီးယားဖက်ဒရေးရှင်းအတွင်း စစ်မှန်သည့် ဖက်ဒရယ်စနစ်၊ နိုင်ငံရေးဆိုင်ရာ ပြန်လည်ဖွဲ့စည်းတည်ဆောက်ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့အတွက် အဆုံးမသတ်နိုင်သည့် ကြိုးပမ်းမှုများကို အဆုံးသတ်နိုင်မည်ဖြစ်သည်။

Further Reading

Amuwo, K. et. al., (eds.), (1998), *Federalism and Political Restructuring in Nigeria, Ibadan, Nigeria: Spectrum Books Limited and IFRA, 1998*

Burgess, M. (2006), *Comparative Federalism: Theory and Practice, London, New York: Routledge.*

Elaigwu, J.I. (2007), *The Politics of Federalism in Nigeria, London: Adonis & Abbey Publisher Ltd.*

Bibliography

Babalola, Dele (2013), *"The Origins of Nigerian Federalism: The Rikerian Theory and Beyond", Federal Governance, Vol. 8, No. 3, 43-54.*

Burgess, Michael (1993), *"Federalism and Federation: A Reappraisal" in Burgess, M and Gagnon, Alain-G (eds.), Comparative Federalism and Federation: Competing Traditions and Future Directions, New York; London: Harvester Wheatcheaf.*

Duchacek, Ivo (1970), *Comparative Federalism: The Territorial Dimension of Politics, Lanham; London: University Press of America Inc.*

Elazar, Daniel (1987), *Exploring Federalism, Alabama: The University of Alabama Press.*

Erk, Jan (2004), *'Austria: A Federation without Federalism', Publius, The Journal of Federalism, 34: 1, 1-20.*

King, Preston (1982), *Federalism and Federation, Baltimore: Johns Hopkins University Press.*

Riker, William (1964), *Federalism: Origin, Operation, Significance, Boston: Little, Brown and Company.*

Suberu, Rotimi (2001), *Federalism and Ethnic Conflict in Nigeria, Washington, D.C.: United States Institute of Peace Press.*

Wheare, Kenneth (1963), *Federal Government, 4th ed., London: Oxford University Press.*

3. Is Spain a Federal Country?

စပိန်နိုင်ငံသည် ဖက်ဒရယ်နိုင်ငံတစ်ခု ဖြစ်သလော

Ferran Requejo

Ferran Requejo is a professor of political science at the Universitat Pompeu Fabra in Barcelona, where he is director of the Research Group on Political Theory (GRTP). His main fields of research are theories of democracy, federalism, multinational democracies and political liberalism after World War II. In 1997 he was awarded the Rudolf Wildenmann Prize, (ECPR), in 2002 he received the Ramon Trias Fargas Prize and in 2006 the Spanish Political Science Association Prize for the best book (Multinational Federalism and Value Pluralism, Routledge 2005)> Among his recent books are: Federalism, Plurinationality and Democratic Constitutionalism (Routledge 2012) and Federalism beyond Federations (with K.J. Nagel, Ashgate 2011).

Ferran Requejo

Ferran Requejo သည် ဘာစီလိုနာမြို့ Pompeu Fabra တက္ကသိုလ်ရှိ နိုင်ငံရေးသိပ္ပံပါမောက္ခတစ်ဦးဖြစ်ပြီး နိုင်ငံရေးသီအိုရီဆိုင်ရာ သုတေသနအဖွဲ့(GRTP)၏ ညွှန်ကြားရေးမှူးလည်းဖြစ်သည်။ သူ၏ အဓိက သုတေသန နယ်ပယ်များမှာ ဒီမိုကရေစီဆိုင်ရာ သီအိုရီများ၊ ဖက်ဒရယ်စနစ်၊ လူမျိုးပေါင်းစုံပါဝင်သော ဒီမိုကရေစီများနှင့် ဒုတိယကမ္ဘာစစ်နောက်ပိုင်း လစ်ဘရယ်နိုင်ငံရေးဝါဒတို့ဖြစ်သည်။ သူသည် ၁၉၉၇ ခုနှစ်တွင် Rudolf Wildenmann ဆု (ECPR) ကို ချီးမြှင့်ခြင်းခံခဲ့ရပြီး ၂၀၀၂ ခုနှစ်တွင် Ramon Trias Fargas ဆုကို ရရှိခဲ့ကာ ၂၀၀၆ ခုနှစ်တွင် (လူမျိုးစုပေါင်းစုံဖက်ဒရယ်စနစ်နှင့် တန်ဖိုးများဆိုင်ရာဝဟုဝါဒ၊ Routledge ၂၀၀၅)အတွက် စပိန်နိုင်ငံရေးသိပ္ပံအစည်းအရုံးမှ အကောင်းဆုံးစာအုပ်ဆုကို ရရှိခဲ့သည်။ သူ၏ လက်တလော ထုတ်ဝေခဲ့သည့်စာအုပ်များအနက် အချို့မှာ - ဖက်ဒရယ်စနစ်၊ လူမျိုးစုနှစ်ခု(သို့) ထို့ထက်ပို၍ရှိခြင်းနှင့် ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေစနစ် (Routledge ၂၀၁၂) နှင့် ဖက်ဒရေးရှင်းများအလွန် ဖက်ဒရယ်စနစ် (K.J. Nagel, Ashgate ၂၀၁၁) တို့ဖြစ်ကြသည်။

Abstract

In this contribution we examine the federal characteristics of the Spanish case. Having initiated a process of political decentralisation as an integral pillar of the democratic transition, it is often posited that Spain is a federation, or quasi-federal country. Employing a comparative perspective this article argues that while Spain shares some federal features, many core elements are absent in the Spanish case.

အနှစ်ချုပ်

ဤစာတမ်းတွင် ကျွန်ုပ်တို့အနေဖြင့် စပိန်နိုင်ငံ၏ ဖြစ်စဉ်မှ ဖက်ဒရယ်ဆိုင်ရာ ဝိသေသ လက္ခဏာများကို စိစစ်လေ့လာ မည်ဖြစ်သည်။ စပိန်နိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းမှု၏ အရေးပါသည့် ထောက်တိုင်တစ်ခုအဖြစ် နိုင်ငံရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှုလျော့ချရေး လုပ်ငန်းစဉ် တစ်ခုကိုစတင်ခဲ့သည့်အတွက် စပိန်နိုင်ငံအား ဖက်ဒရေးရှင်းတစ်ခု သို့မဟုတ် တစ်စိတ်တစ်ပိုင်း ဖက်ဒရယ်နိုင်ငံတစ်ခုအဖြစ် ယူဆလေ့ရှိကြပါသည်။ ဤစာတမ်းတွင် နှိုင်းယှဉ်သည့် ရှုထောင့်တစ်ခု ကို အသုံးချကာ စပိန်နိုင်ငံ၌ အချို့သော ဖက်ဒရယ်သွင်ပြင်လက္ခဏာများရှိသော်လည်း ဖက်ဒရယ် စနစ်၏ အဓိကကျသော အစိတ်အပိုင်းများစွာ လစ်ဟင်းနေကြောင်း အဆိုပြုထားပါသည်။

Broadly speaking, current studies of states that display a clear territorial division of federal or regional powers can be situated along five basic analytical axes, depending on the research questions that one is attempting to answer:

a) the uninational-plurinational axis

b) the unitarianism-federalism axis

c) the centralisation-decentralisation axis

d) the symmetry-asymmetry axis

e) the competitiveness-cooperation axis

These analytical axes require a diverse battery of variables and indicators in order to carry out comparative approaches. In order to answer the question of the title of this brief article I will focus only on the second and third axes (degrees of federalism and decentralisation), giving special attention to the position of the Spanish "Estado de las autonomías" from a comparative perspective.

On the one hand, the unitarianism-federalism axis focuses on "how federal" a federation or a regional state actually is. It is established using a degree of federalism in each polity. We will include as indicators the existence, or not, of: federated polities as constituent units (1); constitutional guarantee of their self-government (1); agreement for constitutional reform (1); an institutional dualism in relation to the three classic powers: the executive and legislative (2) and the judicial (1); a model of fiscal federalism (2); an upper chamber with representatives appointed by the institutions of the federated entities (1), and with seats distributed along territorial lines (not proportional to the population) (1); powers of the upper chamber within the institutional system (2); the allocation of unallocated powers to the federated units (2); a court to arbitrate in disputes (2), with the sub-state entities having a say regarding who is appointed to it (2); and, finally, the regulation, or not, of a right of secession of (some) the federated units (2). The numbers in brackets refer to the score given to each indicator. Altogether, the global scale of each case is situated between 0 (absence of a federal logic) and 20 (maximum degree of constitutional federalism). We do not consider in this axis "para-institutional" indicators, those which have an effect on federalism as a process (e.g. party-political systems; inter-governmental relations). (See Requejo 2015, 2010).

On the other hand, the centralisation-decentralisation axis refers to the degree of self-government of the units endowed with political autonomy. The degree of decentralisation (or lack of centralisation) is here also measured on a global scale which goes from a score of 0 (maximum centralisation) to a score of

အကျယ်အားဖြင့်ဆိုရသော် ဖက်ဒရယ် သို့မဟုတ် ဒေသန္တရအာဏာများအား နယ်နိမိတ်အရ ရှင်းလင်းစွာ ပိုင်းခြားထားသည်ကို မြင်တွေ့ရသော နိုင်ငံများအပေါ် လက်ရှိလေ့လာချက်များအရ အဆိုပါနိုင်ငံများအား သုတေသနဆိုင်ရာ မေးခွန်းများအလိုက် အခြေခံစိစစ်လေ့လာမှုဆိုင်ရာ ဝန်ရိုး ၅ ခု ပေါ်တွင် နေရာချထားနိုင်သည်။

က။ လူမျိုးစုတစ်ခုတည်းရှိခြင်း - လူမျိုးစုနှစ်ခု(သို့)ထို့ထက်ပို၍ရှိခြင်း ဝန်ရိုး
ခ။ တစ်ပြည်ထောင်စနစ် - ဖက်ဒရယ်စနစ် ဝန်ရိုး
ဂ။ ဗဟိုမှချုပ်ကိုင်ထားခြင်း - ဗဟိုချုပ်ကိုင်မှုလျော့ချခြင်း ဝန်ရိုး
ဃ။ အချိုးညီမှု - အချိုးမညီမှု ဝန်ရိုး
င။ ယှဉ်ပြိုင်ခြင်း - ပူးပေါင်းဆောင်ရွက်ခြင်း ဝန်ရိုး

အဆိုပါ စိစစ်လေ့လာမှုဆိုင်ရာ ဝန်ရိုးများသည် နိုင်းယှဉ်သည့် ချဉ်းကပ်မှုများ လုပ်ဆောင်ရန်အတွက် ကိန်းရှင်များနှင့် အညွှန်းကိန်းများ စုံလင်ကွဲပြားစွာ လိုအပ်သည်။ ဤအနှစ်ချုပ်စာတမ်း၏ ခေါင်းစဉ်ပါ မေးခွန်းကို ဖြေဆိုရန်အတွက် ကျွန်ုပ်အနေဖြင့် ဒုတိယနှင့် တတိယမြောက် ဝန်ရိုးများ (ဖက်ဒရယ်စနစ်နှင့် ဗဟိုချုပ်ကိုင်မှုလျော့ချသည့် အတိုင်းအတာ) တွင်သာ အာရုံစူးစိုက်သွားမည်ဖြစ်ပြီး နိုင်းယှဉ်ဖော်ပြခြင်းဆိုင်ရာရှုထောင့်မှနေ၍ စပိန်၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခြင်း အနေအထားအပေါ် အထူးအလေးပေး ဖော်ပြသွားမည်ဖြစ်သည်။

တစ်ဖက်တွင် တစ်ပြည်ထောင်စနစ် - ဖက်ဒရယ်စနစ်ဝန်ရိုးသည် ဖက်ဒရေးရှင်းတစ်ခု သို့မဟုတ် ဒေသန္တရ ပြည်နယ်တစ်ခုသည် 'မည်သည့်အတိုင်းအတာအထိ ဖက်ဒရယ်ဖြစ်ကြောင်း' တွင် အာရုံစူးစိုက်သည်။ အဆိုပါ ဝန်ရိုးအား အစိုးရတစ်ခုချင်းစီရှိ ဖက်ဒရယ်စနစ်အတိုင်းအတာများကို အခြေခံ၍ ရေးဆွဲသည်။ ကျွန်ုပ်တို့အနေဖြင့် အစိတ်အပိုင်းယူနစ်များအဖြစ် ကိုယ်ပိုင်အုပ်ချုပ်ခွင့် အပ်နှင်းထားသော အစိုးရများ ရှိမရှိကို သိရှိရန် အညွှန်းကိန်းများကို ထည့်သွင်းသွားမည်ဖြစ်သည်။ (၁)- ယင်းအစိုးရများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အာမခံချက် (၁)- ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေး သဘောတူညီချက် (၁)- သတ်မှတ်ထားသည့် အာဏာ ၃ ရပ်နှင့် စပ်လျဉ်း၍ အင်စတီကျူးရှင်းဆိုင်ရာ ဒွိဝါဒတစ်ခု - အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေး (၂) နှင့် တရားစီရင်ရေး (၁)- ဘဏ္ဍာရေးဆိုင်ရာဖက်ဒရယ်စနစ် ပုံစံတစ်ခု (၂)- ကိုယ်ပိုင်အုပ်ချုပ်ခွင့်အပ်နှင်းထားသည့် အစိုးရများ၏ အင်စတီကျူးရှင်းများမှ ခန့်အပ်သော ကိုယ်စားလှယ်များပါဝင်သည့်အထက်လွှတ်တော်တစ်ရပ် (၁) နှင့် လွှတ်တော်အတွင်းရှိ နေရာများအား နယ်နိမိတ်ဆိုင်ရာမျဉ်းများနှင့်အညီ ခွဲဝေသတ်မှတ်ပေးခြင်း (လူဦးရေနှင့် အချိုးမကျဘဲ) (၁)- အထက်လွှတ်တော်၏ အာဏာများအား အင်စတီကျူးရှင်းဆိုင်ရာ စနစ်အတွင်း ရှိနေစေခြင်း (၂)- ခွဲဝေသတ်မှတ်ခြင်း မပြုရသေးသော အာဏာများအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ယူနစ်များထံ ခွဲဝေသတ်မှတ်ပေးခြင်း (၂)- အငြင်းပွားမှုများကို ဖြေရှင်းပေးမည့် ခုံရုံးတစ်ခု (၂)၊ အဆိုပါ ခုံရုံးတွင် မည်သူတို့ကို ခန့်အပ်မည်အပေါ် ယူနစ်များ၏ အစိုးရများအနေဖြင့် ဆုံးဖြတ်ပိုင်ခွင့်ရှိခြင်း (၂)- နှင့် နောက်ဆုံးအနေဖြင့် (အချို့သော) ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပေးထားသည့် ယူနစ်များ၏ ခွဲထွက်ခွင့်ဆိုင်ရာစည်းမျဉ်းသတ်မှတ်ချက်များထားရှိခြင်း၊ မရှိခြင်း။ လက်သည်းကွင်းများအတွင်းရှိ ကိန်းဂဏန်းများသည် အညွှန်းကိန်းတစ်ခုချင်းစီ အတွက်ပေးသည့် ရမှတ်များကို ရည်ညွှန်းသည်။ ယင်းတို့အားလုံးကို ပေါင်းစပ်ကာ ဖြစ်စဉ်တစ်ခုချင်းစီကို တစ်ကမ္ဘာလုံးဆိုင်ရာ အတိုင်းအတာအရ ၀ (ဖက်ဒရယ် သဘောတရားမရှိ) နှင့် ၂၀ (အခြေခံဥပဒေဆိုင်ရာ ဖက်ဒရယ်စနစ် အမြင့်ဆုံးအတိုင်းအတာ) အကြားတွင် နေရာချထားသည်။ ကျွန်ုပ်တို့အနေဖြင့် ဤဝန်ရိုးတွင် ဖက်ဒရယ်စနစ်ဆိုင်ရာ လုပ်ငန်းစဉ်တစ်ခုအပေါ် သက်ရောက်မှုရှိသည့် 'အင်စတီကျူးရှင်းခွဲများဆိုင်ရာ' အညွှန်းကိန်းများ (ဥပမာ။ ။ ပါတီနိုင်ငံရေးစနစ်ခွဲများ၊ အစိုးရများကြားရှိ ဆက်ဆံရေးများ) ကို ထည့်သွင်းစဉ်းစားခြင်းမပြုပေ (Requejo ၂၀၁၅၊ ၂၀၁၀ ကို ကြည့်ရှုပါ)။

အခြားတစ်ဖက်တွင် ဗဟိုမှချုပ်ကိုင်ထားခြင်း - ဗဟိုချုပ်ကိုင်မှုလျော့ချခြင်းဝန်ရိုးသည် နိုင်ငံရေးဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပေးအပ်ထားခြင်းခံရသည့်ယူနစ်များ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အတိုင်းအတာကို ရည်ညွှန်းသည်။ ဗဟိုချုပ်ကိုင်မှုလျော့ချခြင်း (သို့မဟုတ် ဗဟိုချုပ်ကိုင်မှုမရှိခြင်း) အတိုင်းအတာကိုလည်း ဤနေရာတွင် တစ်ကမ္ဘာလုံးဆိုင်ရာ အတိုင်းအတာရ ၀ (ဗဟိုချုပ်ကိုင်မှု အမြင့်ဆုံး) မှ ၂၀ (ဗဟိုချုပ်ကိုင်မှုလျော့ချခြင်း အမြင့်ဆုံး) အတွင်း တိုင်းတာသည်။ ယင်းကို

20 (maximum decentralisation). It is also measured using different indicators: a) the kind of legislative powers enjoyed by these sub-units (8) -subdivided in specific areas of government as follows: economy/ infrastructures/communication (2), education and culture (2), welfare (2), internal affairs/penal/civil codes and others (2); b) the executive/administrative powers (2); c) whether or not the federated entities have the right to conduct their own foreign policy, taking into account both the scope of the matters and agreements with federal support (2); and d) their economic decentralisation (8), calculated according to a single average index obtained taking into account the distribution of the public revenues and the public expenditures (GFS/IMF indexes) in each country. The cases of Ethiopia and Malaysia are not included in the degree of decentralisation due to the lack of reliable economic data (See also, Rodden 2004).

The universe of the following analysis comprises democratic federations –excluding cases based on archipelagic federations such as Micronesia, the Comoros and St Kitts and Nevis, as well as federations which are a long way from the liberal-democratic logic (the United Arab Emirates, Russia, Nigeria, Pakistan, etc). Associated states/federacies and Supra-state entities such as the European Union have been also excluded. On the other hand, we include three European Western democratic states which display a clear territorial division of powers: the United Kingdom, Spain and Italy. Altogether, there are 19 federations or regional states in the following analysis.

The next figure relates the degree of constitutional federalism and the degree of decentralisation which exists in the cases studied (plurinational cases are marked in green, while asymmetrical cases are underlined).

Although the Spanish "Estado de las autonomías" shows an intermediate level in the axis of decentralisation it also shows a rather low level in the axis of constitutional federalism. However, it is a decentralised state when compared with other regional states and it has one important thing in common with federations: decentralisation is designed for all the territorial subunits and not only for some of them. The total of territories which enjoy constitutionally guaranteed political autonomy -currently 17 autonomous communities plus two cities in North Africa: Ceuta and Melilla – practically make up the whole of the territory of Spain.

အညွှန်းကိန်း အမျိုးမျိုးကို အသုံးပြုခြင်း ဖြင့်လည်း တိုင်းတာသည်။ က) အဆိုပါ ယူနစ်ခွဲများ ကျင့်သုံးနိုင်သည့် ဥပဒေပြုရေး အာဏာအမျိုးအစား (၈)- စီးပွားရေး/အခြေခံအဆောက်အဦ/ဆက်သွယ်ရေးဟူ၍ အစိုးရ၏ သက်ဆိုင်ရာ နယ်ပယ်များ တွင် ထပ်မံခွဲခြားထားသည် (၂)၊ ပညာရေး နှင့် ယဉ်ကျေးမှု (၂)၊ သက်သာချောင်ချိရေး (၂)၊ ပြည်ထဲရေး/ရာဇဝတ်မှုဆိုင်ရာ/ တရားမမှုဆိုင်ရာ ဥပဒေများနှင့် အခြား (၂)- ခ) အုပ်ချုပ်ရေး/စီမံခန့်ခွဲရေး အာဏာများ (၂)- ဂ) (အကြောင်းအရာ နယ်ပယ်နှင့် ဖက်ဒရယ်အထောက်အပံ့ဖြင့် သဘောတူညီချက်များကို ထည့်သွင်းစဉ်းစား၍) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အစိုးရ များအနေဖြင့် ယင်းတို့၏ ကိုယ်ပိုင်နိုင်ငံခြားရေးမူဝါဒကို ဖော်ဆောင်နိုင်ခွင့်ရှိမရှိ (၂)- နှင့် ဃ) ယင်းတို့၏ စီးပွားရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း (၈)၊ နိုင်ငံတစ်ခုချင်းစီရှိ အများပြည်သူဆိုင်ရာဝင်ငွေများနှင့် အသုံးစရိတ်များ (GFS/IMF အညွှန်းကိန်းများ) ခွဲဝေခြင်းတို့ကို ထည့်သွင်းစဉ်းစားကာ ပျမ်းမျှအညွှန်းကိန်းတစ်ခုအရ တွက်ချက်သည်။ စိတ်ချယုံကြည်ရသည့် စီးပွားရေးဆိုင်ရာ အချက်အလက်များ မရှိခြင်းကြောင့် အီသီယိုးပီးယားနှင့် မလေးရှားနိုင်ငံတို့ရှိ ဖြစ်စဉ်များအား ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း အတိုင်းအတာတွင် ထည့်သွင်းထားခြင်း မရှိပေ (Rodden ၂၀၀၄ ကိုလည်း ကြည့်ရှုပါ)။

အောက်ပါ စိစစ်လေ့လာမှုအားလုံးတွင် ဒီမိုကရက်တစ်ဖက်ဒရေးရှင်းများပါဝင်ပြီး မိုက်ခရိုနီးရှား၊ ကိုမိုရို၏၊ စိန့်ကစ်နှင့်နီးဗစ်တို့ကဲ့သို့သော ကျွန်းစုဖက်ဒရေးရှင်းများနှင့်တကွ လစ်ဘရယ်ဒီမိုကရေစီသဘောတရားနှင့် နီးစပ်မှုမရှိသော ဖက်ဒရေးရှင်းများ (အာရပ်စော်ဘွားများပြည်ထောင်စု၊ ရုရှား၊ နိုင်ဂျီးရီးယား၊ ပါကစ္စတန် အစရှိသည်) မပါဝင်ပါ။ တွဲဖက်တည်ရှိသောနိုင်ငံများ/ဖက်ဒရယ်ပြည်နယ်စုများနှင့် ဥရောပသမဂ္ဂကဲ့သို့သော နိုင်ငံတစ်နိုင်ငံအဆင့်ထက် ကျော်လွန်သည့် အဖွဲ့အစည်းများကိုလည်း ထည့်သွင်းထားခြင်းမရှိပါ။ အခြားတစ်ဖက်တွင် ကျွန်ုပ်တို့အနေဖြင့် အာဏာများအား နယ်နိမိတ် ဒေသအရ ရှင်းလင်းစွာ ပိုင်းခြားခွဲဝေထားသည်ကို တွေ့မြင်ရသော ဥရောပအနောက်ပိုင်းရှိ ဒီမိုကရေစီနိုင်ငံများဖြစ်သည့် ယူနိုက်တက်ကင်းဒမ်း၊ စပိန်နှင့် အီတလီတို့ကို ထည့်သွင်းထားသည်။ စုစုပေါင်းအားဖြင့် အောက်ပါ စိစစ်လေ့လာမှုတွင် ဖက်ဒရေးရှင်း သို့မဟုတ် ဒေသန္တရနိုင်ငံ ၁၉ ခု ပါဝင်ပါသည်။

တစ်ဖက်ဖော်ပြပါပုံသည် လေ့လာခဲ့သည့်ဖြစ်စဉ်များတွင် တွေ့ရှိခဲ့ရသော ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ဖက်ဒရယ်စနစ် အတိုင်းအတာနှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း အတိုင်းအတာတို့ကို ဆက်စပ်ပေးသည် (လူမျိုးစုနှစ်ခု(သို့)ထို့ထက်ပိုသည့် ဖြစ်စဉ်များကို အစိမ်းရောင်ဖြင့် အမှတ်အသားပြုလုပ်ထားပြီး အချို့မညီသည့်ဖြစ်စဉ်များကို မျဉ်းသားထားသည်)။

စပိန်၏ 'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခြင်း' သည် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းဝန်ရိုးတွင် အလယ်အလတ်အဆင့်ကို ပြသနေသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဖက်ဒရယ်စနစ်ဝန်ရိုးတွင် အတိုင်းအတာတစ်ခုအထိ နိမ့်ကျနေသည်ကိုလည်း တွေ့ရသည်။ သို့ရာတွင် ယင်းသည် အခြားသောဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဗဟိုချုပ်ကိုင်မှုလျှော့ချထားသည့် နိုင်ငံတစ်ခုဖြစ်ပြီး ဖက်ဒရေးရှင်းများနှင့် တူညီသည့် အရေးကြီးသော အရာတစ်ခုရှိသည်။ ယင်းမှာ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းအား နယ်နိမိတ်ဒေသဆိုင်ရာ ယူနစ်များအားလုံးအတွက် ပုံစံရေးဆွဲထားခြင်းဖြစ်ပြီး တချို့တစ်ဝက်အတွက်သာ မဟုတ်ခြင်းဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာမခံချက်ပေးထားသည့် နိုင်ငံရေးဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသော နယ်နိမိတ်ဒေသ စုစုပေါင်း (လက်ရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အသိုင်းအဝိုင်း ၁၇ ခု နှင့် မြောက်အာဖရိကရှိ Ceuta နှင့် Melilla မြို့ကြီး ၂ မြို့) သည် လက်တွေ့အားဖြင့် စပိန်နိုင်ငံ၏ နယ်နိမိတ်တစ်ခုလုံးပင်ဖြစ်သည်။



Source: Ferran Requejo 2017, Universitat Pompeu Fabra (Barcelona)

Among the elements that distance the current Spanish model from standard federations (Gagnon-Keil-Mueller 2015, Requejo 2005, Filippov–Ordeshook-Shvetsova 2004, Griffiths-Neremberg 2002, 2005, Watts 1999, Stepan 1999, Elazar 1991) are the following:

1. Constituent units: The "autonomous communities" (AC) are not constituent entities. The current Spanish Constitution (1978) establishes "the indissoluble unity of the Spanish Nation" (art 2) and the "Spanish people" as subject of the "National sovereignty" (art 1). Some of the AC did not even exist as administrative regions before 1978.

2. Division of powers: The decentralisation of legislative powers is unclear. The central power maintains its hegemony through the so-called "leyes de bases" and "leyes orgánicas" (basic and constitutional laws), which are the same throughout the state and which can be developed in a centralising way in many areas (education, welfare policies, local power, civil servants, universities and research, etc). There are no clear procedural rules of "shared government" in the Spanish constitutional framework.

3. Judicial power: Unlike the legislative and executive powers, the "Estado de las autonomías" has had practically no effect on the structure of the judiciary, which continues to be that of a centralised state.

4. Senate: The upper chamber is not linked to the federated units. The majority of the senators are elected by the "provinces", a set of administrative divisions which date back to the 19th century. The AC play no practical role in the legislative power of the "federation".



Source: Ferran Requejo 2017, Universitat Pompeu Fabra (Barcelona)

လက်ရှိ စပိန်နိုင်ငံ၏ပုံစံအား စံဖက်ဒရေးရှင်းများမှ ဝေးကွာစေသည့် အစိတ်အပိုင်းများတွင် အောက်ပါတို့ ပါဝင်ပါသည်။ (Gagnon-Keil-Mueller ၂၀၁၅၊ Requejo ၂၀၀၅၊ Filippov-Ordeshook-Shvetsova ၂၀၀၄၊ Griffiths-Neremberg ၂၀၀၂၊ ၂၀၀၅၊ Watts ၁၉၉၉၊ Stepan ၁၉၉၉၊ Elazar ၁၉၉၁) -

၁။ အစိတ်အပိုင်း ယူနစ်များ - 'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အသိုင်းအဝိုင်းများ' (AC) သည် ပါဝင်သည့် အစိတ်အပိုင်း ယူနစ်များမဟုတ်ပေ။ လက်ရှိ စပိန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၇၈) တွင် 'ဖြိုခွဲခြင်းမပြုနိုင်သည့် စပိန်နိုင်ငံတော်၏ ပေါင်းစည်းမှု' (ပုဒ်မ ၂) နှင့် 'စပိန်ပြည်သူများ' သည် 'နိုင်ငံတော်အချုပ်အခြာအာဏာ' ကို သစ္စာစောင့်သိရမည် (ပုဒ်မ၁) ဟူ၍ သတ်မှတ်ဖော်ပြထားသည်။ ၁၉၇၈ ခုနှစ်မတိုင်မီတွင် အချို့သော AC များသည် တည်ရှိခဲ့ခြင်းပင် မရှိသေးပေ။

၂။ အာဏာပိုင်းခြားခွဲဝေခြင်း - ဥပဒေပြုရေးအာဏာများအား ဗဟိုချုပ်ကိုင်မှုလျော့ချရာတွင် ရှင်းလင်းပြတ်သားမှု မရှိပေ။ ဗဟိုအစိုးရသည် တစ်နိုင်ငံလုံးတွင် အတူတူဖြစ်ပြီး နယ်ပယ်များစွာ (ပညာရေး၊ သက်သာချောင်ချိရေး မူဝါဒများ၊ ဒေသဆိုင်ရာ အာဏာများ၊ ပြည်သူ့ဝန်ထမ်းများ၊ တက္ကသိုလ်များနှင့် သုတေသနလုပ်ငန်းများ အစရှိသည်) တွင် ဗဟိုချုပ်ကိုင်သည့်ပုံစံဖြင့် ရေးဆွဲနိုင်သည့် 'leyes de bases' နှင့် 'leyes orgánicas' (အခြေခံကျသောဥပဒေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများ) မှတစ်ဆင့် ယင်း၏ သြဇာလွှမ်းမိုးမှုကို ထိန်းသိမ်းထားသည်။ စပိန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ မူဘောင်တွင် 'မျှဝေအုပ်ချုပ်သည့် အစိုးရ/ပူးတွဲအုပ်ချုပ်မှု' နှင့်သက်ဆိုင်သည့် ရှင်းလင်းပြတ်သားသော လုပ်ထုံးလုပ်နည်း စည်းမျဉ်းများ မရှိပေ။

၃။ တရားစီရင်ရေးအာဏာ - ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအာဏာများနှင့် မတူညီသည်မှာ 'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခြင်း' အခြေအနေသည် တရားစီရင်ရေး ဖွဲ့စည်းပုံတွင် လက်တွေ့သက်ရောက်မှုမရှိခြင်းဖြစ်ပြီး တရားစီရင်ရေးအာဏာကို ဗဟိုမှချုပ်ကိုင်ထားဆဲ ဖြစ်သည်။

၄။ ဆီးနိတ်လွှတ်တော် - အထက်လွှတ်တော်သည်ဖက်ဒရယ် ယူနစ်များနှင့် ချိတ်ဆက်မှုမရှိပေ။ ဆီးနိတ်လွှတ်တော် အမတ်အများစုကို 'ခရိုင်များ' မှ ရွေးကောက်တင်မြှောက်သည်။ 'ခရိုင်များ'သည် ၁၉ ရာစုမှ စတင်ခဲ့သည့် အုပ်ချုပ်ရေးဌာနခွဲများဖြစ်သည်။ AC သည် 'ဖက်ဒရေးရှင်း' ၏ ဥပဒေပြုရေး အာဏာတွင် လက်တွေ့အခန်းကဏ္ဍမှ ပါဝင်ခြင်း မရှိပေ။

5. Taxation: The "Estado de las autonomías" is a long way from any model of fiscal federalism. The most important taxes are collected by the central power, which later returns an amount equivalent to that which the AC "need" (permanent controversial quantification) in order to finance the powers that they have. The Basque Country and Navarre are the exceptions to this rule as they enjoy an asymmetrical fiscal agreement with the central power, which is based on a number of "historical rights" which predate the 1978 constitution and which are regulated under terms which are even more confederal than federal. On the other hand, this is the most asymmetrical legal characteristic of the Spanish political system.

6. European Union: The AC's are not considered to be political actors in relation to the principal institutions of the European Union, in contrast to the federations of the EU (particularly, Belgium and Germany). The central government has resisted giving any important role for the AC in relation to European issues.

7. Constitutional reform: The AC's do not participate in the process of constitutional reform. This is in the hands of the central parliament and of the citizens of the state through referenda.

The general conclusion is that the current Spanish "estado de las autonomías" does not have important elements (institutional and procedural) that usually define "federations". In fact, the Spanish Constitution included more potential asymmetrical elements than genuinely federal elements. However, most of these asymmetrical elements have not been developed in post-constitutional political and legislative practice. Despite the fact that the AC possess a medium degree of autonomy in some areas, the practical characteristics of the model have been predominantly developed on a regionalising perspective. In this way, a transitory asymmetry of powers was established to achieve the highest level of self-government.

Notwithstanding, some works of comparative politics in which the Spanish state sometimes appears classified, in a not so very accurate methodological way, within the "federal" states, there are many arguments that would suggest that perhaps it would be more appropriately situated in the group of "regional" states.

၅။ အခွန်ကောက်ခံခြင်း - 'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခြင်း' အခြေအနေသည် ဘဏ္ဍာရေးဆိုင်ရာဖက်ဒရယ်စနစ်၏ မည်သည့်ပုံစံနှင့်မျှ နီးစပ်ခြင်းမရှိပေ။ အရေးအကြီးဆုံးအခွန်များအား ဗဟိုအစိုးရမှ ကောက်ခံပြီး AC များ၏ အာဏာများအတွက် အသုံးပြုရန် ရန်ပုံငွေအဖြစ် 'လိုအပ်သည့်' ပမာဏ (အငြင်းပွားမှုများ အစဉ်အမြဲပေါ်ပေါက်နေသည့် ပမာဏသတ်မှတ်ချက်) တစ်ခုကိုပြန်လည်ပေးအပ်သည်။ ဘားစ်က်ဒေသနှင့် နဗာဒေသတို့အား ၁၉၇၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှ စတင်ခဲ့ပြီး ဖက်ဒရယ်ထက် ကွန်ဖက်ဒရယ်ပိုဆန်သည့် စည်းမျဉ်းများဖြင့် သတ်မှတ်ထားသော 'သမိုင်းဝင် အခွင့်အရေးများ' ကို အခြေခံကာ အချို့မည်သည့် ငွေကြေးဆိုင်ရာ သဘောတူညီချက် တစ်ခုကို ရရှိထားသောကြောင့် ယင်းဒေသများသည် အဆိုပါ စည်းမျဉ်း၏ ခြွင်းချက် ဖြစ်သည်။ အခြားတစ်ဖက်တွင် ယင်းသည် စပိန်နိုင်ငံရေးစနစ်၏ အချို့မည်ဆုံး ဥပဒေရေးရာ ဝိသေသလက္ခဏာဖြစ်သည်။

၆။ ဥရောပသမဂ္ဂ - EU ၏ ဖက်ဒရေးရှင်းများ (အထူးသဖြင့်၊ ဘယ်လ်ဂျီယံနှင့် ဂျာမနီ) နှင့် ကွဲပြားသည်မှာ AC များအား ဥရောပသမဂ္ဂ၏ အဓိကအင်စတီကျူးရှင်းများနှင့် စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်ခွင့် မပေးထားခြင်းဖြစ်သည်။ ဗဟိုအစိုးရသည် ဥရောပကိစ္စရပ်များနှင့်စပ်လျဉ်း၍ AC များအား အရေးပါသည့် အခန်းကဏ္ဍ တစ်စုံတစ်ရာ ပေးအပ်ခြင်းမရှိပေ။

၇။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး - AC များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် ပါဝင်ခြင်းမရှိပေ။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးသည် ဗဟိုပါလီမန်နှင့် (ဆန္ဒခံယူပွဲကျင်းပခြင်းဖြင့်) နိုင်ငံသားများ၏ လက်ထဲတွင်ရှိသည်။

ယေဘုယျအားဖြင့် ခြုံငုံသုံးသပ်ဖော်ပြရသော် လက်ရှိ စပိန် 'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခြင်း' တွင် 'ဖက်ဒရေးရှင်းများ' ကို သတ်မှတ်ဖော်ပြပေးသည့် အရေးကြီးသော (အင်စတီကျူးရှင်းဆိုင်ရာနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ) အစိတ်အပိုင်းများ မပါဝင်ပေ။ အမှန်စင်စစ်တွင် စပိန်အခြေခံဥပဒေတွင် စစ်မှန်သော ဖက်ဒရယ်အစိတ်အပိုင်းများ ပါဝင်ခြင်းထက် အချို့မည်ရန် အလားအလာရှိသည့် အစိတ်အပိုင်းများက ပိုမိုပါဝင်နေသည်။ သို့ရာတွင် အဆိုပါ အချို့မည်သည့် အစိတ်အပိုင်းအများစုကို အခြေခံဥပဒေ-အလွန် နိုင်ငံရေးနှင့် ဥပဒေပြုရေးတို့တွင် အသုံးပြုခဲ့ခြင်း မရှိပေ။ အချို့သောနယ်ပယ်များတွင် AC သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို အလယ်အလတ်အတိုင်းအတာတစ်ခုအထိ ရရှိသည်ဆိုသော်ငြားလည်း ယင်းတို့၏ လက်တွေ့ဝိသေသလက္ခဏာများကိုမူ အများအားဖြင့် ဒေသန္တရ ရှုထောင့်မှ ဖန်တီးသတ်မှတ်ခဲ့သည်။ ဤနည်းအားဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် အမြင့်ဆုံးအဆင့်ကို ရရှိနိုင်ရန်အတွက် အာဏာများကို အချို့မည်သည့် ပုံစံဖြင့် ယာယီသတ်မှတ်ခဲ့သည်။ သို့တိုင် အချို့သော နှိုင်းယှဉ်သည့် နိုင်ငံရေးဆိုင်ရာ စာတမ်းများတွင် နည်းစနစ်ပိုင်းဆိုင်ရာ များစွာတိကျမှုမရှိသည့် နည်းလမ်းအရ စပိန်နိုင်ငံအား 'ဖက်ဒရယ်' နိုင်ငံများဟူသည့် အမျိုးအစားအတွင်း ထည့်သွင်းသတ်မှတ်ထားသော်လည်း ယင်းအား 'ဒေသန္တရ' နိုင်ငံများဟူသည့် အုပ်စုအတွင်း ထည့်သွင်းထားရှိခြင်းသည် ပိုမို၍ သင့်လျော်လိမ့်မည်ဟု အဆိုပြုသည့် ဆွေးနွေးချက်များစွာရှိပေသည်။

Further Reading

Burgess, M-Gagnon, A (eds), 2010, *Federal Democracies, Routledge, London*

Gagnon, A, S. Keil and S. Mueller. *Understanding Federalism and Federation. Ashgate: Farnham.*

Requejo, F 2005, *Multinational Federalism and Value Pluralism, Routledge, London-New York.*

Requejo, F. and M. Sanjaume. 2015. *'Recongntion and Political Accommodation: From Regionalism to Secessionism – The Catalan Case in J.F. Gregoire and M. Jewkes (ed.) Recognition and Redistribution in Multinational Federations. Leuven: Leuven University Press, pp. 1070132.*

Bibliography

Amoretti, U – Bermeo, N (eds) 2004, *Federalism and Territorial Cleavages, Johns Hopkins University Press*

Baldi, B 2003 (2ª ed 2005), *Stato e territorio, Laterza, Roma-Bari*

Burgess, M-Gagnon, A (eds), 2010, *Federal Democracies, Routledge, London*

Elazar, D., 1991, *Federal Systems of the World, Longman, Essex.*

Filippov, M – Ordeshook, PC – Shvetsova, O 2004, *Designing federalism: A theory of self-sustainable federal institutions. Cambridge: Cambridge University Press*

Gagnon A – Keil S – Mueller S (eds), *Understanding Federalism and Federation, Ashgate, 2015*

Neremberg, K – Griffiths, A (eds) 2002, *Handbook of Federal Countries, McGill-Queen's University press, Montreal & Kingston (New edition 2005)*

Requejo, F. 2015, *"National Pluralism, Recognition, Federalism and Secession (or Hegel was a clever guy)" in Alain-G. Gagnon, Soeren Keil and Sean Mueller (eds), Understanding Federalism and Federation, Ashgate, 2015: 157-176.*

Requejo, F, 2010, *"Federalism and democracy. The case of minority nations: a federalist deficit", in M. Burgess (ed), Federal Democracies, London, Routledge*

Requejo, F 2005, *Multinational Federalism and Value Pluralism, Routledge, London-New York*

Rodden, J 2004, *"Comparative Federalism and Decentralization. On Meaning and Measurement", Comparative Politics, July: 481-500*

Stepan, A, 1999, *"Federalism and Democracy: Beyond the U.S. Model", Journal of Democracy, v.10, n.4: 19-34*

Watts, R., 1999, *Comparing Federal Systems, Montreal and Kingston, McGill-Queen's University Press.*

4. Belgium: The Short Story of a Long History of (In)Stability

ဘယ်လ်ဂျီယံ - နိုင်ငံရေး(မ)တည်ငြိမ်မှု သမိုင်းကြောင်းရှည်တစ်ခု၏ အနှစ်ချုပ်

Min Reuchamps

Min Reuchamps is professor of political science at the Université catholique de Louvain. He graduated from the Université de Liège (Belgium) and from Boston University (USA). His teaching and research interests are federalism and multi-level governance, democracy and its different dimensions, relations between language(s) and politics and in particular the role of metaphors, as well as participatory and deliberative methods. He has published a dozen books on these topics and his works have appeared in several international journals. With the professors Nathalie Schiffino-Leclercq, Pierre Baudewyns, Ella Hamonic and Vincent Legrand, he has brought into life the MOOC "Découvrir la science politique" (Discovering politican science - Louv3x), on-line course, freely available around the world via the platform edx.org. This course is one of the finalists of the first-ever edX Prize for Exceptional Contributions in Online Teaching and Learning. He is currently the President of the French-speaking Belgian association for political science (ABSP) and the coordinator of the methodology & research cel of the G1000, a citizens' initiative promoting deliberative democracy.

Min Reuchamps

Min Reuchamps သည် လျှုဗန်ကက်သလစ်တက္ကသိုလ်ရှိ နိုင်ငံရေးသိပ္ပံ ပါမောက္ခတစ်ဦးဖြစ်ပြီး လီယဲ့ဂျ်တက္ကသိုလ် (ဘယ်လ်ဂျီယံ) နှင့် ဘော့စတွန်တက္ကသိုလ် (အမေရိကန် ပြည်ထောင်စု) မှ ဘွဲ့ရရှိခဲ့သူဖြစ်သည်။ သူသည် ဖက်ဒရယ်စနစ်နှင့် အစိုးရအဆင့်ဆင့်အလိုက် အုပ်ချုပ်ခြင်း၊ ဒီမိုကရေစီနှင့် ရှုထောင့်အမျိုးမျိုး၊ ဘာသာစကား(များ) နှင့် နိုင်ငံရေးကြားရှိ ဆက်နွယ်မှု၊ အထူးသဖြင့် ရူပက အလင်္ကာများ၏ အခန်းကဏ္ဍနှင့်တကွ ပူးပေါင်းဆောင်ရွက်မှု နှင့် ဆွေးနွေးညှိနှိုင်းမှုဆိုင်ရာ နည်းစနစ်များကို အဓိကအားဖြင့် သင်ကြားပို့ချသုတေသန ပြုလုပ်သည်။ အဆိုပါ အကြောင်းအရာများနှင့် စပ်လျဉ်း၍ စာအုပ်ပေါင်း ၁၂ အုပ်ကို ရေးသား ထုတ်ဝေခဲ့ပြီး သူ၏ စာတမ်းများကို နိုင်ငံတကာဂျာနယ်အတော်များများတွင် ထည့်သွင်း ဖော်ပြခြင်းခံခဲ့ရသည်။ သူသည် ပါမောက္ခများဖြစ်ကြသော Nathalie Schiffino-Leclercq, Pierre Baudewyns, Ella Hamonic နှင့် Vincent Legrand တို့နှင့်ပူးပေါင်းကာ Massive Open Online Course တွင် "Découvrir la science politique" (နိုင်ငံရေးသိပ္ပံအား ရှာဖွေဖော်ထုတ်ခြင်း - Louv3x) အွန်လိုင်းသင်တန်းအား edx.org မှတစ်ဆင့် ကမ္ဘာအနှံ့မှ အခမဲ့လေ့လာရရှိနိုင်စေရန် စတင်ဖော်ဆောင်ခဲ့သည်။ အဆိုပါ သင်တန်းသည် အွန်လိုင်းသင်ကြားပို့ချရေးနှင့် လေ့လာရေးဆိုင်ရာ ထူးချွန်စာတမ်းဆုအတွက် နောက်ဆုံး ဆန်ခါတင်အဆင့် လျာထားခြင်းခံရသည်။ သူသည် လက်ရှိတွင် ပြင်သစ်စကားပြော ဘယ်လ်ဂျီယံ နိုင်ငံရေးသိပ္ပံအစည်းအရုံး (ABSP) ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပြီး ဆွေးနွေးညှိနှိုင်းမှုဆိုင်ရာ ဒီမိုကရေစီကို အားပေးသည့် နိုင်ငံသားများဆိုင်ရာ ပဏာမလုပ်ငန်းတစ်ခုဖြစ်သော G1000 ၏ နည်းစနစ်နှင့် သုတေသနအဖွဲ့တွင် စီမံခန့်ခွဲရေးမှူးအဖြစ် ဆောင်ရွက်လျက်ရှိသည်။

Abstract

The history of Belgium since 1830 shows the progressive transformation of a linguistic dynamic in an identity dynamic through the territorialisation of political tensions and then the federalisation of the State, originally a unitary State. This contribution tells the short story of a long history of stability and instability in Belgium.

အနှစ်ချုပ်

ဘယ်လ်ဂျီယံနိုင်ငံ၏ သမိုင်းကြောင်းတွင် ၁၈၃၀ ပြည့်နှစ်မှစတင်ကာ နိုင်ငံရေး တင်းမာမှုများအား နယ်နိမိတ်ဒေသအလိုက် ခွဲခြားခြင်းဖြင့် ကိုယ်ပိုင်လက္ခဏာဆိုင်ရာ အပြောင်းအလဲတစ်ခုအတွင်း ဘာသာစကားဆိုင်ရာအပြောင်းအလဲတစ်ခု အဆင့်ဆင့် အသွင်ကူးပြောင်းလာမှုကို တွေ့မြင်ရပါသည်။ ထို့နောက်တွင် မူလတစ်ပြည်ထောင်နိုင်ငံတစ်ခုအဖြစ်မှ ဖက်ဒရယ်အသွင်ကူးပြောင်းခြင်းတို့သည်လည်း တိုးတက်လာသော ပြောင်းလဲမှု တစ်ရပ်အား ဖော်ပြနေပါသည်။ ဤစာတမ်းအတွင်းတွင် ဘယ်လ်ဂျီယံနိုင်ငံ၏ နိုင်ငံရေးတည်ငြိမ်မှုနှင့် မတည်ငြိမ်မှုသမိုင်းကြောင်းရှည်ကြီးတစ်ခုအား အတိုချုံး၍ ဖော်ပြထားပါသည်။

Introduction

'Of all these (peoples in Gaul), the Belgians are the bravest.' This quote, generally attributed to Julius Caesar in the 1st century BC, is part of the early socialisation of Belgian pupils, be them Dutch-speaking or French-speaking. Nevertheless, it would be a mistake to believe that the Belgians of the time geographically correspond to those resident in Belgium today. The tribes that covered Belgic Gaul lived in a much wider land than the territory that would eventually become Belgium in 1830. Between these two periods, the components of what was to become Belgium were never unified, even though some parts of the territory had been more or less unified in certain periods under the same ruler (Mabille 2011).

Historical Developments

After being under Spanish, Austrian and French rule, the territory of (future) Belgium was united by the Treaty of Vienna in 1815 in the United Kingdom of the Netherlands, led at the time by William I. Religious policies – pro-protestant – and linguistic – pro Dutch-speaking – of the latter (Witte and Van Velthoven 2000), soon fuelled a movement of contestation among the inhabitants, mainly the Southern provinces' bourgeois, leading to their secession in 1830 and to Belgium's independence, quickly recognised by neighbouring countries and The Netherlands in 1839. Belgium was thus a whole new country (Deschouwer 2012). Even though a double unity – religious and linguistic – had allowed the creation of a new State, it would only be short-lived because both the religious cleavage between the Church and the State and the linguistic cleavage between the Dutch-speaking and the French-speaking communities would ultimately mould the lasting dynamics of Belgium's politics.

If the separation from the Kingdom of the Netherlands had been fuelled by the rejection of King William's pro-protestant policies, the national union of the first years of independence quickly gave way to the crystallisation of the opposition between those Catholics in favour of a strong relationship between the Church and the State and those Liberals, in favour of a clear separation between the Church and the State (de Coorebyter 2008). This cleavage led to the progressive consocionalisation of society, strengthened at the end of the 19th century by the creation of the Belgian Labour Party, which protected the interests of the working class against the capital holders. The Belgian Labour Party also joined some liberals, supporters of a separation between State and Church, and some Catholics of the catholic workers' movement. This interweaving of cleavages explains Belgium's consocionalist nature. Three pillars governed the State – the Catholic, the Socialist and, to a lesser extent, the Liberal. These three pillars co-existed and organised the

နိဒါန်း

'(ဂေါလ်ဒေသရှိ လူမျိုးများ) အားလုံးတွင် ဘယ်လ်ဂျီယံလူမျိုးများသည် အရဲရင့်ဆုံးဖြစ်သည်။' ဘီစီ ၁ ရာစုအတွင်း ဂျူးလိယက်ဆီဇာမှ ပြောကြားခဲ့သည်ဟု ဆိုလေ့ရှိကြသည့် အဆိုပါ ပြောကြားချက်သည် (ဒတ်ချ်စကားပြောသည်ဖြစ်စေ ပြင်သစ်စကားပြောသည်ဖြစ်စေ) ဘယ်လ်ဂျီယံတပည့်များ၏ အစောပိုင်း လူမှုဆက်ဆံရေးနှင့်စပ်လျဉ်း၍ ပြောကြားခဲ့ခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ထိုခေတ်အခါက ဘယ်လ်ဂျီယံလူမျိုးများသည် ယနေ့ခေတ် ဘယ်လ်ဂျီယံတွင် နေထိုင်သူများနှင့် ပထဝီအနေအထားအရ တည်ရှိသည့်နေရာ အတူတူပင်ဖြစ်သည်ဟု ယူဆပါက မှားယွင်းမည်ဖြစ်သည်။ ဘယ်လ်ဂျီယံဂေါလ်ဒေသရှိ လူမျိုးစုများနေထိုင်ခဲ့ကြရာနယ်မြေသည် ၁၈၃၀ ပြည့်နှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံဖြစ်လာမည့် နယ်နိမိတ်ထက် များစွာပိုမိုကျယ်ပြန့်သည်။ အုပ်ချုပ်သူတစ်ဦးတည်း၏ လက်ထက်အတွင်း အချို့သော ကာလများတွင် ဘယ်လ်ဂျီယံဖြစ်လာမည့် နယ်နိမိတ်၏ အစိတ်အပိုင်းအချို့အားအတော်အသင့် စုစည်းနိုင်ခဲ့သော်လည်း အဆိုပါ ကာလနှစ်ခုကြားတွင် နယ်မြေအစိတ်အပိုင်းများအား မည်သည့်အခါတွင်မျှ တစ်ခုတည်းအဖြစ် ပေါင်းစည်းနိုင်ခဲ့ခြင်းမရှိပေ (Mabille ၂၀၁၁)။

သမိုင်းဝင် တိုးတက်ပြောင်းလဲမှုများ

စပိန်၊ ဩစတြီးယားနှင့် ပြင်သစ်အုပ်ချုပ်မှုအောက်တွင် ကျရောက်ခဲ့ပြီးနောက် ၁၈၁၅ ခုနှစ်၌ ဝီလီယံ ၁ ဦးဆောင်ကာ နယ်သာလန်ဘုရင့်နိုင်ငံတော်၏ အောက်တွင် (အနာဂတ်) ဘယ်လ်ဂျီယံနိုင်ငံ၏ နယ်နိမိတ်အား ဗီယင်နာစာချုပ်ဖြင့် ပေါင်းစည်းခဲ့သည်။ ပရိုတက်စတင့်ဂိုဏ်းကို အားပေးသည့် ဘာသာရေးမူဝါဒများနှင့် ဒတ်ချ်ဘာသာစကားကို အားပေးသည့် ဘာသာစကားဆိုင်ရာမူဝါဒများရှိခဲ့ကြရာမှ ၄င်းဘာသာစကားဆိုင်ရာ မူဝါဒများကြောင့် (Witte နှင့် Van Velthoven ၂၀၀၀) ဌာနေလူမျိုးများ၊ အဓိကအားဖြင့် တောင်ပိုင်းပြည်နယ်များအတွင်းရှိ လူလတ်တန်းစားများအကြား အားပြိုင်သည့် လှုပ်ရှားမှုတစ်ခု ပေါ်ပေါက်လာခဲ့သည်။ ယင်းနောက် အဆိုပါလူမျိုးများသည် ၁၈၃၀ ပြည့်နှစ်တွင် ခွဲထွက်ခဲ့ကြကာ အိမ်နီးချင်းနိုင်ငံများက ဘယ်လ်ဂျီယံနိုင်ငံ၏ လွတ်လပ်ရေးကို လျင်မြန်စွာပင် အသိအမှတ်ပြုခဲ့ကြပြီး ၁၈၃၉ ခုနှစ်တွင် နယ်သာလန် နိုင်ငံက အသိအမှတ်ပြုခဲ့သည်။ ထို့ကြောင့် ဘယ်လ်ဂျီယံသည် နိုင်ငံသစ်တစ်ခု ဖြစ်လာခဲ့သည် (Deschouwer ၂၀၁၂)။ ဘာသာရေးနှင့် ဘာသာစကားဆိုင်ရာ အပြိုင်ပေါင်းစည်းညီညွတ်မှုကြောင့် နိုင်ငံသစ်တစ်ခုကို တည်ထောင်နိုင်ခဲ့သော်လည်း နောက်ဆုံးတွင် ဘယ်လ်ဂျီယံနိုင်ငံ၏ နိုင်ငံရေးဆိုင်ရာ ရေရှည်တိုးတက်ပြောင်းလဲမှုသည် ဘုရားကျောင်းနှင့် အစိုးရအကြား၊ ဒတ်ချ်စကားပြောအသိုင်းအဝိုင်းများ နှင့် ပြင်သစ်စကားပြောအသိုင်းအဝိုင်းများအကြားရှိ ကွဲပြားခြားနားမှုများပေါ်တွင် မူတည်နေပြီး အဆိုပါ ပေါင်းစည်းညီညွတ်မှုသည် ရေရှည်တည်တံ့နိုင်မည်မဟုတ်ပေ။

နယ်သာလန်နိုင်ငံအောက်မှ ခွဲထွက်ခြင်းသည် ဝီလီယံဘုရင်၏ ပရိုတက်စတင့် အားပေးသည့် မူဝါဒများအား ဆန့်ကျင်ရာမှ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါက လွတ်လပ်ရေးရရှိခဲ့သည့် အစပိုင်းနှစ်များအတွင်း ဘုရားကျောင်းနှင့် နိုင်ငံတော်တို့ အကြားတွင် ရင်းနှီးချစ်ကြည်သည့် ဆက်ဆံရေး ပေါ်ပေါက်လာစေလိုသည့် ကက်သလစ်ဂိုဏ်းဝင်များအကြားနှင့် ဘုရားကျောင်းနှင့် နိုင်ငံတော်တို့အကြားတွင် သိသိသာသာ ကွဲပြားခြားနားမှုရှိစေလိုသည့် လစ်ဘရယ်များအတွင်း အတိုက်အခံများ လျင်မြန်စွာ ပေါ်ပေါက်လာစေခဲ့သည် (de Coorebyter ၂၀၀၈)။ အဆိုပါ ကွဲပြားမှုကြောင့် ဘယ်လ်ဂျီယံ လူဘောင်အဖွဲ့အစည်းအတွင်း အသင်းအဖွဲ့များတစ်ခုပြီးတစ်ခု ပေါ်ပေါက်လာပြီး ယင်းသို့ပေါ်ပေါက်လာမှုများသည် ၁၉ ရာစုအဆုံးတွင် ဘယ်လ်ဂျီယံ အလုပ်သမားပါတီ တည်ထောင်ခဲ့ခြင်းနှင့်အတူ ပိုမိုခိုင်မာအားကောင်းလာခဲ့သည်။ ဘယ်လ်ဂျီယံ အလုပ်သမားပါတီသည် အလုပ်သမားလူတန်းစားများ၏ အကျိုးစီးပွားများကို အရင်းရှင်များထံမှ အကာအကွယ်ပေးခဲ့သည်။ ဘယ်လ်ဂျီယံအလုပ်သမားပါတီတွင် လစ်ဘရယ်အချို့၊ နိုင်ငံတော်နှင့် ဘုရားကျောင်းကြား ကွဲပြားနေစေရေးကို ထောက်ခံအားပေးသူများနှင့် ကက်သလစ် အလုပ်သမားများဆိုင်ရာလှုပ်ရှားမှုမှ ကက်သလစ်ဂိုဏ်းဝင်အချို့တို့လည်း ပူးပေါင်းပါဝင်လာခဲ့သည်။ ထိုသို့ ကွဲပြားခြားနားမှုများ ရောယှက်ဆက်နွှယ်နေမှုသည် ဘယ်လ်ဂျီယံနိုင်ငံ၏ အသင်းအဖွဲ့များ ကွဲပြားနေသည့် သဘောသဘာဝကို ဖော်ပြနေသည်။ နိုင်ငံတော်အပေါ် ကက်သလစ်ဂိုဏ်း၊ ဆိုရှယ်လစ်ဝါဒီများနှင့် အတိုင်းအတာ

existence of their members from the cradle to the tombstone. Politically, contacts were limited to the cleavages' elites who ruled a segmented, peaceful yet divided country (Lijphart 1977).

A linguistic cleavage appeared at the same time since the creation of the Belgian State onwards because it was unitary and above all francophone and unilingual. However, since its origins, a Dutch-speaking majority has inhabited Belgium. The first national census, in 1846, indicates that out of a population of 4.3 million, 57% spoke Dutch, 42% spoke French and 1% spoke German (McRae 1983). Nevertheless, the only official language was French, which was the exclusive language in politics, economics and culture. As Deschouwer (2012:30) explains 'the choice of French as the sole official language of Belgium was an obvious choice for the political elites, but it was a choice for a language that was not spoken by a small majority of the population'. This choice and its consequences for the Dutch-speaking Belgians, who were not allowed to use their mother tongue in any official matter, gave birth to the Flemish movement. This movement, born as a reaction to unilingual Belgium, demanded the recognition of Dutch as the second official language, at least in Flanders. These demands were vigorously rejected by the Belgian elites because they were thought harmful to the development of the Belgian nation, based on French as lingua franca, instead of the Germanic dialects spoken in the North and Walloon dialects spoken in the South. This constant refusal led to the hardening of the Flemish movement, slowly reinforced by the extension of the voting rights (Deschouwer 1999-2000). In the 1870s the first linguistic laws were voted on, which authorised the use of the Dutch language in tribunals and in the administration in Flemish Provinces (Zolberg 1974). Finally, in 1898 the law on equality recognised Dutch as an official language, placing it on the same footing as French, even though the latter was still the dominant language in the country.

In 1921, universal – male – suffrage did not modify the supremacy of the Francophone bourgeoisie, despite the increasing power of the Dutch-speaking citizens who became electors. However, the demands of the Flemish movement led to new linguistic laws in the 1920s and the 1930s, and made possible the use of Dutch notably for matters of justice, administration and education. At the same time, the idea of a generalised bilingualism, throughout the whole country, was rejected both by the French- and Dutch-speakers as each preferred to ensure the protection of their own language in their territory (Swenden and Jans 2006). The logic behind these linguistic laws was thus territorial. Depending on the language spoken by

အနည်းငယ်အားဖြင့် လစ်ဘရယ်ဝါဒီများဟူသော ထောက်တိုင် ၃ ရပ်မှ လွှမ်းမိုးချုပ်ကိုင်ထားသည်။ အဆိုပါ ထောက်တိုင် ၃ ရပ်သည် အတူတကွ ယှဉ်တွဲတည်ရှိနေခဲ့ပြီး ယင်းတို့၏ အဖွဲ့ဝင်များ၏ တည်ရှိမှုအပေါ် မွေးဖွားချိန်မှ သေဆုံးချိန်အထိ စီမံခဲ့ကြသည်။ နိုင်ငံရေးအရဆိုရပါက ငြိမ်းချမ်းမှုရှိသော်လည်း အစိတ်အပိုင်းများ ကွဲပြားနေသည့် ဘယ်လ်ဂျီယံနိုင်ငံတွင် အုပ်ချုပ်သူအဖွဲ့အစည်းများ၏ ခေါင်းဆောင်များကြားတွင်သာ ထိတွေ့မှု ရှိကြသည် (Lijphart ၁၉၇၇)။

တစ်ချိန်တည်းတွင် ဘယ်လ်ဂျီယံနိုင်ငံ တည်ထောင်စဉ်မှစ၍ ဘာသာစကားဆိုင်ရာ ကွဲပြားမှု ပြဿနာတစ်ရပ်လည်း ပေါ်ပေါက်လာခဲ့သည်။ ယင်းသို့ဖြစ်ရခြင်းမှာ ဘယ်လ်ဂျီယံသည် တစ်ပြည်ထောင်နိုင်ငံတစ်ခုဖြစ်ပြီး အထူးသဖြင့် ပြင်သစ်ဘာသာစကားတစ်မျိုးတည်းကိုသာ အသိအမှတ်ပြုခြင်းကြောင့်ဖြစ်သည်။ သို့ရာတွင် ဘယ်လ်ဂျီယံနိုင်ငံတွင် မူလကတည်းက ဒတ်ချ်စကားပြောဆိုသူ လူများစု နေထိုင်ခဲ့ကြသည်။ ၁၈၄၆ ခုနှစ်တွင် ကောက်ယူခဲ့သော ပထမဆုံးအကြိမ်မြောက် အမျိုးသားသန်းခေါင်စာရင်းစစ်တမ်းအရ လူဦးရေ ၄.၃ သန်းရှိရာတွင် ၅၇% သည် ဒတ်ချ်စကားပြောဆိုပြီး ၄၂% သည် ပြင်သစ်စကားကိုပြောဆိုကာ ၁% သည် ဂျာမန် စကား ပြောဆိုကြကြောင်း တွေ့ရသည် (McRae ၁၉၈၃)။ မည်သို့ပင်ဆိုစေကာမူ ဘယ်လ်ဂျီယံနိုင်ငံတွင် ပြင်သစ်ဘာသာစကားတစ်မျိုးတည်းကိုသာ ရုံးသုံးဘာသာစကားအဖြစ် သတ်မှတ်ခဲ့ပြီး နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုတို့အတွက် ပြင်သစ်ဘာသာစကားသည်သာ အထူးဘာသာစကားဖြစ်သည်။ Deschouwer (၂၀၁၂ - ၃၀) က 'ဘယ်လ်ဂျီယံနိုင်ငံတွင် တစ်ခုတည်းသော ရုံးသုံးဘာသာစကားအဖြစ် ပြင်သစ်ဘာသာစကားကို ရွေးချယ်သတ်မှတ်ခဲ့ခြင်းသည် နိုင်ငံရေးခေါင်းဆောင်များ၏ ရွေးချယ်မှုတစ်ရပ်ဖြစ်ကြောင်း သိသာထင်ရှားသည်။ သို့ရာတွင် အဆိုပါရွေးချယ်မှုသည် ပြည်သူလူထုထက်ဝက်ကျော်ခန့် ပြောဆိုခြင်းမရှိသည့် ဘာသာစကားတစ်ခုကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။' ဟု ဆိုခဲ့သည်။ အဆိုပါ ရွေးချယ်မှုနှင့် ယင်း၏ နောက်ဆက်တွဲများဖြစ်သည့် ဒတ်ချ်စကားပြော ဘယ်လ်ဂျီယံနိုင်ငံသားများအနေဖြင့် မည်သည့်တရားဝင်ကိစ္စရပ်တွင်မဆို မိမိတို့၏ မိခင်ဘာသာစကားကို အသုံးပြုခွင့် မရှိခြင်းကြောင့် ဖလင်းမစ်ရှ်လူပ်ရှားမှု ပေါ်ပေါက်လာသည်။ ဘယ်လ်ဂျီယံနိုင်ငံတွင် ဘာသာစကားတစ်ခုကိုသာ အသိအမှတ်ပြုခြင်းကို တုံ့ပြန်သည့်အနေဖြင့် ပေါ်ပေါက်လာသည့် အဆိုပါ လှုပ်ရှားမှုတွင် ဒတ်ချ် ဘာသာစကားအား အနိမ့်ဆုံးအနေဖြင့် ဖလန်းဒါးစ်ဒေသတွင် ဒုတိယမြောက် ရုံးသုံးဘာသာစကားအဖြစ် အသိအမှတ်ပြုပေးရန် တောင်းဆိုခဲ့သည်။ မြောက်ပိုင်းဒေသတွင်ပြောဆိုသော ဂျာမန်ဘာသာစကားမျိုးကွဲများနှင့် တောင်ပိုင်းဒေသတွင်ပြောဆိုသော ဝါလွန်းဘာသာစကားမျိုးကွဲများအစား ပြင်သစ်ဘာသာစကားအား ဘုံဘာသာစကားအဖြစ် သတ်မှတ်ခြင်းကို အခြေခံထားသည့် ဘယ်လ်ဂျီယံနိုင်ငံ၏ ဖွဲ့ဖြိုးတိုးတက်မှုအပေါ် ထိခိုက်စေနိုင်သည်ဟု ယူဆသဖြင့် ဘယ်လ်ဂျီယံနိုင်ငံ၏ ထိပ်ပိုင်းခေါင်းဆောင်များက အဆိုပါတောင်းဆိုမှုများအား ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့သည်။ ယင်းသို့ အစဉ်ကန့်ကွက်ငြင်းဆန်နေမှုကြောင့် ဖလင်းမစ်ရှ်လူပ်ရှားမှုသည် ပိုမိုခိုင်မာလာခဲ့ပြီး ဆန္ဒမဲပေးသည့် အခွင့်အရေးများ တိုးချဲ့ခြင်းကြောင့် အဆိုပါ လှုပ်ရှားမှုသည် တဖြည်းဖြည်း ခိုင်မာအားကောင်းလာခဲ့သည် (Deschouwer ၁၉၉၉- ၂၀၀၀)။ ၁၈၇၀ ပြည့်နှစ်များအတွင်း ပထမဆုံး ဘာသာစကားဆိုင်ရာ ဥပဒေများအပေါ် ဆန္ဒမဲပေးခြင်းဖြင့် ဆုံးဖြတ်ခဲ့ကြပြီး ဒတ်ချ်ဘာသာစကားအား ခုံရုံးများနှင့် ဖလင်းမစ်ရှ်ခရိုင်များရှိ အုပ်ချုပ်ရေးတွင် အသုံးပြုခွင့်ပေးခဲ့သည် (Zolberg ၁၉၇၄)။ နောက်ဆုံးတွင် တန်းတူညီမျှရေး ဥပဒေအရ ၁၈၉၈ ခုနှစ်၌ ဒတ်ချ်ဘာသာစကားအား ပြင်သစ်ဘာသာစကားကဲ့သို့ ရုံးသုံးဘာသာစကားတစ်ခုအဖြစ် အသိအမှတ်ပြုခဲ့သည်။ သို့တိုင် ပြင်သစ်ဘာသာစကားသည် ဘယ်လ်ဂျီယံနိုင်ငံအတွင်း ပိုမိုသြဇာလွှမ်းမိုးသည့် ဘာသာစကားဖြစ်နေဆဲ ဖြစ်သည်။

၁၉၂၁ ခုနှစ်တွင် အမျိုးသားတိုင်း ဆန္ဒမဲပေးခွင့်ရှိသည့် ဥပဒေကို ထုတ်ပြန်ခဲ့ခြင်းကြောင့် ဒတ်ချ် ဘာသာစကားပြောဆိုသည့်နိုင်ငံသားများ ဆန္ဒမဲပေးပိုင်ခွင့်ရှိလာစေပြီး လုပ်ပိုင်ခွင့် ပိုမိုရရှိလာစေခဲ့သော်လည်း ယင်းသည် ပြင်သစ်စကားပြော လူလတ်တန်းစားများ၏ သြဇာလွှမ်းမိုးနေမှုအပေါ် သက်ရောက်မှုမရှိပေ။ သို့ရာတွင် ဖလင်းမစ်ရှ်လူပ်ရှားမှု၏ တောင်းဆိုချက်များကြောင့် ၁၉၂၀ ပြည့်နှစ်များနှင့် ၁၉၃၀ ပြည့်နှစ်များအတွင်း ဘာသာစကားဆိုင်ရာ ဥပဒေသစ်များ ပေါ်ထွက်လာခဲ့ပြီး အထူးသဖြင့် တရားစီရင်ရေး၊ အုပ်ချုပ်ရေးနှင့် ပညာရေးတို့တွင် ဒတ်ချ်ဘာသာစကားအား အသုံးပြုနိုင်စေခဲ့သည်။ တစ်ချိန်တည်းတွင် ပြင်သစ်ဘာသာစကားပြောဆိုသူများနှင့် ဒတ်ချ်ဘာသာစကားပြောဆိုသူများသည်

the majority of its population, each municipality – the smallest administrative subdivision in Belgium – was included in a unilingual region – Dutch, French or German – with the exception of municipalities in Brussels that were gathered in the only bilingual region. However, Brussels was also the center of the problem. Originally a Dutch-speaking city, it quickly 'Frenchified' because of its role as the capital that attracted French-speaking civil servants and elites (Witte and Van Velthoven 2000). It is therefore understandable why this dual issue, both linguistic and territorial, constitutes one of the main foundations of Belgian politics, leading to the federalisation of Belgium with three Communities (Flemish, French and German-speaking) and three Regions (Flemish, merged with the Community, Walloon and of Brussels-Capital).

Belgian Politics and Identity Today

The history of Belgium since 1830, which we quickly overviewed, demonstrates the progressive transformation of a linguistic dynamic in an identity dynamic through the territorialisation of political tensions and then the federalisation of the State, originally a unitary State. The question is: did the federalisation of Belgium alleviate identity-related tensions or did it worsen them? In this country, as in other multinational states, the issue of federalism consists in the cohabitation between the different national groups forming the State. However, it goes beyond simple pacific cohabitation as it is a matter of organising the country to ensure a common participation in power and even a certain form of solidarity while offering a sufficient degree of autonomy to different entities and thus allowing each of them to pursue different goals. In order to explore this question, surveys since 1979 have measured the identities of people living in Flanders and Wallonia (De Winter 2007). These data show that at least one Belgian out of two belongs to Belgium first, and that this feeling is rather stable. In Flanders, the largest Region of the country, we neither find an overwhelming support nor a complete rejection of Belgium. Up until 1982, a majority of Flemings felt Flemish first. As time progressed, they tended to feel more Belgian than Flemish. The most significant fall happened between 1991 and 1995 with a decrease of 15% in the support of Flemish identity. The fact that the State became officially federal did not, in this case, seem to strengthen the feeling of belonging to the Region, but on the contrary, seemed to weaken it. However, it does not mean that there is a transfer of the feeling of belonging to Belgium but rather towards the local level.

ယင်းတို့၏ ကိုယ်ပိုင်ဘာသာစကားကို ယင်းတို့၏ ကိုယ်ပိုင်နယ်နိမိတ်အတွင်း ထိန်းသိမ်းစောင့်ရှောက်လိုသောကြောင့် ဘာသာစကားနှစ်မျိုးလုံးကို တစ်နိုင်ငံလုံးတွင် ခွဲခြားထားခြင်းမရှိဘဲ အသုံးပြုရေးအယူအဆအား နှစ်ဖက်စလုံးမှ ကန့်ကွက်ခဲ့ကြသည် (Swenden နှင့် Jans ၂၀၀၆)။ ထို့ကြောင့် အဆိုပါ ဘာသာစကားဆိုင်ရာဥပဒေများ၏ နောက်ကွယ်ရှိ အကြောင်းအရင်းသည် နယ်နိမိတ်ဒေသနှင့်သက်ဆိုင်နေသည်။ ဘယ်လ်ဂျီယံနိုင်ငံ၏ အသေးငယ်ဆုံး အုပ်ချုပ်ရေးဌာနခွဲများဖြစ်သည့် မြူနီစီပယ်ဒေသတစ်ခုချင်းစီအား ယင်းဒေသရှိ ပြည်သူလူထုအများစု ပြောဆိုသည့် ဘာသာစကားပေါ်မူတည်၍ ဒတ်ချ်၊ ပြင်သစ် သို့မဟုတ် ဂျာမန်ဟူသော ဘာသာစကားတစ်မျိုးတည်းပြောဆိုသည့် ဒေသအတွင်း ထည့်သွင်းသတ်မှတ်သည်။ ဘာသာစကားနှစ်မျိုးပြောဆိုသည့် တစ်ခုတည်းသောဒေသဖြစ်သည့် ဘရပ်ဆဲမြို့တော်အတွင်းရှိ မြူနီစီပယ်ဒေသများမှာမူ ခြွင်းချက်ဖြစ်သည်။ သို့ရာတွင် ဘရပ်ဆဲမြို့တော်သည်လည်း ပြဿနာများ၏ ဗဟိုချက်ဖြစ်နေသည်။ ယင်းသည် မူလက ဒတ်ချ်ဘာသာစကားပြောဆိုသည့် မြို့တစ်မြို့ဖြစ်သော်လည်း ပြင်သစ်ဘာသာစကားပြောဆိုသည့် အစိုးရဝန်ထမ်းများနှင့် အထက်တန်းလွှာများ မျက်စိကျရာ မြို့တော်ဖြစ်သဖြင့် လျင်မြန်စွာပင် 'ပြင်သစ်အသွင်သို့ပြောင်းလဲခဲ့သည်' (Witte နှင့် Van Velthoven ၂၀၀၀)။ ထို့ကြောင့် အဆိုပါဘာသာစကားနှင့် နယ်နိမိတ်ဒေသဆိုင်ရာ ပြဿနာနှစ်ရပ်သည် အဘယ်ကြောင့် ဘယ်လ်ဂျီယံနိုင်ငံရေး၏ အဓိကအခြေခံအကြောင်းရင်းတစ်ခုဖြစ်နေကာ ဘယ်လ်ဂျီယံနိုင်ငံအား (ဖလင်းမစ်ရှ်၊ ပြင်သစ် နှင့် ဂျာမန်ဘာသာစကား ပြောဆိုသည့်) အသိုင်းအဝိုင်း ၃ ရပ်နှင့် (ဖလင်းမစ်ရှ်ဒေသနှင့် ဖလင်းမစ်ရှ်အသိုင်းအဝိုင်း၊ ဝါလွန်းဒေသနှင့် ဘရပ်ဆဲမြို့တော်ဟူသည့်) ဒေသကြီး ၃ ခုတို့ဖြင့် ဖက်ဒရယ်အသွင်ကူးပြောင်းမှုကို ဖြစ်စေခဲ့ကြောင်း နားလည်နိုင်စေပါသည်။

ယနေ့ခေတ် ဘယ်လ်ဂျီယံနိုင်ငံရေး နှင့် ကိုယ်ပိုင်လက္ခဏာ

ကျွန်ုပ်တို့ အကျဉ်းချုံးဖော်ပြခဲ့သည့် ဘယ်လ်ဂျီယံနိုင်ငံ၏ သမိုင်းကြောင်းတွင် ၁၈၃၀ ပြည့်နှစ်မှစတင်ကာ နိုင်ငံရေးတင်းမာမှုများအား နယ်နိမိတ်ဒေသအလိုက် ခွဲခြားခြင်းဖြင့် ကိုယ်ပိုင်လက္ခဏာဆိုင်ရာ အပြောင်းအလဲတစ်ခုအတွင်း ဘာသာစကားဆိုင်ရာ အပြောင်းအလဲတစ်ခု အဆင့်ဆင့်အသွင်ကူးပြောင်းလာမှုကို တွေ့မြင်ရပါသည်။ ထို့နောက်တွင် မူလတစ်ပြည်ထောင်နိုင်ငံတစ်ခုအဖြစ်မှ ဖက်ဒရယ်အသွင်ကူးပြောင်းခြင်းတို့သည်လည်း တိုးတက်လာသော ပြောင်းလဲမှုတစ်ရပ်အား ဖော်ပြနေပါသည်။ ဤနေရာတွင် ဘယ်လ်ဂျီယံနိုင်ငံ၏ ဖက်ဒရယ်အသွင်ကူးပြောင်းမှုသည် ကိုယ်ပိုင်လက္ခဏာဆိုင်ရာ တင်းမာမှုများကို လျှော့ချနိုင်ခဲ့သလော သို့မဟုတ် ပိုမိုဆိုးရွားစေခဲ့သလောဟူ၍ မေးခွန်းထုတ်ဖွယ်ရှိသည်။ အခြားသော လူမျိုးပေါင်းစုံပါဝင်သည့် နိုင်ငံများတွင်ကဲ့သို့ပင် ဤဘယ်လ်ဂျီယံနိုင်ငံတွင်လည်း ဖက်ဒရယ်ဆိုင်ရာပြဿနာတွင် နိုင်ငံတော်အတွင်း ပါဝင်သည့် မတူကွဲပြားသော လူမျိုးစုများအကြား အတူယှဉ်တွဲနေထိုင်ခြင်းလည်းပါဝင်ပါသည်။ သို့ရာတွင် ဘယ်လ်ဂျီယံနိုင်ငံတွင်မူ အဆိုပါပြဿနာသည် ရိုးရှင်းသည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးနှင့်သာသက်ဆိုင်နေသည်မဟုတ်တော့ဘဲ အာဏာပိုင်အဖွဲ့အစည်းအတွင်း တူညီစွာပါဝင်နိုင်ရေးကို သေချာစေပြီး အဖွဲ့အစည်းအသိုင်းအဝိုင်းတစ်ရပ်ချင်းစီ၏ မတူကွဲပြားသောပန်းတိုင်များကို ဖော်ဆောင်နိုင်ရေးအတွက် ယင်းတို့အား လုံလောက်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးအပ်ထားစဉ်တွင် စည်းလုံးညီညွတ်မှုလည်းရှိနေစေရန် နိုင်ငံအား မည်သို့ ဖွဲ့စည်းစီမံရမည်ဟူသည်နှင့် ပတ်သက်နေသည်။ အဆိုပါမေးခွန်းကို ဖြေရှင်းရန်အတွက် ၁၉၇၉ ခုနှစ်ကတည်းကစတင်ခဲ့သည့် စစ်တမ်းကောက်ယူမှုများအတွင်း ဖလန်းဒါးစ်နှင့် ဝါလွန်းနီးယားနယ်တွင် နေထိုင်ကြသည့် ပြည်သူများ၏ ကိုယ်ပိုင်လက္ခဏာများကို တိုင်းတာခဲ့ကြသည် (De Winter ၂၀၀၇)။ အဆိုပါအချက်အလက်များအရ ဘယ်လ်ဂျီယံနိုင်ငံသား ၂ ဦးလျှင် ၁ ဦးက မိမိတို့ကိုယ်မိမိတို့ ဘယ်လ်ဂျီယံနိုင်ငံသားဖြစ်သည်ဟူ၍ အခိုင်အမာ ဖြေကြားသည်ကိုတွေ့ရသည်။ နိုင်ငံ၏ အကြီးမားဆုံးဒေသဖြစ်သည့် ဖလန်းဒါးစ်နယ်တွင်မူ ဘယ်လ်ဂျီယံနိုင်ငံအား ထောက်ခံမှုများပြားသည်ကိုလည်း မတွေ့ရသလို လုံးဝဆန့်ကျင်သည်ကိုလည်း မတွေ့ရပေ။ ၁၉၈၂ ခုနှစ်မတိုင်မီအထိတွင် ဖလင်းမစ်ရှ်လူမျိုးအများစုက မိမိတို့ကိုယ်မိမိ ဖလန်းဒါးစ်နယ်သားအဖြစ် ခံယူခဲ့ကြသည်။ အချိန်ကြာမြင့်လာသည်နှင့်အမျှ ယင်းတို့သည် ဖလန်းဒါးစ်နယ်သားထက် ဘယ်လ်ဂျီယံနိုင်ငံသားအဖြစ် ပိုမိုခံယူလာကြသည်ကို တွေ့ရသည်။ ဖလင်းမစ်ရှ်ကိုယ်ပိုင်လက္ခဏာအား ထောက်ခံအားပေးမှုသည် ၁၉၉၁

In Wallonia, even though the results are generally similar, there is a difference of degree. At different moments in time, between two thirds and three quarters of the people living in Wallonia felt Belgian above all. This amounts to a difference of almost 20% with Flanders (De Winter 2007). Moreover, it is interesting to see that unlike the Flemish, and since 1979, Walloons have always felt, above all, Belgian. However, the feeling of belonging to Belgium seems rather stable in both regions, even if the feeling of belonging to the Region/Community in Wallonia, as in Flanders, decreases with time: from 22,9% it went down, in less than 20 years, to 13,9%. In Flanders, it was the local level that saw its support increased, whereas in Wallonia it is the European level that benefits the most.

These figures shed light on the dynamics of identity in Belgium. Far from being a marginal phenomenon, it is a crucial aspect in the transformation of the country, still under way (Deschouwer and Reuchamps 2013). However, no survey shows an identity gap between the two major communities in the country, the Flemings and the Francophones. In this regard, it is interesting to note that both electorates have had the same evolution in relation to their feelings of belonging, even if these took place at higher or lower levels. We can find an identity dualism in the country with a – more or less strong, depending on the Region – predominance of the feeling of belonging to Belgium. Hence, it seems that while in the medium term the identity factors contributed to the stability of the Belgian federation, or to be more precise, did not strengthen its instability, they also did not contribute to the unity of Belgium. Yet, identity factors are constantly present in political and media discourses, where an opposition between blocs, strengthened by socio-economic reasons, is often seen (Perrez and Reuchamps 2012).

Recent history of Belgian federalism seems to indicate that the political dynamic of this country is rather a fragmentation factor than a unity asset. It is obviously true that the unitary State became federal. But this evolution has always been based on a compromise that satisfies each party. For instance, the Flemish elites decided to merge the Flemish Community with the Flemish Region in a unique entity with one single Parliament and one Government. The Francophone elites, in turn, decided that the French Community (which has become, as mentioned before, the Wallonia-Brussels Federation) will be the – linguistic – link between the French-speakers of Wallonia and of Brussels. These choices reflect different visions of

နှင့် ၁၉၉၅ ခုနှစ်ကြားတွင် ၁၅% ကျဆင်းခဲ့ပြီး ယင်းသည် အသိသာဆုံးကျဆင်းမှုဖြစ်သည်။ တရားဝင်ဖက်ဒရယ်နိုင်ငံဖြစ်လာသည်ဟူသော အချက်သည် ဤဖြစ်စဉ်တွင် ဒေသနှင့်ပတ်သက်ဆက်နွယ်သည်ဟူသော ခံယူချက်ကို အားကောင်းလာစေခြင်းမရှိဘဲ ဆန့်ကျင်ဘက်အားဖြင့် ယင်းကို ပိုမိုအားနည်းလာစေကြောင်း တွေ့ရသည်။ ယင်းသို့ဆိုရာတွင် အဆိုပါခံစားချက်များသည် ဘယ်လ်ဂျီယံနိုင်ငံနှင့် ပတ်သက်ဆက်နွယ်နေသည်ဟူသော ခံစားချက်အဖြစ်သို့ ပြောင်းလဲသွားသည်ဟုမဆိုလိုဘဲ ဒေသန္တရအဆင့်သို့ ပြောင်းလဲသွားခြင်းဖြစ်သည်။

ဝါလိုနီးယားနယ်တွင် ရလဒ်များသည် ယေဘုယျအားဖြင့် တူညီသော်လည်း အတိုင်းအတာမှာမူ ကွဲပြားသည်။ အချိန်ကာလအမျိုးမျိုးတွင် စစ်တမ်းကောက်ယူမှုများအရ ဝါလိုနီးယားနယ်တွင် နေထိုင်ကြသည့် ပြည်သူများ၏ သုံးပုံနှစ်ပုံမှ လေးပုံသုံးပုံသည် ဘယ်လ်ဂျီယံနိုင်ငံသားအဖြစ် ခံယူကြသည်ကို တွေ့ရသည်။ ယင်းသည် ဖလန်းဒါးစ်နယ်နှင့် ၂၀% နီးပါးအထိ ကွာဟနေသည် (De Winter ၂၀၀၇)။ ထို့ပြင် ဖလင်းမစ်ရှ်များနှင့် မတူညီသည်မှာ ၁၉၇၉ ခုနှစ်ကတည်းမှ စတင်ကာ ဝါလွန်းများသည် အစဉ်အမြဲ ဘယ်လ်ဂျီယံအဖြစ် ခံယူခဲ့ကြသည်။ မည်သို့ပင်ဆိုစေကာမူ ဘယ်လ်ဂျီယံနိုင်ငံနှင့် ပတ်သက်ဆက်နွယ်သည်ဟူသော ခံယူချက်သည် ဒေသကြီးနှစ်ခုလုံးတွင် ခိုင်မာပြီး ဒေသ / အသိုင်းအဝိုင်းနှင့် သက်ဆိုင်သည်ဟူသော ခံယူချက်သည်ပင်လျှင် ဝါလိုနီးယားနယ်တွင် အချိန်နှင့်အမျှ လျော့ကျသွားသည်။ ဖလန်းဒါးစ်နယ်မှာကဲ့သို့ပင် ၂၂.၉% မှ နှစ်ပေါင်း ၂၀ အတွင်း ၁၃.၉% သို့ ကျဆင်းသွားသည်။ ဖလန်းဒါးစ်နယ်တွင် ဒေသန္တရအဆင့်သည် ထောက်ခံမှု ပိုမိုမြင့်တက်လာပြီး ဝါလိုနီးယားနယ်တွင်မူ ဥရောပအဆင့်သည် ထောက်ခံမှုအများဆုံး မြင့်တက်လာခဲ့သည်။

အထက်ပါကိန်းဂဏန်းများသည် ဘယ်လ်ဂျီယံနိုင်ငံရှိ ကိုယ်ပိုင်လက္ခဏာဆိုင်ရာအပြောင်းအလဲများကို ဖော်ပြနေသည်။ အဆိုပါအပြောင်းအလဲသည် မဆိုစလောက်ဖြစ်စဉ်မျိုးမဟုတ်ဘဲ လက်ရှိဖော်ဆောင်နေဆဲဖြစ်သည့် နိုင်ငံ၏ အသွင်ကူးပြောင်းရေးအတွက် အလွန်အရေးပါသည့် ရှုထောင့် တစ်ရပ်ဖြစ်သည် (Deschouwer နှင့် Reuchamps ၂၀၁၃)။ သို့ရာတွင် နိုင်ငံအတွင်းရှိ အဓိက အသိုင်းအဝိုင်းနှစ်ခုဖြစ်သော ဖလင်းမစ်ရှ်များနှင့် ပြင်သစ်စကားပြောသူများအကြားရှိ ကိုယ်ပိုင်လက္ခဏာဆိုင်ရာ ကွာဟမှုကို မည်သည့်စစ်တမ်းတွင်မှ မတွေ့ရပေ။ အဆိုပါကိစ္စရပ်နှင့် စပ်လျဉ်း၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် အသိုင်းအဝိုင်းနှစ်ခုစလုံးတွင် အထက်တန်းလွှာတွင်ဖြစ်စေ အောက်ခြေအဆင့်တွင်ဖြစ်စေ ပတ်သက်ဆက်နွယ်သည်ဟူသော ခံစားချက်ဆိုင်ရာ ပြောင်းလဲလာမှုသည် အတူတူပင်ဖြစ်ကြောင်း စိတ်ဝင်စားဖွယ်တွေ့မြင်ရသည်။ ကျွန်ုပ်တို့အနေဖြင့် ဘယ်လ်ဂျီယံနိုင်ငံတွင် ကိုယ်ပိုင်လက္ခဏာနှင့်စပ်လျဉ်း၍ ဒွိဝါဒတစ်ရပ်ကို တွေ့မြင်နိုင်သည်။ ဘယ်လ်ဂျီယံနိုင်ငံနှင့် ပတ်သက်ဆက်နွယ်သည်ဟူသော ခံစားချက်သည် ဒေသပေါ်လိုက်၍ ခြားနားသည်။ ထို့ကြောင့် ကိုယ်ပိုင်လက္ခဏာဆိုင်ရာ အကြောင်းရင်းများသည် အလယ်အလတ်ကာလတွင် ဘယ်လ်ဂျီယံ ဖက်ဒရေးရှင်း၏ တည်ငြိမ်မှုကို အထောက်အကူပြုပုံရသော်လည်း ပိုမို၍ တိတိကျကျဆိုရလျှင် နိုင်ငံရေးမတည်ငြိမ်မှုကို အားကောင်းစေခြင်းမရှိဘဲ ဘယ်လ်ဂျီယံနိုင်ငံ၏ စည်းလုံးညီညွတ်ရေးကိုလည်း အထောက်အကူမပြုခဲ့ပေ။ သို့တိုင် ကိုယ်ပိုင်လက္ခဏာဆိုင်ရာ အကြောင်းအရင်းများသည် နိုင်ငံရေးနှင့် မီဒီယာများဆိုင်ရာ ဟောပြောမှုများတွင် အစဉ်အမြဲပါရှိနေပြီး အဆိုပါဟောပြောမှုများတွင် လူမှုစီးပွားရေးဆိုင်ရာ အကြောင်းအရင်းများဖြင့် ခိုင်မာအားကောင်းစေခဲ့သည့် အဖွဲ့အစည်းများအကြားရှိ ထိပ်တိုက်ရင်ဆိုင်မှုများကို တွေ့မြင်နိုင်သည် (Perrez နှင့် Reuchamps ၂၀၁၂)။

ဘယ်လ်ဂျီယံနိုင်ငံ၏ ဖက်ဒရယ်ဆိုင်ရာ လတ်တလောသမိုင်းကြောင်းအရ နိုင်ငံ၏ နိုင်ငံရေးဆိုင်ရာ အပြောင်းအလဲသည် စည်းလုံးညီညွတ်မှုအတွက် အထောက်အကူပြုမည်မဟုတ်ဘဲ ပြိုကွဲမှု ဖြစ်စေမည့် အကြောင်းရင်းတစ်ချက်သာဖြစ်နေသည်ကို တွေ့ရသည်။ တစ်ပြည်ထောင်နိုင်ငံအဖြစ်မှ ဖက်ဒရယ်ဖြစ်လာခြင်းမှာမူ သိသာမြင်သာသည်။ သို့ရာတွင် ဤသို့ ပြောင်းလဲတိုးတက်လာမှုသည် အဖွဲ့တစ်ဖွဲ့ချင်းစီအား စိတ်ကျေနပ်စေသည့် ညှိနှိုင်းသဘောတူညီမှုတစ်ရပ်ကို အခြေခံထားခြင်းဖြစ်သည်။ ဥပမာအားဖြင့် ဖလင်းမစ်ရှ် ခေါင်းဆောင်များသည် ဖလင်းမစ်ရှ် အသိုင်းအဝိုင်းနှင့် ဖလင်းမစ်ရှ်ဒေသတို့အား ပေါင်းစည်းကာ ပါလီမန်နှင့် အစိုးရတစ်ရပ်စီသာ ပါဝင်သည့် သီးသန့် အဖွဲ့အစည်းတစ်ခုကို တည်ထောင်လိုကြသည်။ ပြင်သစ်ဘာသာစကားပြောဆိုသူများ၏ ခေါင်းဆောင်များကမူ (အရှေ့တွင် ဖော်ပြခဲ့သည့်အတိုင်း ဝါလိုနီးယား-ဘရပ်ဆဲ ဖက်ဒရေးရှင်း ဖြစ်လာခဲ့သည့်) ပြင်သစ်အသိုင်းအဝိုင်းသည် ဝါလိုနီးယားနယ်နှင့် ဘရပ်ဆဲတို့ရှိ ပြင်သစ်စကားပြောသူများအကြား ဘာသာစကား

what Belgium should be: for most of the Flemish elites, Belgium should be based on two Communities – the Flemish and the Francophone – and for most of the Francophone elites Belgium should be based on three Regions – Flanders, Wallonia and Brussels. Here appears the paradox of Belgian federalism: the Flemings prefer linguistic ties, given by the Community, but need the Regions to ensure clear boundaries and obtain more autonomy, whereas the Francophones prefer a regional vision in order to recognise Brussels as a fully-fledged Region, but need the French Community in order to link Brussels and Wallonia.

Conclusion

In sum, we see here that political dynamics are largely driven by different or even opposed visions (which were the cause and the consequence of the Belgian party system's record fragmentation, of the end of the national parties, and of the centrifugal competition between the Flemish party system and the Francophone one), but that it had, until the present day, always been possible to accommodate them. But this is of course not the end of the story.

ဆိုင်ရာ အချိတ်ဆက်ဖြစ်မည်ဟု ဆုံးဖြတ်ခဲ့ကြသည်။ အဆိုပါ ရွေးချယ်မှုများသည် ဘယ်လ်ဂျီယံနိုင်ငံတွင် မည်သို့ဖြစ်သင့်ကြောင်းနှင့်စပ်လျဉ်း၍ ကွဲပြားသည့် မျှော်မှန်းချက်များကို ထင်ဟပ်နေသည်။ ဖလင်းမစ်ရှ်ခေါင်းဆောင်အများစုက ဘယ်လ်ဂျီယံနိုင်ငံအား အသိုင်းအဝိုင်းနှစ်ခု - ဖလင်းမစ်ရှ် အသိုင်းအဝိုင်းနှင့် ပြင်သစ်စကားပြော အသိုင်းအဝိုင်းတို့ကို အခြေခံကာ ဖွဲ့စည်းသင့်သည်ဟု ယူဆပြီး ပြင်သစ်စကားပြောအသိုင်းအဝိုင်း၏ ခေါင်းဆောင်အများစုကမူ ဘယ်လ်ဂျီယံအား ဖလန်းဒါးစ်၊ ဝါလိုနီးယားနှင့် ဘရပ်ဆဲဟူသည့် ဒေသကြီးသုံးခုဖြင့် ဖွဲ့စည်းသင့်သည်ဟုရှုမြင်ကြသည်။ ဤနေရာတွင် ဘယ်လ်ဂျီယံဖက်ဒရယ်စနစ်၏ ဝိရောဓိကို တွေ့မြင်ရသည်။ ဖလင်းမစ်ရှ်များက အသိုင်းအဝိုင်းအလိုက် ဘာသာစကားဆိုင်ရာ ဆက်နွယ်မှုများကို ပိုမိုလိုလားကြသော်လည်း နယ်နိမိတ်များကို ရှင်းလင်းစွာ သတ်မှတ်ကာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပိုမိုရရှိလိုကြသည်။ ပြင်သစ်စကားပြောသူများကမူ ဘရပ်ဆဲအား အပြည့်အဝပေါင်းစည်းထားသည့် ဒေသကြီးတစ်ခုအဖြစ် အသိအမှတ်ပြုရန်အတွက် ဒေသန္တရဝါဒကို ပိုမိုလိုလားကြပြီး ဘရပ်ဆဲနှင့် ဝါလိုနီးယားတို့ကို ချိတ်ဆက်ရာတွင် ပြင်သစ် အသိုင်းအဝိုင်းကို လိုအပ်ကြသည်။

နိဂုံး

အချုပ်အားဖြင့်ဆိုရသော် နိုင်ငံရေးဆိုင်ရာ အပြောင်းအလဲများအား (အမျိုးသားရေးပါတီများ၏ အဆုံးသတ်နှင့် ဖလင်းမစ်ရှ်ပါတီစနစ်နှင့် ပြင်သစ်စကားပြောသူများ၏ ပါတီစနစ်တို့ကြားရှိ ဗဟိုအားပြိုင်မှုဖြစ်သော ဘယ်လ်ဂျီယံ ပါတီနိုင်ငံရေးစနစ်၏ မှတ်တမ်းဝင်ပြိုကွဲမှုဖြစ်စေခဲ့သော အကြောင်းအရင်းနှင့် အကျိုးဆက်ဖြစ်သည့်) ကွဲပြားသော သို့မဟုတ် ဆန့်ကျင်သော အမြင်များက ကြီးစွာလွှမ်းမိုးနေသော်လည်း လက်ရှိအချိန်အထိတွင်မူ အဆိုပါအမြင်များနှင့် လိုက်လျောညီထွေစွာ ဆောင်ရွက်ရန် ဖြစ်နိုင်နေဆဲဖြစ်သည်။ သို့ရာတွင် ယင်းသည် အဆုံးသတ်မဟုတ်သေးသည်ကား သေချာပေသည်။

Further Reading

Caluwaerts, D., & Reuchamps, M. (2015). *Combining Federalism with Consociationalism: Is Belgian Consociational Federalism Digging its Own Grave? Ethnopolitics, 14(3), 277-295. doi:10 .1080/17449057.2014.986866*

Deschouwer, K. (2012). *The Politics of Belgium: Governing a Divided Society (2nd ed.). Houndmills: Palgrave Macmillan.*

Deschouwer, K., & Reuchamps, M. (2013). *The Belgian Federation at a Crossroad. Regional & Federal Studies, 23(3), 261-270. doi:10.1080/13597566.2013.77389*

Reuchamps, M. (2013). *The Current Challenges on the Belgian Federalism and the Sixth Reform of the State. In A. López-Basaguren & L. Escajedo San-Epifanio (Eds.), The Ways of Federalism in Western Countries and the Horizons of Territorial Autonomy in Spain (pp. 375-392). Heidelberg: Springer.*

Swenden, W., Brans, M., & De Winter, L. (Eds.). (2009). *The politics of Belgium: Institutions and policy under bipolar and centrifugal federalism. London: Routledge.*

Bibliography

DE COOREBYTER, V. 2008. *Clivages et partis en Belgique. Courrier hebdomadaire du CRISP.*

DE WINTER, L. 2007. *La recherche sur les identités ethno-territoriales en Belgique. Revue internationale de politique comparée, 144, 575-595.*

DESCHOUWER, K. 1999-2000. *Comprendre le nationalisme flamand. Fédéralisme Régionalisme, 1.*

DESCHOUWER, K. 2012. *The Politics of Belgium: Governing a Divided Society, Houndmills, Palgrave Macmillan.*

DESCHOUWER, K. & REUCHAMPS, M. 2013. *The Belgian Federation at a Crossroad. Regional & Federal Studies, 23, 261-270.*

LIJPHART, A. 1977. *Democracy in Plural Societies: A Comparative Exploration, New Haven, Yale University Press.*

MABILLE, X. 2011. *Nouvelle histoire politique de la Belgique, Bruxelles, CRISP.*

MCRAE, K. D. 1983. *Conflict and Compromise in Multilingual Societies. Volume 2, Belgium, Waterloo, Wilfrid Laurier University Press.*

PERREZ, J. & REUCHAMPS, M. (eds.) 2012. *Les relations communautaires en Belgique : Approches politiques et linguistiques, Louvain-la-Neuve: Academia-L'Harmattan.*

SWENDEN, W. & JANS, M. T. 2006. *'Will it stay or will it go?' Federalism and the sustainability of Belgium. West European Politics, 29, 877-894.*

WITTE, E. & VAN VELTHOVEN, H. 2000. *Language and Politics. The Situation in Belgium in a Historical Perspective, Brussels, VUB Press.*

ZOLBERG, A. R. 1974. *The Making of Flemings and Walloons: Belgium: 1830-1914. Journal of Interdisciplinary History, 5, 179-235.*

5. A Federation like no other: The Case of Bosnia and Herzegovina

တစ်မူထူးခြားသည့် ဖက်ဒရေးရှင်းတစ်ခု - ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနား၏ ဖြစ်စဉ်

Aleksandra Zdeb

Aleksandra Zdeb holds an MA in Political Science and BA in Serbian Philology from Jagiellonian University in Kraków, and is currently a Ph.D candidate at the Centre for Southeast European Studies, University of Graz. She has been for research stays at the University of Copenhagen, University of Graz, Sarajevo School of Science and Technology, and Canterbury Christ Church University, and is currently a visiting researcher at Queen's University Belfast. Her main research interests include conflict management and the post-Yugoslav area as well as democratization and good governance at the level of multi-ethnic cities. Her research has been published in Nationalities Papers, Ethnopolitics, and in the Swiss Political Science Review.

Aleksandra Zdeb

Aleksandra Zdeb သည် ခရာကိုးမြို့ရှိ ယာဂီရယ်လိုးနီးယန်းတက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံ MA ဘွဲ့နှင့် ဆားဗီးယန်းဘာသာစကားဆိုင်ရာ BA ဘွဲ့ရရှိထားပြီး လက်ရှိတွင် ဂရာ့စ်တက္ကသိုလ် ဥရောပ အရှေ့တောင်ပိုင်းဆိုင်ရာလေ့လာမှုများဗဟိုဌာနတွင် Ph.D ဘွဲ့အတွက် လေ့လာဆည်းပူးနေသူ ဖြစ်သည်။ သူသည် ကိုပင်ဟေဂင်တက္ကသိုလ်၊ ဂရာ့စ်တက္ကသိုလ်၊ ဆာရာယေဗိုသိပ္ပံနှင့် နည်းပညာကျောင်းနှင့် CanterburyChristChurchတက္ကသိုလ်တို့တွင်သုတေသီတစ်ဦးအဖြစ်ဆောင်ရွက်ခဲ့ပြီး ယခုအခါတွင် ကွင်းစ်တက္ကသိုလ် ဘဲလ်ဖက်စ်တွင် ဧည့်သုတေသီတစ်ဦးအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ သူသည် အဓိကအားဖြင့် ပဋိပက္ခစီမံခန့်ခွဲမှုနှင့် ယူဂိုဆလပ်-အလွန် နယ်ပယ်တို့နှင့်တကွ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် လူမျိုးစုပေါင်းစုံရှိသည့် မြို့ကြီးများအဆင့်ရှိ ကောင်းမွန်သော အုပ်ချုပ်မှု တို့အကြောင်း သုတေသနပြုလုပ်ပါသည်။ သူ၏ သုတေသနရလဒ်များကို Nationalities Papers,Ethnopolitics နှင့် The Swiss Political Science Review တို့တွင် ထုတ်ပြန်ခဲ့ပါသည်။

Abstract

Bosnia and Herzegovina is a complex state composed of two entities: the Federation of BiH and Republika Srpska, and one independent unit – Brčko District, as well as three constituent peoples: Bosniaks, Croats and Serbs. The Constitution does not mention the word federation, thus it is not formally defined whether BiH has a federal or confederal character. Strengthened competences of the state and a clear direction towards greater empowerment of the state level institutions suggest a movement from a confederation to a federation. However, while there is no agreement on what exactly Bosnia is, what is even more alarming is the abuse of the concept of federalism by Bosnian elites. Serbs consciously misinterpret federalism to underline their demand for more autonomy and, ultimately, secession. Croats see federalism as a tool to argue for a third entity, while Bosniaks promote the idea of regionalism instead. Thus, despite the fact that it has been twenty years since the first post-war elections, nothing has really changed; Bosnia and Herzegovina remains a highly unbalanced and badly constructed federation.

အနှစ်ချုပ်

ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနားသည် BiHဖက်ဒရေးရှင်းနှင့် Republika Srpska ဟူသော သီးခြားစီတည်ရှိသောအစု (Entities) နှစ်ခုနှင့် Brčko ခရိုင် ဟူသော သီးခြားလွတ်လပ်သော ယူနစ်တစ်ခုဖြင့်ဖွဲ့စည်းထားသော ရှုပ်ထွေးသည့်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဘော့စနီးယက်များ၊ ခရိုအက်များနှင့် ဆာ့ဘ်များဟူသည့် လူမျိုးစု ၃ စုဖြင့် ပါဝင်ဖွဲ့စည်းထားသည်။ အခြေခံဥပဒေတွင် ဖက်ဒရေးရှင်းဟူသည့် ဝေါဟာရကို သုံးနှုန်းထားခြင်းမရှိသောကြောင့် BiH တွင် ဖက်ဒရယ်ဝိသေသလက္ခဏာ ရှိသလော ကွန်ဖက်ဒရယ် ဝိသေသလက္ခဏာ ရှိသလောဟူ၍ တရားဝင် ဖွင့်ဆိုသတ်မှတ်ထားခြင်း မရှိသေးပေ။ နိုင်ငံတော်တွင် ခိုင်မာအားကောင်းသော လုပ်ပိုင်ခွင့်အာဏာများရှိခြင်းနှင့် နိုင်ငံတော်အဆင့် အင်စတီကျူးရှင်းများကို လုပ်ပိုင်ခွင့်ပိုမိုပေးအပ်သည့် လမ်းကြောင်းပေါ်သို့ ရှင်းလင်းစွာ ဦးတည်နေခြင်းတို့သည် ကွန်ဖက်ဒရေးရှင်းတစ်ခုအဖြစ်မှ ဖက်ဒရေးရှင်းတစ်ခုအဖြစ်သို့ ဦးတည်ရွေ့လျားလာမှုကို ပြသနေသည်။ ဘော့စနီးယားနိုင်ငံဆိုသည်မှာ မည်သည်ဖြစ်ကြောင်း သဘောတူညီထားကြခြင်းမရှိပေ။ သို့ရာတွင် ယင်းထက် စိုးရိမ်ပူပန်ဖွယ်မှာ ဖက်ဒရယ်စနစ်၏ အခြေခံသဘောတရားကို ဘော့စနီးယန်းထိပ်သီးလူနည်းစုများက အလွဲသုံးစားပြုနေကြခြင်းဖြစ်သည်။ ဆာ့ဘ်များက ယင်းတို့၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပိုမိုရရှိရေးနှင့် နောက်ဆုံးခွဲထွက်ရေးအထိပါတောင်းဆိုရာတွင် အသုံးချရန် ဖက်ဒရယ်စနစ်ကို တမင်တကာ လွဲမှားစွာအဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ခရိုအက်များကမူ ဖက်ဒရယ်စနစ်အား ကိရိယာတစ်ခုအဖြစ်အသုံးပြုကာ တတိယအဖွဲ့အစည်း (Entity) တစ်ခုတည်ထောင်လိုကြပြီး ဘော့စနီးယက်များကမူ ယင်းအစား ဒေသန္တရဝါဒ(regionalism) ကို မြှင့်တင်အားပေးကြသည်။ ထို့ကြောင့် ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနားတွင် စစ်ပွဲများပြီးနောက် ပထမဦးဆုံးရွေးကောက်ပွဲကျင်းပခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ပြောင်းလဲမှုဟူ၍ တိတိပပမရှိသေးဘဲ လွန်စွာဟန်ချက်ကင်းမဲ့နေပြီး တည်ဆောက်ပုံ မကောင်းသည့် ဖက်ဒရေးရှင်းတစ်ခုဖြစ်နေဆဲဖြစ်သည်။

Introduction

Bosnia and Herzegovina is a complex state composed of two entities: The Federation of BiH and Republika Srpska, and one independent unit – Brčko District, as well as three constituent peoples: Bosniaks, Croats and Serbs. Since the Constitution does not mention the word federation, it is not formally defined whether the autonomy principle implemented in BiH has a federal or confederal character. In fact, answers stretch out from a union to a decentralised unitary state. For Mirjana Kasapović (2005: 3) BiH is a specific type of an asymmetric confederation, while for Sumantra Bose (2003: 21) it is a consociational confederation (emphasis on self-rule instead of shared-rule). For others, such as Omer Ibrahimagić (Kurtćehajić & Ibrahimagić 2007: 185) it is just a decentralised state. The most optimal definition seems to be that suggested by Florian Bieber (2006: 60-62) who defines BiH as a 'loose multinational federation' with a weak central authority, while the federal nature of the state is seen as an aspect of its consociational structure. What is more, the Bosnian constitutional system is based on ethnic and territorial power-sharing which has an imposed character, thus it might be described as an 'ethnic federation sui generis' (Keil 2013: 95-96). Nowadays, strengthened competences of the state and clear direction towards greater empowerment of the state level institutions suggest a movement from a confederation to a federation.

(U.S. Department of State 2017)

နိဒါန်း

ဘော့စနီးယား နှင့် ဟာဇီဂိုဗီးနားသည် BiH ဖက်ဒရေးရှင်း နှင့် Republika Srpska ဟူသော သီးခြားစီတည်ရှိသောအစု (Entities) နှစ်ခု နှင့် Brčko ခရိုင်ဟူသော သီးခြားလွတ်လပ်သော ယူနစ်တစ်ခုဖြင့် ဖွဲ့စည်းထားသော ရှုပ်ထွေးသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဘော့စနီးယက်များ၊ ခရိုအက်များနှင့် ဆာ့ဘ်များဟူသည့် လူမျိုးစု ၃ စုဖြင့် ပါဝင်ဖွဲ့စည်းထားသည်။ အခြေခံဥပဒေတွင် ဖက်ဒရေးရှင်းဟူသည့် ဝေါဟာရကို သုံးနှုန်းထားခြင်း မရှိသောကြောင့် BiH တွင် ဖော်ဆောင်နေသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အခြေခံမူတွင် ဖက်ဒရယ်ဝိသေသလက္ခဏာရှိသလော ကွန်ဖက်ဒရယ်ဝိသေသလက္ခဏာရှိသလောဟူ၍ တရားဝင် သတ်မှတ်ထားခြင်း မရှိပေ။ အမှန်စင်စစ် အဖြေမှာ ပြည်ထောင်စုတစ်ခုမှသည် ဗဟိုချုပ်ကိုင်မှုလျော့ချထားသော တစ်ပြည်ထောင်နိုင်ငံတစ်ခုအထိ အမျိုးမျိုး ဖြစ်နိုင်သည်။ Mirjana Kasapović (၂၀၀၅ - ခ) က BiH သည် အချို့မည်ကွန်ဖက်ဒရေးရှင်း အမျိုးအစားတစ်ခုဖြစ်သည်ဟုဆိုပြီး Sumantra Bose (၂၀၀၃ - ၂၁) ကမူ BiH သည် (မျှဝေအုပ်ချုပ်မှုထက် ကိုယ်ပိုင်အုပ်ချုပ်မှုကို ပိုအလေးပေးသည့်) အာဏာမျှဝေထားသည့် ကွန်ဖက်ဒရေးရှင်းဟုဆိုသည်။ အခြားသူများ၊ ဥပမာ Omer Ibrahimagić ကမူ (Kurtehajić & Ibrahimagić ၂၀၀၇ - ၁၈၅) BiH သည် ဗဟိုချုပ်ကိုင်မှုလျော့ချထားသော နိုင်ငံတစ်နိုင်ငံသာဖြစ်ကြောင်း ဆိုသည်။ အသင့်လျော်ဆုံးဖြစ်မည်ဟု ယူဆရသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို Florian Bieber (၂၀၀၆- ၆၀-၆၂) က အဆိုပြုခဲ့ပြီး ယင်းက BiH ကို အားနည်းသည့် ဗဟိုအာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရှိသော 'လျော့တိလျော့ရဲဖြစ်နေသည့် လူမျိုးစုပေါင်းစုံပါဝင်သော ဖက်ဒရေးရှင်း' တစ်ခုအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကာ နိုင်ငံတော်၏ ဖက်ဒရယ်သဘောသဘာဝအား အာဏာမျှဝေသည့် ဖွဲ့စည်းပုံ၏ ရှုထောင့်တစ်ခုအဖြစ် ရှုမြင်သည်။ ထို့ထက်ပိုသည်မှာ ချုပ်ကိုင်ထားသည့် ဝိသေသလက္ခဏာရှိသော လူမျိုးစုနှင့် နယ်နိမိတ်ဒေသဆိုင်ရာ အာဏာမျှဝေခြင်းကို အခြေခံထားသောကြောင့် ဘော့စနီးယားနိုင်ငံ၏ အခြေခံဥပဒေဆိုင်ရာ စနစ်အား 'ထူးခြားသည့် လူမျိုးစု ဖက်ဒရေးရှင်း' တစ်ခုအဖြစ် ဖော်ပြနိုင်သည် (Keil ၂၀၁၃ - ၉၅-၉၆)။ ယနေ့အခါ၌ နိုင်ငံတော်တွင် ခိုင်မာအားကောင်းသော လုပ်ပိုင်ခွင့်အာဏာများရှိခြင်းနှင့် နိုင်ငံတော်အဆင့် အင်စတီကျူးရှင်းများကို လုပ်ပိုင်ခွင့်ပိုမိုပေးအပ်သည့် လမ်းကြောင်းပေါ်သို့ ရှင်းလင်းစွာ ဦးတည်နေခြင်းတို့သည် ကွန်ဖက်ဒရေးရှင်းတစ်ခုအဖြစ်မှ ဖက်ဒရေးရှင်းတစ်ခုအဖြစ်သို့ ရွေ့လျားလာမှုကို ပြသနေသည်။

(အမေရိကန်ပြည်ထောင်စု အစိုးရဌာန၊ ၂၀၁၇)

In BiH, the crucial element of each federal system - the division of competences - took the form characteristic of dual federations, but was combined with the broad participation of the constitutional units in the federal government, something that is usually characteristic of cooperative ones (in fact it is a combination of two patterns of representation: ethnic and territorial since both entities and constituent nations are included in the federal institutions). The Bosnian Constitution defines the exclusive competences of the state and entities while over time shared/concurrent competences have been gradually added (interpreted) (Marković 2012: 141; Steiner & Ademović 2010: 539-540; Sahadzić 2011: 22-3). The entities have the residual powers and take the main level of decision-making, yet in the FBiH power was decentralised to the smallest homogenous units – cantons (while up to 2002, in the multi-ethnic cantons it went further to the mono-ethnic municipalities) (Keil 2013: 110-11; Jokay 2001: 97). The entities transferred competences to the state level based on mutual agreements regarding: state-level indirect taxation, judiciary (creation of the High Judicial and Prosecutorial Council of Bosnia and Herzegovina), defence (creation of the Armed Forces of BiH), and police (Marković 2012: 372-381). Consequently, since Dayton, the separation of competencies between the BiH state and entities has become less clear. Part of the state-building process has involved assigning partial responsibilities to the state in matters that were previously generally in the exclusive domain of the entities, requiring cooperation in many areas. The state framework legislation was first introduced in 1998. Yet, the state generally lacks effective means of enforcing its own or even jointly-agreed decisions at lower levels of government (FPI 2008: 30, 32).

Shortly after its enactment it has become clear that the 1995 Dayton Agreement gave BiH the worst of all federal models: the still limited number of exclusive competencies given to the state is exercised only with the consent of representatives elected by, or loyal to, the entities (effectively wielding a veto over decisions within the state's responsibilities) and has almost no independence in fiscal matters. Unlike cooperative systems, there is no trade-off for strong representation of the federal units in central decision-making in the form of state-level involvement in entity responsibilities or joint responsibilities (an

ဖက်ဒရယ်စနစ်တစ်ခု၏ အရေးအကြီးဆုံး အစိတ်အပိုင်းဖြစ်သည့် လုပ်ပိုင်ခွင့်အာဏာများ ခွဲဝေရာတွင် BiH သည် ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရများအကြား လုပ်ပိုင်ခွင့်အာဏာကို အလွှာလိုက် ရှင်းလင်းစွာ ခွဲခြားသတ်မှတ်ထားသော စင်ပြိုင်ဖက်ဒရေးရှင်းများ (Dual Federations) အသွင်ရှိသော်လည်း ပူးတွဲဖက်ဒရေးရှင်းများ (Cooperative Federations) ၏ လက္ခဏာဖြစ်သော ဖက်ဒရယ်အစိုးရအတွင်း၌ အခြေခံဥပဒေအရ သတ်မှတ်ထားသည့် နယ်မြေယူနစ်များ ကျယ်ကျယ်ပြန့်ပြန့်ပူးပေါင်းပါဝင်ရေးနှင့်ပါ ပေါင်းစပ်ထားသည်။ (အမှန်စင်စစ်တွင် ဖက်ဒရယ်အင်စတီကျူးရှင်းများအတွင်း သီးခြားစီတည်ရှိသောအစု (Entities) နှစ်ခုစလုံးနှင့် ပါဝင်သည့် လူမျိုးစုများကို ထည့်သွင်းထားသောကြောင့် ယင်းသည် လူမျိုးစုကိုယ်စားပြုမှုနှင့် နယ်နိမိတ်ဒေသဆိုင်ရာကိုယ်စားပြုမှုဟူသော ကိုယ်စားပြုမှု ပုံစံနှစ်မျိုးကို ပေါင်းစပ်ထားခြင်းဖြစ်သည်။) ဘော့စနီးယားနိုင်ငံ၏ အခြေခံဥပဒေတွင် နိုင်ငံတော်နှင့် သီးခြားစီတည်ရှိသောအစု (Entities) များ၏ သီးခြားအာဏာများကို သတ်မှတ်ဖော်ပြထားပြီး မျှဝေထားသော / အပြိုင် လုပ်ပိုင်ခွင့်အာဏာများကိုမူ တဖြည်းဖြည်း ပေါင်းစပ်ထည့်သွင်း (အဓိပ္ပာယ်ဖွင့်ဆို) ခဲ့သည်။ (Marković ၂၀၁၂ - ၁၄၁၊ Steiner & Ademović ၂၀၁၀ - ၅၃၉-၅၄၀၊ Sahadzić ၂၀၁၁- ၂၂-၃)။ သီးခြားစီတည်ရှိသောအစု (Entities) များတွင် ကြွင်းကျန်အာဏာများရှိကြပြီး အဓိကဆုံးဖြတ်ချက်ချမှတ်သည့်အဆင့်ကို တာဝန်ယူကြသည်။ သို့တိုင် BiH ဖက်ဒရေးရှင်း၏ အာဏာများအား အသေးဆုံး သဘောသဘာဝတူ ယူနစ်များဖြစ်သော ပြည်နယ် (Canton) များအထိ ဗဟိုချုပ်ကိုင်မှုလျော့ချပေးထားသည်။ (၂၀၀၂ ခုနှစ်အထိတွင် လူမျိုးစုပေါင်းစုံပါဝင်သော ပြည်နယ် (Canton) များအား လူမျိုးစုတစ်စုတည်းပါဝင်သော မြူနီစီပယ်ဒေသများအထိ ဗဟိုချုပ်ကိုင်မှုလျော့ချခဲ့သည်) (Keil ၂၀၁၃ - ၁၁၀-၁၁၊ Jokay ၂၀၀၁-၉၇)။ နိုင်ငံတော်အဆင့် သွယ်ဝိုက်ခွန်ကောက်ခံရေး၊ တရားစီရင်ရေး (ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနား အဆင့်မြင့် တရားစီရင်ရေးနှင့် ရှေ့နေများ ကောင်စီတည်ထောင်ခြင်း)၊ ကာကွယ်ရေး (BiH တပ်မတော် တည်ထောင်ခြင်း) နှင့် ရဲတပ်ဖွဲ့တို့ဆိုင်ရာတို့တွင် အပြန်အလှန် သဘောတူညီချက်များအပေါ် အခြေခံကာ သီးခြားစီတည်ရှိသောအစုများ (Entities) သည် လုပ်ပိုင်ခွင့်အာဏာများအား နိုင်ငံတော်အဆင့်သို့လွှဲပြောင်းပေးအပ်သည် (Marković ၂၀၁၂- ၃၇၂-၃၈၁)။ အကျိုးဆက်အားဖြင့် Dayton သဘောတူညီချက်ကို သတ်မှတ်ပြဋ္ဌာန်းခဲ့ချိန်မှ စတင်ကာ BiH နိုင်ငံတော်နှင့် သီးခြားစီတည်ရှိသောအစုများ (Entities) ကြားရှိ လုပ်ပိုင်ခွင့်အာဏာ ပိုင်းခြားခွဲဝေမှုသည် ပိုမိုရှုပ်ထွေးလာသည်။ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် ယခင်က ပုံမှန်အားဖြင့် သီးခြားစီတည်ရှိသောအစုများ (Entities) ၏ သီးသန့်နယ်နိမိတ်အတွင်းရှိ ကိစ္စရပ်များဆိုင်ရာ တာဝန်များ၏ အချို့တစ်ဝက်အား နိုင်ငံတော်ထံသို့ တာဝန်ပေးအပ်ခြင်းများရှိသောကြောင့် နယ်ပယ်များစွာတွင် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်။ နိုင်ငံတော်မူဘောင်ဥပဒေပြဋ္ဌာန်းချက်ကို ၁၉၉၈ ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့သည်။ သို့တိုင် နိုင်ငံတော်သည် အများအားဖြင့် ယင်း၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များ သို့မဟုတ် အောက်ခြေအစိုးရအဆင့်များတွင် ပူးပေါင်းသဘောတူညီထားသည့် ဆုံးဖြတ်ချက်များကိုပင် ထိရောက်စွာ အကောင်အထည်ဖော်နိုင်စွမ်းမရှိပေ (FPI ၂၀၀၈၊ ၃၀၊ ၃၂)။

၁၉၉၅ ခုနှစ် Dayton သဘောတူညီချက်ကို သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီး ပေါ်ပေါက်လာသော BiH ၏ ဖက်ဒရယ်ပုံစံသည် ဖက်ဒရယ် ပုံစံများအားလုံးအနက် အဆိုးရွားဆုံးပုံစံပင်ဖြစ်ကြောင်း သိသာထင်ရှားစွာ သိမြင်လာရသည်။ နိုင်ငံတော်သို့ ပေးအပ်ထားသည့် အကန့်အသတ်ရှိနေဆဲဖြစ်သော အထူးလုပ်ပိုင်ခွင့်အာဏာများအား သီးခြားစီတည်ရှိသောအစု (Entities) များမှ ရွေးကောက်တင်မြှောက်ထားသော၊ သို့မဟုတ် သီးခြားစီတည်ရှိသောအစု (Entities) များအပေါ် သစ္စာစောင့်သိသော ကိုယ်စားလှယ်များ၏ သဘောတူညီချက်ဖြင့်သာ ကျင့်သုံးရပြီး (သီးခြားစီတည်ရှိသောအစု (Entities) များအနေဖြင့် နိုင်ငံတော်၏ တာဝန်များအတွင်းရှိ ဆုံးဖြတ်ချက်များအပေါ် ဗီတိုအာဏာကျင့်သုံးနိုင်သည့် အခွင့်အရေးရရှိစေခဲ့သည်) ငွေကြေးဆိုင်ရာကိစ္စရပ်များတွင် လွတ်လပ်မှုမရှိသလောက်ပင်ဖြစ်သည်။ ပူးပေါင်းဆောင်ရွက်သည့် စနစ်များနှင့် ကွဲပြားသည်မှာ သီးခြားစီတည်ရှိသောအစု (Entity)၏ တာဝန်များ သို့မဟုတ် ပူးတွဲတာဝန်များတွင် နိုင်ငံတော်အဆင့် ပါဝင်ပတ်သက်မှုပုံစံဖြင့် ဗဟိုဆုံးဖြတ်ချက်ချမှတ်ရာတွင် ဖက်ဒရယ်ယူနစ်များ ခိုင်မာအားကောင်းစွာ ကိုယ်စားပြုရေးအတွက် အပြန်အလှန်ဖလှယ်ခြင်းမျိုးမရှိပေ (ဤခြင်းချက်တစ်ခုမှာ သီးခြားစီတည်ရှိသောအစု (Entities) များအကြား

exception is the presidency's competence to facilitate inter-entity cooperation). On the contrary, the entities are granted autonomy in most sectors of governance (FPI 2006: 29-30).

Moreover, due to a broad implementation of the parity principle, not only the constituent units but also nations are represented at the state level in all main federal institutions. Most of them: second chamber of the Parliament, both parts of the executive (Council of Ministers and Presidency) are perceived rather as representations of the peoples, not really the territorial units – even if the territorial variable is involved in its creation. Thus, the distribution of powers by levels of governance in BiH contains the following: a weak position of the municipalities (too many responsibilities with no adequate powers or sources of funding); a dominant position of the cantons in FBiH (too many powers and too few responsibilities and limited resources); a high level of responsibility and wide powers of Republika Srpska; and a weak position of the state (Miovcić 2006: 376).

In addition to being a highly decentralised state with two levels of federalism (as one of the entities, the FBiH is further divided into 10 cantons), Bosnia is also an asymmetric federation. First, the subunits are constituted very differently: one is a loose federation consisting of ten cantons and two predominant nations and the other is a centralised republic of one dominant nation. Second, the existence of a third unit, the Brčko District provides for additional asymmetry. Furthermore, the asymmetric nature of the state means that members of the three constituent peoples enjoy different degrees of political representation and rights: while Serbs have been dominant in the Serb Republic and could be said to enjoy territorial autonomy on the basis of ethnicity created at the level of an entity, territorial autonomy for Croats and Bosniaks is limited to cantons, which are bestowed with fewer powers.

Each of the ten cantons has an organised legislative, executive and judicial power. Out of ten, two are ethnically mixed, namely the Herzegovina-Neretva and the Central Bosnian cantons, which both had seen considerable fighting between Croats and Muslims in 1993/4. Of the remaining eight cantons, three are predominantly Croat and five are Bosniak (Bieber 2006b: 60-3). The RS constitutional structure is more centralised and less convoluted than that of the Federation due to its ethnic homogeneity within the electoral body and domination of the Serb population. Unlike the FBiH, the RS does not have cantons and

ပူးပေါင်းဆောင်ရွက်ရေးတွင် သမ္မတရုံးအနေဖြင့် ဝင်ရောက်အကူအညီပေးနိုင်သည့် လုပ်ပိုင်ခွင့်အာဏာ ဖြစ်သည်)။ အခြားတစ်ဖက်တွင်မူ အုပ်ချုပ်ရေးကဏ္ဍအများစုတွင် သီးခြားစီတည်ရှိသောအစု (Entities) များအား ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပေးထားသည် (FPI ၂၀၀၆· ၂၉-၃၀)။

ထို့ပြင် မျှတမှုရှိစေရေး အခြေခံမူ (Parity Principle) ကို ကျယ်ကျယ်ပြန့်ပြန့်အကောင်အထည်ဖော် နေခြင်းကြောင့် နိုင်ငံတော်အဆင့်၌ အဓိကကျသော ဖက်ဒရယ်အင်စတီကျူးရှင်းအားလုံးတွင် မဲဆန္ဒနယ်ယူနစ်များသာမကဘဲ လူမျိုးစုများပါ ကိုယ်စားပြုပါဝင်ကြသည်။ ယင်းတို့အနက် အများစု - အထက်လွှတ်တော်၊ အုပ်ချုပ်ရေး အစိတ်အပိုင်းများအားလုံး (ဝန်ကြီးများကောင်စီ နှင့် သမ္မတ) တို့အား ထူထောင်ခဲ့စဉ်တွင် နယ်နိမိတ်ဒေသဆိုင်ရာ အစိတ်အပိုင်းများ ပါဝင်နေလျှင်ပင် ယင်းတို့အား နယ်နိမိတ်ဒေသဆိုင်ရာ ယူနစ်များအဖြစ် မရှုမြင်ကြဘဲ လူမျိုးစုများအတွက် ကိုယ်စားပြုမှုများအဖြစ် ရှုမြင်ကြသည်။ ထို့ကြောင့် BiH တွင် အုပ်ချုပ်မှုအဆင့်များအလိုက် အာဏာများခွဲဝေရာတွင် - မြူနီစီပယ်ဒေသများအတွက် အားနည်းသည့် အနေအထားတစ်ခု (အာဏာ သို့မဟုတ် ရန်ပုံငွေ အရင်းအမြစ် လုံလုံလောက်လောက်မပေးထားဘဲ အလွန်များပြားသည့် တာဝန်များ ပေးအပ်ထားခြင်း)၊ BiH ဖက်ဒရေးရှင်းအတွင်းရှိ ပြည်နယ် (Canton) များအတွက် သြဇာလွှမ်းမိုးသည့် အနေအထားတစ်ခု (အလွန်များပြားသည့် အာဏာများ၊ အလွန်နည်းပါးသည့် တာဝန်များနှင့် အကန့်အသတ်ဖြင့် သယံဇာတများ ပေးအပ်ထားခြင်း)၊ Republika Srpska ကို တာဝန်များစွာ ပေးအပ်ထားပြီး အာဏာများလည်း ကျယ်ကျယ်ပြန့်ပြန့်ပေးအပ်ထားပြီး နိုင်ငံတော်အတွက် အားနည်းသည့် အနေအထားတစ်ခု (Miovcić ၂၀၀၆ - ၃၇၆) ဖြစ်နေကြောင်း တွေ့ရသည်။

ဗဟိုချုပ်ကိုင်မှု များစွာလျှော့ချထားပြီး (သီးခြားစီတည်ရှိသောအစု (Entities) များအနက်တစ်ခုဖြစ်သော BiH ဖက်ဒရေးရှင်းအား ပြည်နယ် (Canton) ၁၀ ခုအဖြစ် ထပ်မံခွဲခြားထားသောကြောင့်) ဖက်ဒရယ်စနစ် အဆင့် ၂ ရပ်ရှိသည့် အပြင် ဘော့စနီးယားသည် အချိုးမညီသည့် ဖက်ဒရေးရှင်းတစ်ခုလည်းဖြစ်သည်။ ပထမဦးစွာ ယူနစ်အခွဲများအား တည်ထောင်သတ်မှတ်ထားပုံသည် များစွာကွဲပြားခြားနားသည် - တစ်ခုသည် ပြည်နယ် (Canton) ၁၀ ခု နှင့် အင်အားကြီးမားသည့် လူမျိုးစုနှစ်ခုပါဝင်သည့် လျော့တိလျော့ရဲ ဖက်ဒရေးရှင်းတစ်ခုဖြစ်ပြီး ကျန်တစ်ခုမှာ အင်အားကြီးမားသည့် လူမျိုးစုတစ်ခုမှ ဗဟိုချုပ်ကိုင်ထားသည့် သမ္မတနိုင်ငံတစ်ခုဖြစ်သည်။ ဒုတိယအချက်အနေဖြင့် တတိယမြောက်ယူနစ်တစ်ခုဖြစ်သော Brčko ခရိုင်ရှိနေခြင်းသည် အချိုးမညီမှုကို ပိုမိုမြင့်မားစေသည်။ ထို့ပြင် နိုင်ငံတော်၏ အချိုးမညီသည့် သဘောသဘာဝကြောင့် ပါဝင်သည့် ပြည်သူလူထုသုံးရပ်၏ အစုအဖွဲ့ဝင်များအနေဖြင့် နိုင်ငံရေးဆိုင်ရာ ကိုယ်စားပြုမှုနှင့် အခွင့်အရေးများကို ရရှိသည့်အတိုင်းအတာများ ကွဲပြားခြားနားကြသည်။ ဆာ့ဘ်လူမျိုးများသည် ဆာ့ဘ်သမ္မတနိုင်ငံတွင် သြဇာလွှမ်းမိုးမှုရှိကာ သီးခြားစီတည်ရှိသောအစု (Entity) တစ်ခုအဆင့်တွင် တည်ထောင်ထားသည့် လူမျိုးစုအခြေခံဖြင့် နယ်နိမိတ်ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ခံစားရသည်ဟု ဆိုနိုင်သော်လည်း ခရိုအက်များနှင့် ဘော့စနီးယက်များအတွက်မူ နယ်နိမိတ်ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်သည် ပြည်နယ် (Canton) များတွင်သာရှိပြီး ပြည်နယ် (Canton) များတွင် ရရှိသည့် အာဏာသည် ပိုမိုနည်းပါးကြသည်။

ပြည်နယ် (Canton) ဆယ်ခုရှိရာ တစ်ခုချင်းစီတွင် သတ်မှတ်ထားသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာများရှိကြသည်။ ပြည်နယ် (Canton) ဆယ်ခုရှိရာတွင် နှစ်ခုသည် လူမျိုးစုအားဖြင့် ရောနှောနေပြီး ယင်းတို့မှာ Herzegovina-Neretva နှင့် ဗဟိုဘော့စနီးယန်းပြည်နယ် (Canton) များ ဖြစ်ကြပြီး ယင်းတို့နှစ်ခုစလုံးတွင် ခရိုအက်များနှင့် မူဆလင်များအကြား ၁၉၉၃/၄ အတွင်း အတော်အသင့် ပြင်းထန်သည့် အားပြိုင်မှုများရှိခဲ့ကြသည်။ ကျန်ပြည်နယ် (Canton) ၈ ခုအနက် ၃ ခုတွင် ခရိုအက်များ သြဇာလွှမ်းမိုးပြီး ၅ ခုတွင် ဘော့စနီးယက်များ သြဇာလွှမ်းမိုးမှုရှိသည် (Bieber ၂၀၀၆ခ· ၆၀-၃)။ Republika Srpska (RS) ၏ အခြေခံဥပဒေဆိုင်ရာ ဖွဲ့စည်းပုံသည် ပိုမို၍ ဗဟိုချုပ်ကိုင်မှုများပြီး ယင်း၏ ရွေးကောက်ပွဲ အာဏာပိုင်အဖွဲ့အစည်းအတွင်း လူမျိုးစုများ ရောနှောပါဝင်နေမှုနှင့် ဆာ့ဘ်လူမျိုးများ သြဇာလွှမ်းမိုးနေမှုတို့ကြောင့် ဖက်ဒရေးရှင်းထက် ပိုမိုရှုပ်ထွေးသည်။ BiH ဖက်ဒရေးရှင်းနှင့် မတူညီသည်မှာ RS တွင် ပြည်နယ်များ (Cantons)

it is a highly centralised entity with all the insignia of a classical state, but without internationally recognised independence. There are also only two levels of government within the RS: central and municipal (Rasidagić 2006:185).

In the framework indicated by the federal constitution the entities enact and change their own constitutions, including their own organisation of governance (Marković 2012: 167). They are provided with self-governing institutions, including legislative, executive and judiciary institutions and independently perform their functions (legislative, executive and judiciary), freely organise their structure and legal order; as well as enter into international agreements with other countries and international organisations – including 'special parallel relations' with neighbouring countries (Golijanin 2011: 438, 441). In fact, both entities have had, now weakened, state-like features: territory, population, citizenship, constitution, parliament, government, judiciary, administrative system, military, police, official languages, flag, coat of arms, anthem, and so on (Kasapović 2005: 3-4; Keil 2013: 107, 111, Omerović 2011: 487) but they differ significantly in the character and organisation of their political systems.

The Contested Federation

One of the main problems of the whole state is the fact that political elites of the three constituent peoples do not really accept the status quo created after the war. A Majority of the leaders of the RS have been constantly striving to resist and obstruct any consolidation of the overarching Bosnian state (their rhetoric extends to threats to hold a referendum on independence), whilst some within the Bosniak leadership want to revise the DPA, end the division of Bosnia into two entities, and create a genuinely unitary state (arguing that it is an expression of the pressures of the international community, and that it legitimises the aggression and the genocide). Furthermore, the Croats have never been satisfied with their status within the FBiH and have never accepted it voluntarily; in result, some within their ranks wish for the creation of a third (Croat-dominated) entity which is viewed as a logical, justified, and programmatic goal of the Croat people in Bosnia (Morrison 2009: 7; Kasapović 2005: 12,14; Bose 2002: 257; Bieber 2006: 25).

Yet, critique of the federal nature of the state goes beyond pure rhetoric. In 2008 Milorad Dodik, who later became the president of RS, announced that no more transfers of competences from the entities to

မရှိဘဲ ယင်းသည် ပုံမှန်နိုင်ငံတစ်နိုင်ငံ၏ ပုံသဏ္ဌာန်များအားလုံးရှိပြီး ဗဟိုမှ များစွာချုပ်ကိုင်ထားသော သီးခြားစီ တည်ရှိသောအစု (Entity) တစ်ခုဖြစ်နေခြင်းဖြစ်သည်။ သို့ရာတွင် နိုင်ငံတကာမှ အသိအမှတ်ပြုထားသည့် လွတ်လပ်ရေး ရရှိထားခြင်းမရှိပေ။ ထို့ပြင် RS တွင် - ဗဟိုအစိုးရနှင့် မြူနီစီပယ်အစိုးရဟူ၍ အစိုးရအဆင့် နှစ်ရပ်သာရှိသည် (Rasidagić ၂၀၀၆ - ၁၈၅)။

ဖက်ဒရယ် အခြေခံဥပဒေအရ သတ်မှတ်ထားသည့် မူဘောင်အတွင်းတွင် သီးခြားစီတည်ရှိသောအစုများ (Entities) သည် ယင်းတို့၏ ကိုယ်ပိုင်အုပ်ချုပ်ရေးအဖွဲ့အစည်းများ ဖွဲ့စည်းခြင်းအပါအဝင် အခြေခံဥပဒေများပြဋ္ဌာန်းခြင်းနှင့် ပြုပြင်ရေးဆွဲခြင်းများကို လုပ်ဆောင်ကြသည် (Marković ၂၀၁၂ - ၁၆၇)။ ယင်းတို့အား ဥပဒေပြဋ္ဌာန်းရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအင်စတီကျူးရှင်းများအပါအဝင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အင်စတီကျူးရှင်းများ ပေးအပ်ထားပြီး ယင်းတို့၏ လုပ်ငန်းများ (ဥပဒေပြဋ္ဌာန်းရေး၊ အုပ်ချုပ်ရေး နှင့် တရားစီရင်ရေး) ကို လွတ်လပ်စွာ ဆောင်ရွက်ကာ ယင်းတို့၏ ဖွဲ့စည်းပုံနှင့် တရားစီရင်ရေး ဥပဒေများကို လွတ်လပ်စွာစီစဉ်ရုံသာမကဘဲ အိမ်နီးချင်းနိုင်ငံများနှင့် 'အထူးအပြိုင် ဆက်ဆံရေးများ' အပါအဝင် အခြားနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံတကာသဘောတူစာချုပ်များ ချုပ်ဆိုနိုင်သည် (Golijanin ၂၀၁၁ - ၄၃၈၊ ၄၄၁)။ အမှန်စင်စစ်တွင် သီးခြားစီတည်ရှိသောအစု (Entities) နှစ်ခုစလုံးသည် ပိုင်နက်နယ်နိမိတ်၊ ပြည်သူလူထု၊ နိုင်ငံသားဖြစ်ခွင့်၊ အခြေခံဥပဒေ၊ ပါလီမန်၊ အစိုးရ၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးစနစ်၊ စစ်တပ်၊ ရဲတပ်ဖွဲ့၊ ရုံးသုံး ဘာသာစကားများ၊ အလံတော်၊ အမှတ်တံဆိပ်၊ နိုင်ငံတော်သီချင်းအစရှိသည့် နိုင်ငံတစ်နိုင်ငံကဲ့သို့သော လက္ခဏာများရှိခဲ့ပြီး ယခုအခါတွင် အားနည်းလျက်ရှိသည် (Kasapović ၂၀၀၅- ၃-၄၊ Keil ၂၀၁၃- ၁၀၇၊ ၁၁၁၊ Omerović ၂၀၁၁ - ၄၈၇)။ သို့ရာတွင် ယင်းတို့၏ နိုင်ငံရေးစနစ်များ၏ ဝိသေသလက္ခဏာနှင့် ဖွဲ့စည်းတည်ဆောက်ပုံတို့မှာ သိသိသာသာကွဲပြားကြသည်။

အငြင်းပွားနေဆဲ ဖက်ဒရေးရှင်း

တစ်နိုင်ငံလုံးရှိ အဓိကပြဿနာများအနက် တစ်ခုမှာ စစ်ပွဲပြီးနောက် ရရှိလာသည့် အခြေအနေအပေါ် နိုင်ငံအတွင်းရှိ လူမျိုးစု ၃ ခု၏ နိုင်ငံရေးဆိုင်ရာ ထိပ်သီးလူနည်းစုများက အမှန်တကယ် လက်မခံနိုင်ကြခြင်းပင်ဖြစ်သည်။ RS ၏ ခေါင်းဆောင်အများစုသည် ဘော့စနီးယားနိုင်ငံတစ်ခုလုံးကို ပေါင်းစည်းရန် ဆောင်ရွက်မှုမှန်သမျှအား ကန့်ကွက်ရန်နှင့် ပိတ်ပင်ရန် အစဉ်အမြဲကြိုးပမ်းနေကြပြီး (၄င်းတို့၏ပြောဆိုမှုများသည် လွတ်လပ်ရေးအတွက် ဆန္ဒခံယူပွဲကျင်းပရန် ခြိမ်းခြောက်သည်အထိ ရှိခဲ့ပြီး) ဘော့စနီးယက်ခေါင်းဆောင်ပိုင်းအတွင်းမှ အချို့ကမူ DPA (Dayton ငြိမ်းချမ်းရေးသဘောတူညီချက်) ကို ပြန်လည်သုံးသပ်ကာ ဘော့စနီးယားအား သီးခြားစီတည်ရှိသောအစု (Entities) နှစ်ခုအဖြစ် ကွဲပြားနေခြင်းကို အဆုံးသတ်၍ စစ်မှန်သော တစ်ပြည်ထောင်နိုင်ငံတစ်ခုကို တည်ထောင်လိုကြသည် (၄င်းတို့က DPAသည် နိုင်ငံတကာအသိုင်းအဝိုင်း၏ ဖိအားများကြောင့်ဖြစ်ပြီး ရန်လိုမှုများနှင့် လူမျိုးတုံးသတ်ဖြတ်မှုကို တရားဝင်စေသည်ဟု ဆိုသည်)။ ထို့ပြင် ခရိုအက်များကလည်း BiH ဖက်ဒရေးရှင်းအတွင်းရှိ ၄င်းတို့၏ အဆင့်အတန်းသတ်မှတ်ချက်ကို မကျေနပ်ကြဘဲ ယင်းကို မည်သည့်အခါကမျှ လိုလိုလားလား လက်ခံခဲ့ခြင်းမရှိပေ။ အကျိုးဆက်အားဖြင့် ၄င်းတို့၏ ခေါင်းဆောင်များအနက် အချို့က (ခရိုအက်များ သြဇာလွှမ်းမိုးသည့်) တတိယမြောက် သီးခြားစီတည်ရှိသောအစု (Entity) တစ်ရပ်တည်ထောင်လိုကြပြီး ယင်းကို ဘော့စနီးယားနိုင်ငံရှိ ခရိုအက်ပြည်သူများအတွက် ယုတ္တိကျ၊ တရားမျှတမှုရှိပြီး အစီအစဉ်ကျသည့် ရည်မှန်းချက်တစ်ခုအဖြစ် ရှုမြင်ကြသည် (Morrison ၂၀၀၉- ၇၊ Kasapović ၂၀၀၅ - ၁၂၁၄၊ Bose ၂၀၀၂- ၂၅၇၊ Bieber ၂၀၀၆- ၂၅)။

သို့တိုင် နိုင်ငံ၏ ဖက်ဒရယ် သဘောသဘာဝအပေါ် ဝေဖန်ပြောဆိုနေမှုများသည် သာမန်ပြောဆိုမှု သက်သက်အဆင့်ထက်ကျော်လွန်လာခဲ့သည်။ နောင်တွင် RS ၏ သမ္မတ ဖြစ်လာခဲ့သည့် Milorad Dodik က အနာဂတ်တွင် သီးခြားစီတည်ရှိသောအစု (Entities) များမှ လုပ်ပိုင်ခွင့်အာဏာများအား နိုင်ငံတော်ထံသို့ လွှဲပြောင်းပေးခြင်းမျိုး ရှိလာတော့မည်မဟုတ်ကြောင်း

the state would take place in the future and that the 50 transfers already in place would be revised. Consequently, in May 2009 he passed a resolution in the RS parliament pledging a review of competences already transferred (Sebastian-Aparicio 2014: 153, 156). On the other hand, the Croats decided to create parallel structures: first, after the November 2000 elections, when HDZ (Hrvatska demokratska zajednica, Croatian Democratic Union) convened a so-called Hrvatski narodni sabor (HNS, Croat National Congress) which later created the Croat self-government by establishing an Inter-cantonal and Inter-Municipal Council (Međužupanijsko-međuopćinsko vijeće) as a parallel government (Grandits 2007: 118). It was dissolved only a few days later when on March 7th the High Representative removed the Croat member of the Bosnia Presidency (Ante Jelavić) from his post and SFOR took over the Hercegovačka Banka, closely tied to both HDZ and the self-government (Bieber 2001: 1-2). Yet, again in 2010, the Croats re-created the Croat National Assembly as an extra-constitutional representative institution (Kivimäki, Kramer and Pasch 2012: 27). This time however, during its first congress, it was decided that Croats in Bosnia – instead of radical attempts to block state institutions, should concentrate on a subtler long-lasting fight for equality of Croats in Bosnia, implying support for future constitutional change (Krešić 2011).

Concluding Reflections

The electoral campaign of the 1996 general election already foreshadowed the coming problems of federalism in Bosnia. Momcilo Krajisnik, the candidate for the B&H Presidency of the Serb Democratic Party (SDS) labelled the RS an independent state. HDZ demanded a Bosnia and Herzegovina with equal rights and refused to dissolve their ethnically-exclusive statelet Herceg-Bosna, while the structures of the meanwhile extra-constitutional Republic of B&H, dominated by SDA (Stranka demokartske akcija, Party of Democratic Action) also continued to exist (Gromes 2010: 368). Nowadays, while there is no agreement on what exactly Bosnia is, what is even more alarming is the abuse of the concept of federalism by Bosnian elites. Serbs – seeing their entity as the main frame of reference and neglecting the central level – misinterpret federalism to underline their demand for more autonomy and, eventually, secession. Bosnian Croats see federalism as a tool to argue for a third entity, while Bosniaks discuss the scenario of regionalism and have not yet distinguished between regionalism and federalism (Keil 2013: 153). Thus, despite the fact that it has been twenty years since the first post-war elections, nothing has really changed. Bosnia and Herzegovina remains a highly unbalanced and badly constructed federation.

နှင့် လက်ရှိ ရှိနေပြီးသော လုပ်ပိုင်ခွင့် လွှဲပြောင်းပေးမှု ၅၀ ကိုလည်း ပြန်လည်စိစစ်သွားမည်ဖြစ်ကြောင်း ၂၀၀၈ ခုနှစ်တွင် ပြောကြားခဲ့သည်။ တစ်ဆက်တည်းတွင် ယင်းက လွှဲပြောင်းပေးအပ်ခဲ့ပြီးသော လုပ်ပိုင်ခွင့်အာဏာများကို ပြန်လည်စိစစ်ရန် ကတိကဝတ်ပြုကြောင်း ၂၀၀၉ ခုနှစ် မေလအတွင်း RS ပါလီမန်တွင် ထုတ်ပြန်ကြေညာခဲ့သည် (Sebastian-Aparicio ၂၀၁၄- ၁၅၃၊ ၁၅၆)။ တစ်ခြားတစ်ဖက်တွင် ခရိုအက်များကလည်း အပြိုင်ဖွဲ့စည်းပုံများကို တည်ထောင်သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ပထမဆုံးအနေဖြင့် ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလ ရွေးကောက်ပွဲများအပြီးတွင် HDZ (Hrvatska demokratska zajednica, ခရိုအက် ဒီမိုကရက်တစ်သမဂ္ဂ) က Hrvatski narodni sabor ဟု အမည်ရသည့် (HNS, ခရိုအက် အမျိုးသားကွန်ဂရက်) ကို ကျင်းပခဲ့ပြီး အပြိုင်အစိုးရတစ်ရပ်အဖြစ် ပြည်နယ်များအကြားနှင့် မြူနီစီပယ်များအကြား ကောင်စီတစ်ခုကို (Međužupanijsko-međuopćinsko vijeće) တည်ထောင်ခဲ့သည် (Grandits ၂၀၀၇- ၁၁၈)။ ယင်း ကောင်စီအား မတ်လ ၇ ရက်နေ့တွင် အဆင့်မြင့်ကိုယ်စားလှယ်က ဘော့စနီးယားသမ္မတရုံး၏ ခရိုအက် ကိုယ်စားလှယ် (Ante Jelavić) ကို ရာထူးမှ ဖယ်ရှားခဲ့ပြီးနောက် ရက်အနည်းငယ်အတွင်းတွင် ဖျက်သိမ်းခဲ့ကာ Hercegovačka Banka အား နေတိုး၏ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ (SFOR) က ထိန်းချုပ်ခဲ့ပြီး HDZ နှင့် ကိုယ်ပိုင်အစိုးရတို့နှင့် နီးကပ်စွာ ဆက်စပ်နေသည် (Bieber ၂၀၀၁- ၁- ၂)။ သို့တိုင် ၂၀၁၀ ပြည့်နှစ်တွင် ခရိုအက်များသည် ခရိုအက်အမျိုးသားအစည်းအရုံးကို ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ပ ကိုယ်စားပြု အင်စတီကျူးရှင်းတစ်ခုအဖြစ် ပြန်လည်ဖွဲ့စည်းခဲ့သည် (Kivimäki, Kramer and Pasch ၂၀၁၂- ၂၇)။ သို့ရာတွင် ယခုတစ်ကြိမ်တွင်မူ ယင်း၏ပထဆုံး ညီလာခံတွင် ဘော့စနီးယားရှိ ခရိုအက်များအနေဖြင့် နိုင်ငံတော်အင်စတီကျူးရှင်းများကို ပိတ်ဆို့ရန် အစွန်းရောက်ကြိုးပမ်းမှုများအစား ဘော့စနီးယားရှိ ခရိုအက်များ၏ တန်းတူညီမျှမှုအတွက် ပို၍ ငြင်သာသိမ်မွေ့သည့် ရေရှည်ကြိုးပမ်းမှုတစ်ခုကို အဓိကထားလုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ပြီး အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြောင်းလဲပြင်ဆင်မှုကို ထောက်ခံကြောင်း ထုတ်ပြန်ခဲ့သည် (Krešić ၂၀၁၁)။

နိဂုံးသုံးသပ်ချက်များ

ဘော့စနီးယားတွင် ပေါ်ပေါက်လာနိုင်သည့် ဖက်ဒရယ်စနစ်ဆိုင်ရာပြဿနာများကို ၁၉၉၆ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုတွင် ကြုံတင်တွေ့မြင်ရပြီးဖြစ်သည်။ ဆာ့ဘ်ဒီမိုကရက်တစ်ပါတီ (SDS) မှ B&H သမ္မတ လောင်းဖြစ်သူ Momcilo Krajisnik က RS အား သီးခြားလွတ်လပ်သော နိုင်ငံတစ်ခုဟု ဆိုခဲ့သည်။ HDZ က ဘော့စနီးယား နှင့် ဟာဇီဂိုဗီးနားနိုင်ငံတွင် တန်းတူအခွင့်အရေးများ ရရှိစေရန် တောင်းဆိုခဲ့ပြီး ယင်းတို့၏ လူမျိုးစုသီးခြား ပြည်နယ်အခွဲ Herceg-Bosna ကို ဖျက်သိမ်းရန် ငြင်းဆိုခဲ့သည်။ ထိုစဉ်တစ်ချိန်တည်းတွင် SDA (Stranka demokartske akcija, ဒီမိုကရက်တစ်လှုပ်ရှားမှုပါတီ) မှ သြဇာလွှမ်းမိုးသည့် B&H သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ပရှိ တည်ဆောက်မှုပုံသဏ္ဌာန်များမှာမူ ဆက်လက်တည်ရှိနေဆဲဖြစ်သည် (Gromes ၂၀၁၀- ၃၆၈)။ ယနေ့အခါတွင် ဘော့စနီးယားသည် မည်သည်ဖြစ်ကြောင်း သဘောတူညီထားမှုမရှိပေ။ သို့ရာတွင် ယင်းထက် စိုးရိမ်ပူပန်ဖွယ်မှာ ဖက်ဒရယ်စနစ်၏ အခြေခံ သဘောတရားအပေါ် ဘော့စနီးယန်း ထိပ်သီးလူနည်းစုများမှ အလွဲသုံးစားပြုနေကြခြင်း ဖြစ်သည်။ ဆာ့ဘ်များက ယင်းတို့ ၏ သီးခြားစီတည်ရှိသောအစု (Entity) ကို အဓိကသတ်မှတ်ချက်စံများအဖြစ် အသုံးပြုကာ ဗဟိုအစိုးရကို မသိကျိုးကျွံ ပြုနေပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပိုမိုရရှိရေးနှင့် နောက်ဆုံး ခွဲထွက်ရေးအထိပါ တောင်းဆိုရာတွင် အသုံးချရန်အတွက် ဖက်ဒရယ်စနစ်ကို တမင်တကာ လွဲမှားစွာအဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ဘော့စနီးယားနိုင်ငံရှိ ခရိုအက်များကမူ ဖက်ဒရယ် စနစ်အား ကိရိယာတစ်ခုအဖြစ် အသုံးချကာ တတိယသီးခြားစီတည်ရှိသောအစု (Entity) တစ်ခု တောင်းဆိုလိုကြပြီး ဘော့စနီးယက်များကမူ ဒေသန္တရဝါဒ အယူအဆအကြောင်း ဆွေးနွေးကြသော်လည်း ဒေသန္တရဝါဒနှင့် ဖက်ဒရယ်စနစ် ကြားတွင် ခွဲခြားအသိအမှတ်ပြုခြင်းမရှိသေးပေ (Keil ၂၀၁၃- ၁၅၃)။ ထို့ကြောင့် ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနားတွင် စစ်ပွဲအလွန် ပထမဦးဆုံး ရွေးကောက်ပွဲကျင်းပခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ် ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ပြောင်းလဲမှုဟူ၍ တိတိပပမရှိသေးဘဲ လွန်စွာဟန်ချက်ကင်းမဲ့နေပြီး တည်ဆောက်ထားပုံကောင်းမွန်ခြင်းမရှိသည့် ဖက်ဒရေးရှင်းတစ်ခု ဖြစ်နေဆဲဖြစ်သည်။

Further Reading

Bieber, F. (2006), *Post-War Bosnia. Ethnicity, Inequality and Public Sector Governance, Basingstoke, Hampshire: Palgrave Macmillan.*

Keil, S. (2013), *Multinational Federalism in Bosnia. Farnham and Burlington: Ashgate.*

Marković, G. (2012). *Bosanskohercegovacki federalizam. Sarajevo,Beograd: University Press.*

Steiner, Ch, Ademović, N. (2010), *Ustav Bosne i Hercegovine Komentar. Sarajevo: Fondacija Konrad Adenauer Stiftung.*

Bibliography

Banović, D., Gavrić, S. (2010). *Ustavna reforma u Bosni i Hercegovini' Politička misao, 47(2), 159-180.*

Bieber, F. (2001). *' Croat Self-Government in Bosnia – A Challenge For Dayton?' ECMI Brief, 5.*

Bieber, F. (2006), *Post-War Bosnia. Ethnicity, Inequality and Public Sector Governance, Basingstoke, Hampshire: Palgrave Macmillan.*

Bose, S. (2002), *Bosnia after Dayton. Nationalist Partition and International Intervention. New York: Oxford University Press.*

FPI, (2008). *Governance structures in BiH. Capacity, ownership, EU integration, functioning state. Sarajevo: Foreign Policy Initiative BH.*

Golijanin, S. (2011). *'Republika Srpska' in. D. Banović, S. Gavrić (eds.) Drzava, politika i drustvo i Bosni i Hercegovini. Analiza postdejtonskog politickog sistema. Sarajevo: University Press.*

Grandits, H. (2007). *'The Power of 'armchair politicians': Ethnic Loyalty and Political Factionalism among Herzegovinian Croats' in. X. Bougarel, E. Helms, G. Duijzings (eds.) The New Bosnian Mosaic. Identities, Memories and Moral Claims in a Post-War Society. Farnham and Burlington: Ashgate.*

Gromes, T. (2010). *'Federalism as a Means of Peace-Building: The Case of Postwar Bosnia and Herzegovina' Nationalism and Ethnic Politics, 16, 354–374.*

Jokay, Ch. (2001). *'Local Goverment in Bosnia and Herzegovina. Stabilization of Local Governments' in. E. Kandeva (ed.) Local Government and Public Service Reform Initiative. Open Society Institute.*

Kasapović, M. (2005), *'Bosnia and Herzegovina: Consociational or Liberal Democracy?' Politička misao, XLII (5), 3–30.*

Keil, S. (2013), *Multinational Federalism in Bosnia. Farnham and Burlington: Ashgate.*

Kivimäki, T., Kramer, M., and Pasch P. (2012). *The Dynamics of Conflict in the Multi-ethnic State of Bosnia and Herzegovina Country Conflict-Analysis Study. Sarajevo: Friedrich-Ebert-Stiftung.*

Marković, G. (2012). *Bosanskohercegovacki federalizam. Sarajevo, Beograd: University Press.*

Morrison, K. (2011). *'Dayton, Divisions and Constitutional Revisions: Bosnia & Herzegovina at the Crossroads' Balkan Series, 09.*

Omerović, E. (2011). *'Federacija Bosne i Hercegovine' in. D. Banović, S. Gavrić (eds.) Drzava, politika i drustvo i Bosni i Hercegovini. Analiza postdejtonskog politickog sistema. Sarajevo: University Press.*

Sahadzić, M. (2011), *'Priroda politickog sistema u Bosni i Hercegovini' in. D. Banović, and S. Gavrić, (eds.) Drzava, politika i drustvo i Bosni i Hercegovini. Analiza postdejtonskog politickog sistema. Sarajevo: University Press.*

Sebastian-Aparicio, S. (2014). *Post-War State building and Constitutional Reform. Beyond Dayton in Bosnia. Basingstoke: Palgrave Macmillan.*

Steiner, Ch, Ademović, N. (2010), *Ustav Bosne i Hercegovine Komentar. Sarajevo: Fondacija Konrad Adenauer Stiftung.*

50 SHADES OF FEDERALISM

The 50 Shades of Federalism is a project established in October 2017 at Canterbury Christ Church University to help inform debate about many issues related to the topic of 'federalism'. It is a partnership between the Politics and International Relations programme at Canterbury Christ Church University and the Canada Research Chair in Quebec and Canadian Studies (CREQC) at the Université du Québec à Montréal (UQAM) Having identified five main themes – Case Studies, Conflict Resolution, Diversity Management, Policies and Theory – the central aim of this project is to provide succinct, easy accessible, high quality research articles free of charge. The research articles will feature discussions on a number of abstract and historical issues, as well as illuminate some of the contemporary dynamics in debates on federalism.

Hanns Seidel Foundation

Myanmar Office

The Hanns Seidel Foundation (HSF) was established in Munich (Germany) in 1967 and is active in 60 countries worldwide. HSF is working in Myanmar since 1994 and opened a representative office in Yangon in 2012.

It is committed to democracy, peace and development. The practical actions the foundation engages in, focus on standards of human dignity and tolerance, freedom and responsibility, solidarity and sustainability, equality of opportunity and intergenerational justice as well as subsidiarity as a principle of responsibility and structure.

In Myanmar the Hanns Seidel Foundation currently works on:

* Advancement of the Political Dialogue on Federal Reforms and Inclusive Democratic Institutions and Processes
* Better Integration of Myanmar in ASEAN and the International Community
* Improvement of the Regulatory Framework regarding a Responsible and Sustainable Development of Tourism
* A more people-oriented Parliament in Myanmar

ISBN 978-99971-0-510-3